yadanarbonnews.com

# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တော်သလင်းလဆန်း (၂) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (4-9-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၂၇)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို စစ်ဆေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် လမ်းညွှန်မှာကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာဆောင်ရွက်ထားရှိမှုများကို စစ်ဆေးသည်။

ဦးစွာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်က အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များ ပူးပေါင်း၍ နယ်မြေလုံခြုံရေးနှင့် လမ်းတံတားများလုံခြုံရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ KNPP၊ KNDF အဖွဲ့နှင့် PDFအမည်ခံအကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လွိုင်ကော်မြို့နှင့်အခြားမြို့များကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်စဉ် PDF အမည်ခံ အကြမ်းဖက်သမားများ ထံမှ

**စာမျက်နှာ ၁၉ ကော်လံ ၁**



၂၀၂၄ ခုနှစ် စက်တင်ဘာ ၄ ရက်
အယ်ဒီတာ့အာဘော်

## ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ပြည်သူအားလုံးပါဝင်ပေး

သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်သည် အလွန်ကျယ်ပြန့်ပြီး ငွေကုန်ကြေးကျများသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအများစုမှာ ဆယ်နှစ်လျှင် တစ်ကြိမ်သာ သန်းခေါင်စာရင်း ကောက်ယူသည်ကို တွေ့ရသည်။ လူတစ်ဦးချင်းစီနှင့်သက်ဆိုင်ပြီး မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သည့်အတွက် မှတ်ပုံတင်စာရင်းအင်းအချက်အလက်များပြည့်စုံသော ဖွံ့ဖြိုးပြီးနိုင်ငံများတွင် သန်းခေါင်စာရင်းကို ပုံမှန်ကောက်ယူလေ့ရှိသည်ကို လေ့လာတွေ့ရှိရသည်။

သန်းခေါင်စာရင်းကရရှိသောအချက်အလက်များသည် လူဦးရေစုစုပေါင်းကိုသာ ဖော်ပြခြင်းမဟုတ်ဘဲ နိုင်ငံအတွင်းရှိနေသူများ၏ အသက်အရွယ်အပိုင်းအခြားအလိုက်၊ ကျား၊ မ အလိုက် ရရှိနိုင်သည့် လူမှုစီးပွားရေးဆိုင်ရာကဏ္ဍများနှင့်သက်ဆိုင်သော အချက်အလက်များ၊ အိမ်အကြောင်းအရာများကိုပါ သိရှိနိုင်မည်ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူခြင်းဖြင့် နိုင်ငံ၏ လူဦးရေအခြေအနေ၊ နေထိုင်မှုပုံစံများကို တိတိကျကျသိရှိနိုင်မည်ဖြစ်ပြီး ရရှိလာသောအချက်အလက်များကို နိုင်ငံ့အမျိုးသားအကျိုးစီးပွားကို ပိုမိုထိရောက်စွာ စီမံဆောင်ရွက်အကောင်အထည်ဖော်ရာတွင် အသုံးပြုနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူသည့်လုပ်ငန်းစဉ်ကို လာမည့် အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ၎င်းနိုင်ငံက ထုတ်ပြန်ထားသောလူဦးရေနှင့် လူမှုစီးပွားဆိုင်ရာစာရင်းအင်းအချက်အလက်များကို ဆန်းစစ်လေ့လာခြင်းဖြင့် သိရှိနိုင်သည်။ နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များတွင် ကဏ္ဍအလိုက် အချိုးညီညီဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောမူဝါဒချမှတ်ခြင်း၊ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံအဖြစ်အသုံးပြုရသည့် လူဦးရေဆိုင်ရာကိန်းဂဏန်းအချက်အလက်များကို သန်းခေါင်စာရင်းမှရရှိနိုင်မည်ဖြစ်သည်။ သန်းခေါင်စာရင်းရလဒ်သည် နိုင်ငံအတွက် အရေးပါသောအချက်အလက်များဖြစ်သကဲ့သို့ နိုင်ငံအတွင်းနေထိုင်သူနိုင်ငံသားတစ်ဦးချင်းအတွက်လည်း အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည်။ အိမ်ထောင်စုအဖွဲ့အစည်းတိုင်းကို စာရင်းကောက်များက အိမ်တိုင်ရာရောက်လာရောက်မေးမြန်းမည့် မေးခွန်းတိုင်းအပေါ်တွင် စိုးရိမ်ကြောင့်ကြစိတ်ကင်းစွာဖြင့် အမှန်အတိုင်း အမှားအယွင်းမရှိ ဖြေကြားကြရန်လိုအပ်ပြီး ထိုသို့ဖြေကြားလိုက်သည့် ပြည်သူများ၏ ကိုယ်ရေးအချက်အလက်များကို သန်းခေါင်စာရင်းအတွက် ထုတ်ပြန်ထားသော ၂၀၁၃ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေက လုံခြုံမှုအကာအကွယ်ပေးသွားမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်းလျှောက်လှမ်းနိုင်မှုအတွက် အရေးပါသည့်လုပ်ငန်းစဉ်ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူခြင်းရလဒ်ကို လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် မဲစာရင်းတိကျမှန်ကန်စေရေးတွင် အသုံးပြုနိုင်မည်ဖြစ်ရာ သန်းခေါင်စာရင်းလုပ်ငန်းစဉ်များတွင် ပါဝင်သူတိုင်းနှင့် ပြည်သူတစ်ရပ်လုံးက အလေးထားဆောင်ရွက်ကြရန်လိုသည်။

လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်စွာရရှိခြင်းအားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏လူမှုစီးပွားဘဝမြင့်မားရေးများကို ထိထိရောက်ရောက် ဆောင်ရွက်သွားနိုင်မည့် သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကို နိုင်ငံတော်၏အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ်ခံယူပြီး သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြည်သူတစ်ရပ်လုံးတက်ကြွစွာပူးပေါင်းပါဝင်ခြင်း၊ စာရင်းကောက်သူများ မေးမြန်းသည့်မေးခွန်းများကို မှန်ကန်ပြည့်စုံစွာဖြေဆိုခြင်းဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်လိုအပ်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

## ယင်းမာပင်ခရိုင်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၁၅၈၅ ဧက စိုက်ပျိုးသွားမည်

**ယင်းမာပင် စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် လာမည့် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဂျုံ ၁၅၈၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဂျုံစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၁၃၁ ဧက၊ ကနီမြို့နယ်တွင် ၂၂၉ ဧက၊ ပုလဲမြို့နယ်တွင် ၂၂၅ ဧက စုစုပေါင်း ၁၅၈၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ယင်းမာပင်ခရိုင်အတွင်း ဂျုံကေ ၁၅၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားမယ်။ ဂျုံကို စီးပွားဖြစ်စိုက်ပျိုးကြဖို့အတွက်လဲ ဆောင်ရွက်ပေးသွားမယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ဂျုံစိုက်တောင်သူများကို ဂျုံအထွက်နှုန်းကောင်းရန်၊ ဈေးကွက်ရရှိရန် စိုက်ပျိုးနည်းစနစ်နည်းပညာပေးခြင်း၊ ပိုးမွှားကာကွယ်နှိမ်နင်းရန် နည်းပညာပေးခြင်း၊ မြေဆီလွှာအာဟာရဖွံ့ဖြိုးတိုးတက်ရန် နည်းပညာပေးခြင်းတို့ကို သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

## မန္တလေးပဲ၊နှမ်းဈေးကွက်တွင် ကုလားပဲနှင့် ပဲကြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



**မန္တလေး စက်တင်ဘာ ၃**

မန္တလေး ပဲ၊နှမ်းဈေးကွက်တွင် ကုလားပဲနှင့်ပဲကြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ပြောင်း၊နှမ်းစသည့်ကုန်စည်များထဲတွင် ကုလားပဲနှင့်ပဲကြီးအမျိုးအစားမှာ ပြည်တွင်းဈေးကွက်အတွင်း ပုံမှန်အတိုင်းသာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခုလက်ရှိတွင် ကုလားပဲနှင့် ပဲကြီးအမျိုးအစားများကို ကုန်သည်များက ဝယ်ယူမှုပြန်လည်များပြားလာပြီး အရောင်းအဝယ်မှာလည်း ပြန်လည်ကောင်းမွန်ခဲ့ကြောင်း သိရသည်။

"မန္တလေးကုန်စည်ဒိုင်မှာတော့ ကုလားပဲနဲ့ပဲကြီးတွေ အရောင်းအဝယ် ပြန်ဖြစ်နေတဲ့ အပြင် အခြား ဂျုံ၊ တရုတ်ပဲကြီး စတဲ့ကုန်စည်တွေလဲ ဈေးကွက်ထဲမှာအရောင်းအဝယ်ပြန်ပြီး ကောင်းနေတယ်။ ကျန်တဲ့ပြောင်း၊ ပဲတီစိမ်း စတဲ့ကုန်စည်တွေကတော့ ပုံမှန်အတိုင်းပဲအရောင်းအဝယ်ဖြစ်နေပါတယ်"ဟု အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း စက်တင်ဘာ ၂ ရက် ပေါက်ဈေးအရ ကုလားပဲ(V2) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၅၀၀၀၊ ကုလားပဲ(V7) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၈၅၀၀၀၊ ကုလားပဲ(TW) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ်၂၈၅၀၀၀၊ ကုလားပဲ(929) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၉၃၀၀၀၊ ပဲကြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း စက်တင်ဘာ ၂ ရက် ပေါက်ဈေးအရ နှမ်းနက်(စမုန်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၆၅၀၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) မှ သိရသည်။

(၁၈၄)

## ဟိုင်းကြီးကျွန်းမြို့တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၄၆၃ ဧက စိုက်ပျိုးပြီးစီး

**ငပုတော စက်တင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၄၆၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၄၆၃ ဧကလျာထားပြီး ယခုနှစ် ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဟင်းသီးဟင်းရွက်သီးနှံစုံ ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ဟင်းသီးဟင်းရွက်သီးနှံစုံ ၄၆၃ ဧက စိုက်ပျိုးရာတွင် ငရုတ်၊ ပန်းဂေါ်ဖီ၊ နံနံ၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်း၊ ဘူး၊ သခွားသီး၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန် စသည့်သီးနှံများကို အများဆုံးစိုက်ပျိုးခဲ့ကြောင်း သိရသည်။

''ဟိုင်းကြီးကျွန်းမြို့အနေနဲ့ အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဟင်းသီးဟင်းရွက်စုံ ၄၆၃ ဧကထိ လျာထား စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ လျာထားဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့က မိုးသီးနှံတွေလျာထားချက် ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့နဲ့ မိုးသီးနှံတွေ အားလုံးအတွက် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေကို အချိုးကျအသုံးပြုတတ်စေဖို့၊ စိုက်ပျိုးထားတဲ့သီးနှံတွေကို ပိုးမွှားမကျရောက်စေဖို့ စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းတွေက အဖွဲ့တွေခွဲပြီး မြေပြင်ထိ ကြိုတင်ကွင်းဆင်းပြီး နည်းပညာပေးလုပ်ငန်းတွေ၊ တောင်သူအသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးထားပါတယ်''ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံအပါအဝင် မိုးသီးနှံများ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စသည့်ဌာနများ၊ အဖွဲ့အစည်းများက ဒေသခံတောင်သူများနှင့်ပူးပေါင်းဆောင်ရွက် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၂၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၉၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိတ္ထီလာမြို့နယ် သီးကုန်းကျေးရွာ၌ VDP စီမံကိန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မိတ္ထီလာ စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သီးကုန်းရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူများ ထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မျိုးလွင်နှင့် ခရိုင်၊ မြို့နယ်ဝန်ထမ်းများက ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ရေသန့်စင်စနစ် ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ သီးကုန်းကျေးရွာ၌ အရှည်ပေ ၅၂၀၊ အကျယ် ၁၂ ပေ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းတို့ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာနေပြည်သူထည့်ငွေကျပ် ၄၃ သိန်း စုစုပေါင်းငွေကျပ် ၁၉၃ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇူလိုင်လ တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၁၉ လမ်းနှင့် ၈၈ လမ်းထောင့်နေ ဦးအုန်းမောင်-ဒေါ်သိန်းကြည်၊ ဦးကျော်ညွန့်-ဒေါ်လှသီ မိသားစုတို့က ဆွမ်း/ဆေးပဒေသာပင် အတွက် အလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီး ကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုခမ္မမဏိဇောတရေ ဦးစိုးလင်း၊ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# မော်လိုက်ခရိုင်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာသီးနှံ ဧက ၈၀၀၀ စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**မော်လိုက် စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် လာမည့် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာသီးနှံ ဧက ၈၀၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်ခရိုင်တွင် လာမည့် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာသီးနှံစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ၅၅၆၄ ဧကနှင့်ဖောင်းပြင်မြို့နယ်တွင် ၂၄၃၆ ဧက စုစုပေါင်း ဧက ၈၀၀၀ တို့ဖြစ်ကြောင်း သိရသည်။

"မော်လိုက်ခရိုင် လာမဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာသီးနှံ ဧက ၈၀၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမှာပါ။ ပြည်ပမှတင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ရေးအတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးသွားမှာပါ။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် များပါတယ်"ဟု မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အချိန်မြင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်ထံမှ သိရသည်။

ယခုနှစ် မော်လိုက်ခရိုင်တွင် နေကြာသီးနှံစိုက်ပျိုးမည့်တောင်သူများကို မျိုးစေ့များထောက်ပံ့ပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသော ဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီမံထားခြင်း၊ ထွက်ရှိလာသောနေကြာမျိုးများကိုတောင်သူမှ တောင်သူဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

**(၂၀၆)**

# သာစည်မြို့နယ် ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**သာစည် စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန်ကျည်းခွကျေးရွာအုပ်စု ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသောလုပ်ငန်းများကို စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ချောင်းစောက်ရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားများပြည့်စုံမှုရှိ၊ မရှိစစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါဘုန်းတလုတ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၉ ဦး ကို ငွေကျပ် ၂၂ ဒသမ ၉၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၇ ဒသမ ၇၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦးကို ငွေကျပ် ၂၄ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၈ ဦးကို ငွေကျပ် ၅၅ ဒသမ ၄ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကွမ်းရွက် ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် စက်တင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ကွမ်းရွက်ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ ကွမ်းရွက်နှင့် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက ကွမ်းရွက်ပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ကွမ်းရွက်ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် ကွမ်းရွက်များသည် အရည်အသွေးကောင်းမွန်ပြီး လူကြိုက်များကြောင်း သိရသည်။

''ကျိုက်လတ်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို လယ်ယာထွက်ကုန်တွေ၊ ခြံထွက်ကုန်တွေ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လ တစ်လအတွင်းမှာတော့ ရန်ကုန်ဈေးကွက်ဘက်ကို ဒေသထွက် ကွမ်းရွက်ပိဿာချိန် ၈၀၀၀၀ ထိကို တင်ပို့ရောင်းချခဲ့ရတယ်။ ဒေသထွက်ကွမ်းရွက်တွေ ဝယ်ယူမှု အားကောင်းလာတဲ့အတွက် ကွမ်းစိုက်တဲ့လုပ်ငန်းရှင်တွေ အဆင်ပြေနေပါတယ်''ဟု ကျိုက်လတ် မြို့နယ်မှ ကွမ်းရွက်နှင့် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသည့် ဒေသထွက်ကွမ်းရွက်များကို စနစ်တကျ ရွေးထုတ်သန့်စင်ပြီး ခြင်းများဖြင့်ထည့်ပြီး ရန်ကုန် ဈေးကွက်အပြင် မအူပင်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဒေသထွက် ကွမ်းရွက် ၁၀ ပိဿာလျှင် ငွေကျပ် ၁၉၅၀၀၀ ထိ ဈေးပေါက်နေကြောင်း ကျိုက်လတ်မြို့နယ်မှ ကွမ်းရွက်နှင့် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်ထံမှ သိရသည်။

**ကျော်ကျော်လင်း**



# ပွင့်ဖြူမြို့နယ်ရှိ လယ်ကိုင်းရုပ်စုံကျောင်း

မောင်သာ(ရှေးဟောင်းသုတေသန)

ထေရဝါဒဗုဒ္ဓဘာသာကို သမိုင်းစဉ်ဆက်ကိုးကွယ်ခဲ့သည့် မြန်မာနိုင်ငံ၏ယဉ်ကျေးမှုတွင် ဗုဒ္ဓဘာသာနှင့် ဆက်နွှယ်မှုများစွာရှိခဲ့သည်။ ထို့ကြောင့် နိုင်ငံအနှံ့၌ စေတီပုထိုးများအပါအဝင် သာသနိကအဆောက်အအုံများ အများအပြားတည်ရှိနေခဲ့ပြီး ယခုတိုင်လည်း များစွာတည်ရှိနေဆဲဖြစ်သည်။ ဗုဒ္ဓဘာသာဆိုင်ရာ သာသနိကအဆောက်အအုံများတွင် ဘုရား၊ ပုထိုး၊ စေတီ၊ သိမ် စသည်တို့အပြင် ရဟန်းသံဃာများ သီတင်းသုံးသည့်ကျောင်းများလည်း အပါအဝင်ဖြစ်ပေသည်။

ခေတ်အဆက်ဆက်တွင် မြန်မာနိုင်ငံ၌ သစ်သားဖြင့်တည်ဆောက်ခဲ့သည့် ဘုန်းတော်ကြီးကျောင်းများအနက် ရုပ်စုံကျောင်းများကို ဗုဒ္ဓဖြစ်တော်စဉ်များ၊ ငါးရာ့ငါးဆယ့်နိပါတ်တော်လာဇာတ်ခန်း သရုပ်ဖော်ရုပ်လုံး၊ ရုပ်ခုံး၊ ရုပ်ကြွများဖြင့် အလှဆင်ခဲ့ကြသည်။ ထိုရုပ်စုံကျောင်းများသည် ယခုအချိန်တွင် များစွာမကျန်ရှိတော့သော်လည်း မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ လယ်ကိုင်းရုပ်စုံကျောင်းသည် သုတေသီများစိတ်ဝင်စားသည့် မြန်မာမှုလက်ရာ သစ်သားအဆောက်အအုံတစ်ခုအဖြစ်ထင်ရှားခဲ့သည်။

**ပွင့်ဖြူမြို့နယ်၏ သမိုင်းနောက်ခံ**

ပွင့်ဖြူမြို့နယ်သည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်တွင်ပါဝင်၍ စန္ဒကူးကျောင်းတော်ရာကြောင့် ထင်ရှားသည်။ ပွင့်ဖြူမြို့နယ် ကျောင်းတော်ရွာကျေးရွာအုပ်စု၌ ဂေါတမဘုရားရှင်လက်ထက်တွင် စန္ဒကူးကျောင်းကြီးရှိခဲ့သည်ဟု ယုံကြည်ကြရာ ထိုကျောင်းတော်ကြီးကို မဟာပုဏ္ဏမထေရ်၏ညီ စူဠပုဏ္ဏသူကြွယ်နှင့် ဝါဏိဇ္ဇရွာသားကုန်သည် ငါးရာတို့က တည်ဆောက်၍ ဘုရားရှင်အားလှူဒါန်းခဲ့သည်ဟု အစဉ်အဆက်လက်ခံထားကြသည်။

ပွင့်ဖြူမြို့သည် မကွေးမြို့မှ အနောက်မြောက်ဘက်ယွန်းယွန်းသို့ ၂၃ မိုင်အကွာတွင်တည်ရှိ၍ မော်တော်ကား၊ မော်တော်ဆိုင်ကယ်တို့ဖြင့် အလွယ်တကူသွားရောက်နိုင်သည်။

သမိုင်းမှတ်တမ်းများအရ ကောဇာသက္ကရာဇ် ၄၅၈ ခုနှစ်တွင် မဏိစည်သူမင်းက လယ်ကိုင်းမြို့ကို တည်ထောင်၍ မြို့စား၊ ရွာစား၊ သူကြီး၊ ကလန်၊ သံဗျင်များခန့်အပ်၍ အပိုင်စားပေးကာ အုပ်ချုပ်စေခဲ့သည်။ လယ်ကိုင်းဒေသသည် ရှေးအခါက သုနာပရန္တတိုင်း၌ပါဝင်၍ ပုဂံခေတ်မှကုန်းဘောင်ခေတ်အထိထင်ရှားခဲ့သည်။ ကုန်းဘောင်ခေတ်တွင် ကင်းဝန်မင်းကြီး ဦးကောင်းသည် လယ်ကိုင်းမြို့စားဖြစ်ခဲ့ဖူးသည်။

ပွင့်ဖြူသည် စတင်တည်ထောင်ချိန်က ရွာငယ်များစုစည်းထားသည့် နေရာတစ်ခုသာဖြစ်၍ သက္ကရာဇ် ၆၅၆ ခုနှစ်ထိ လယ်ကိုင်းမြို့စား၏ အုပ်ချုပ်မှုအောက်တွင်ရှိခဲ့သည်။ ပွင့်ဖြူတွင်ရှိသည့် သံသတ်ကုန်းရွာ၊ အလယ်စုရွာ၊ သရက်ကုန်းရွာ၊ လက်ပံခုံရွာနှင့် ဝွေ့ရွာတို့သည် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ပြီး မြို့တည်ထောင်ရန်အနေအထားများကောင်းမွန်သဖြင့် ခရစ်နှစ် ၁၈၉၁ ခုနှစ်တွင် ထိုရွာငါးရွာကိုပေါင်းစည်းပြီး ပွင့်ဖြူမြို့ကိုတည်ထောင်ခဲ့ကာ လယ်ကိုင်းမြို့အုပ် ဦးဘိုးဆောင်းသည် မြို့အုပ်ရုံးကို လယ်ကိုင်းမှ ပွင့်ဖြူသို့ ပြောင်းရွှေ့ခဲ့သည်။ ယခုအခါတွင် လယ်ကိုင်းသည် ကျေးရွာအုပ်စု အဆင့်မျှသာရှိတော့၍ စကုမြို့နှင့် ပွင့်ဖြူမြို့ကြားတွင် တည်ရှိကာ ပွင့်ဖြူမြို့မှ ၇ မိုင် နှင့် စကုမြို့မှ ၁၆ မိုင်ကွာဝေးသည်။

လက်ပံခုံရွာ၏ အရှေ့တောင်ဘက် မုန်းချောင်းအနီးတွင်ပေါက်ရောက်နေသည့် ကြီးမားသော လက်ပံပင်သည် သမားရိုးကျအပွင့်များမပွင့်ဘဲ ထူးခြားသည့် ဖြူဖွေးလှပသည့် အဖြူရောင်အပွင့်များသာပွင့်သဖြင့် ထိုအပင်ကြီးကိုအစွဲပြုလျက် ပွင့်ဖြူဟု အမည်တွင်ခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာနသည် ၁၉၇၂ ခုနှစ် ဇွန်လ ၁၉ ရက်တွင် ပွင့်ဖြူကို မြို့အဖြစ်သတ်မှတ်ခဲ့ကာ ပွင့်ဖြူမြို့နယ်ကို ရပ်ကွက် (၄) ရပ်ကွက်၊ ကျေးရွာအုပ်စု (၅၂)အုပ်စု၊ ကျေးရွာ (၂၀၄)ရွာဖြင့် ဖွဲ့စည်းခဲ့သည်။ လယ်ကိုင်းရုပ်စုံကျောင်းတည်ရှိသည့် လယ်ကိုင်းကျေးရွာအုပ်စုသည် ၂၀၁၄ ခုနှစ် လူဦးရေစာရင်းအရ အိမ်ထောင်စု ၁၀၂၃ စုနှင့် လူဦးရေ ၂၃၅၄ ဦးနေထိုင်ခဲ့သည်။ လယ်ကိုင်းတွင် အစိုးရအထက်တန်းကျောင်းနှင့် ကျေးလက်ကျန်းမာရေးဌာနကို ဖွင့်လှစ်ထားသည်။



လယ်ကိုင်းရုပ်စုံကျောင်းကို တွေ့ရစဉ်။

လက်ရှိပွင့်ဖြူမြို့နယ်သည် အရှေ့မှအနောက်သို့ မိုင် ၅၀ နှင့် တောင်မှမြောက်သို့ မိုင် ၂၀ ရှည်လျား၍ ၄၇၁ ဒသမ ၀၄၁ စတုရန်းမိုင်ကျယ်ဝန်းသည်။ ပွင့်ဖြူမြို့နယ်သည် အရှေ့ဘက်တွင် ရေနံချောင်းမြို့နယ်၊ တောင်ဘက်တွင် မင်းဘူး(စကု)မြို့နယ်၊ အနောက်ဘက်တွင် စေတုတ္တရာမြို့နယ်နှင့် ငဖဲမြို့နယ်၊ မြောက်ဘက်တွင် စလင်းမြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ်နေသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလကုန်တွင် ထုတ်ပြန်သည့် စာရင်းများအရ ပွင့်ဖြူမြို့နယ်၏ လူဦးရေသည် ၁၈၅၀၃၀ ဦးဖြစ်သည်။ ကျောင်းတော်ရာကြောင့် ထင်ရှားသည့် ပွင့်ဖြူမြို့နယ်၌ လက်ရှိအချိန်တွင် ဘုရား စေတီကြီးငယ် စုစုပေါင်းအဆူ ၁၀၂၅ ဆူရှိသည်။ ထို့အတူ ဘုန်းကြီးကျောင်း ၃၂၅ ကျောင်းရှိရာ လယ်ကိုင်းရှိ ရုပ်စုံကျောင်းနှင့် ဘားဝပ်ကျောင်းတို့သည် အထင်ရှားဆုံးဖြစ်သည်။

လယ်ကိုင်းရုပ်စုံကျောင်းကို ဦးအန်ထော်နီက တည်ဆောက်ခဲ့၍ ဘားဝပ်ကျောင်းကို လယ်ကိုင်းမြို့မှ ချမ်းသာပတော့ဘွဲ့ခံ ဦးထွန်းဦးက တည်ဆောက်ခဲ့ပြီး ဦးအန်ထော်နီက ပြန်လည်ပြုပြင်ခဲ့သည်။ ဦးထွန်းဦးသည် ဦးအန်ထော်နီ၏ မိခင် ဒေါ်မယ်နိုင်၏ အစ်ကိုဖြစ်သည်။

**မြန်မာ့ဗိသုကာလက်ရာ ဘုန်းကြီးကျောင်းများ**

မြန်မာနိုင်ငံအတွင်း၌ ခမ်းနားထည်ဝါစွာတည်ရှိခဲ့သည့် မြန်မာ့ဗိသုကာလက်ရာဘုန်းကြီးကျောင်းအများစုကို ဘုရင်နှင့် တော်ဝင်မိသားစုများ၊ ဝန်ကြီးနှင့် မှူးမတ်များ၊ သူဌေးသူကြွယ်များကတည်ဆောက်၍ သာသနာပိုင်အပါအဝင် ထင်ရှား၍ ဩဇာတိက္ကမကြီးမားသည့် ဆရာတော်ကြီးများကို တင်လှူခဲ့ကြသည်။

ကုန်းဘောင်ခေတ်နှင့် ကိုလိုနီခေတ်တွင် အုတ်ဖြင့် တည်ဆောက်ခဲ့သည့် အဆောက်အအုံများက ကျန်ရှိခဲ့သော်လည်း သစ်သားဖြင့်တည်ဆောက်ခဲ့သည့် အဆောက်အအုံအများစုသည် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးပျောက်ကွယ်ခဲ့ကြသည်။ ကျန်ရှိနေသည့် သစ်သားဘုန်းကြီးကျောင်းများကို မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးထိန်းသိမ်းထားနိုင်ခဲ့ကြသည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီးစာအုပ်တွင် ကုန်းဘောင်ဆက်ဘုရင်များဖြစ်သည့် အလောင်းမင်းတရားကြီးဦးအောင်ဇေယျ၊ နောင်တော်ကြီး၊ မြေဒူးမင်း၊ ဗဒုံမင်း၊ စစ်ကိုင်းမင်း၊ သာယာဝတီမင်း၊ ပုဂံမင်း၊ မင်းတုန်းမင်းနှင့် သီပေါမင်းတို့သည် ဘုန်းတော်ကြီးကျောင်းများကို တည်ဆောက်လှူဒါန်းခဲ့ကြကြောင်း ဖော်ပြထားသည်။

မြန်မာဗိသုကာပညာရှင်များ ပုံစံထုတ်ကာ တည်ဆောက်ခဲ့သည့် ဘုန်းကြီးကျောင်းများကို မြန်မာမှု၊ မြန်မာ့ဟန်ဖြင့်သာ တည်ဆောက်မွမ်းမံခဲ့ကာ ပန်းပုရုပ်များဖြင့် အလှဆင်ထားသည့် သစ်သားကျောင်းများသည် ရုပ်စုံကျောင်းများဟုထင်ရှားခဲ့သည်။

ရှေးကတည်ဆောက်ခဲ့သည့် ဘုန်းကြီးကျာင်းများတွင် မြန်မာမှုဗိသုကာလက်ရာဘုန်းကြီးကျောင်းများက အများစုဖြစ်သော်လည်း မန္တလေးမြို့၌ ကင်းဝန်မင်းကြီးဦးကောင်း တည်ဆောက်ခဲ့သည့် သာကဝန်သစ်သားကျောင်းနှင့် ယောအတွင်းဝန် ဦးဘိုးလှိုင် တည်ဆောက်ခဲ့သည့် ယောအတွင်းဝန် အုတ်ကျောင်းတို့သည် ဥရောပဟန်နှင့် မြန်မာဟန်ရောထားသည့် လက်ရာများဖြစ်ကြသဖြင့် မြန်မာ့ဗိသုကာလက်ရာစစ်စစ် ဘုန်းကြီးကျောင်းများနှင့် ဖွဲ့စည်းတည်ဆောက်ပုံမတူညီချေ။

အထူးသဖြင့် ကုန်းဘောင်ခေတ်တွင် သစ်ဖြင့် တည်ဆောက်ခဲ့သည့် ဘုန်းကြီးကျောင်းအဆောက်အအုံများသည် မြေစိုက်တစ်ထပ်အဆောက်အအုံများသာဖြစ်၍ ကျောင်းအဆောင်များကို ပြာသာဒ်ဆောင်၊ စနုဆောင်၊ ဆောင်မကြီးနှင့် ဘောဂဆောင်တို့ဖြင့်ဖွဲ့စည်းကာ ကျောင်းပေါ်သို့တက်ရန် သရက်ကင်းအုတ်လှေကားများတပ်ဆင်သည်။

ဘုန်းကြီးကျောင်း၏ ခေါင်းရင်းဘက်အစွန်ဆုံး အဆောက်ကို ပြာသာဒ်ဆောင်ဟုခေါ်ဆို၍ ပြာသာဒ်ဆောင်ပေါ်၌ ပြာသာဒ်အဆင့်များကို ငါးဆင့်၊ ခုနစ်ဆင့်(သို့မဟုတ်) ကိုးဆင့် တင်ထားလေ့ရှိသည်။ သို့သော် ပြာသာဒ်ဆောင်တွင် ဘုံဆင့် ခုနစ်ဆင့်ကိုသာ အများဆုံးတင်ကြသည်။ ပြာသာဒ်ဆောင်၏ ခေါင်းရင်းတွင် ဘုရင်၊ မိဖုရားနှင့် ဆရာတော်များသာ အတက်အဆင်းပြုရသည့် လှေကားတစ်ခုကို တပ်ဆင်ထားလေ့ရှိသည်။ ပြာသာဒ်ဆောင်တွင် ဘုရားပလ္လင်နှင့် ဗုဒ္ဓဆင်းတုတော်ကိုထားရှိသည်။

ကျောင်းထိုင်ဆရာတော်သည် ပြာသာဒ်ဆောင်နှင့်ဆောင်မကြီး၌ သီတင်းသုံးနေထိုင်၍ ထိုအဆောင်နှစ်ခုကိုဆက်ထားသည့် အဆောင်သည် စနုဆောင်ဖြစ်သည်။ ကျောင်းထိုင်ဆရာတော်သည် အာဂန္တုဧည့်သည် ရဟန်းသံဃာများကို စနုဆောင်၌ ဧည့်ခံတွေ့ဆုံသည်။

ဆောင်မကြီးသည် ဘုန်းကြီးကျောင်း၏ အဓိကအဆောင်ဖြစ်၍ ဆောင်မကြီးပေါ်၌ လည်ပေါ်တင်ထားလေ့ရှိရာ နှစ်ထပ်လည်ပေါ်တည်ဆောက်ထားလျှင် ထားဝယ်ဆောင်၊ သုံးထပ်သို့မဟုတ် လေးထပ်လည်ပေါ် တည်ဆောက်ထားလျှင် ဇေတဝန်ဆောင်ဟုခေါ်ဆိုပြီး ဆောင်မကြီး၏ လည်ပေါ်ကို ငါးထပ်ဆောက်လေ့မရှိချေ။ ဆောင်မကြီး၏ ဘေးပတ်လည်တွင် အပြင်သို့ထုတ်ထားသော အမိုး(စမြင်)ရှိကာ နှစ်ထပ် စမြင်ခံကျောင်း၊ သုံးထပ်စမြင်ခံကျောင်းဟု ခေါ်ဆိုမှုများလည်းရှိသည်။

ဆောင်မကြီးအလယ်ကို မာရဘင်ဖြင့်ကန့်၍ အရှေ့နှင့်အနောက်ပိုင်းခြားကာ အရှေ့မာရဘင်ဆောင်၊ အနောက်မာရဘင်ဆောင်ဟုခေါ်ဆိုသည်။ မာရဘင်သည် ကြမ်းပြင်မှအမိုးအထိ ပိတ်ဆီးထားသော အကာအရံဖြစ်သည်။ မာရဘင်ဆောင်များ၌ နေ့ဘက်တွင် လူပရိသတ်များကိုဧည့်ခံ၍ ညပိုင်းတွင် ရဟန်းသံဃာများ ကျိန်းစက်သည်။ အချို့ဘုန်းကြီးကျောင်းများတွင် အရှေ့မာရဘင်၌ ဥပုသ်စောင့်တရားနာသူများနားခိုကြကာ အနောက်မာရဘင်ဆောင်၌ သက်ကြီးဝါကြီးဆရာတော်များ သီတင်းသုံးသည်။ ဆောင်မကြီး၏ အရှေ့မာရဘင်နှင့် အနောက်မာရဘင်ကိုကူးသန်းရန် မာရဘင်၏ ဝဲယာနှစ်ဖက်၌ အပေါက်နှစ်ပေါက်ဖောက်ထားသည်။ အချို့ကျောင်းများတွင် ၎င်းဝင်ထွက်ပေါက်နှစ်ခုကို တံကဲဖြင့်အလှဆင်ထားသည်။

မာရဘင်၏ ရှေ့ခန်းတွင် တံကဲပါရှိသော ပလ္လင်ကိုထားရှိပြီး နောက်ခန်းတွင် တံကဲမပါသော ပလ္လင်ကိုထားသည်။ ဆောင်မကြီး၏ ဝဲယာနှစ်ဘက်တွင် ရဟန်းသံဃာများနှင့်အမျိုးသားများတက်ဆင်းရန် လှေကားနှစ်စင်းနှင့်အမျိုးသမီးများတက်ဆင်းရန် လှေကားနှစ်စင်းတပ်ဆင်ထားရာ ၎င်းတို့သည် ထုထည်ကြီးမား၍ လှပသောသရက်ကင်းအုတ်လှေကားများဖြစ်ကြသည်။ အချို့ကျောင်းများရှိ သရက်ကင်းလှေကားလက်ရန်းပေါ်တွင် မိကျောင်း၊ နဂါး စသည့် ရေသတ္တဝါရုပ်တုများဖြင့် အလှဆင်သည်။

ဘုန်းကြီးကျောင်း၏ အနောက်ဘက်အဆုံးတွင်ရှိသည့် ဘောဂဆောင်ကို ဆောင်မကြီး၏ ကြမ်းခင်းအောက်သို့ အနည်းငယ်နှိမ့်ထားသည်။ ဘောဂဆောင်တွင် အခန်းသုံးခန်းတွဲရှိ၍ ဘေးဘက်တစ်ခန်းတွင် ပန်းကန်ခွက်ယောက်များထား၍ ကျန်ဘေးခန်းသည် သစ်သီးဝလံများနှင့် စားသောက်ဖွယ်ရာများကို သိမ်းဆည်းသည့် ကျက်သရေဆောင်ဖြစ်သည်။ အလယ်ခန်း၌ ကိုရင်များနေကြသည်။

အချို့ဘုန်းကြီးကျောင်းများတွင် ၎င်းအဆောင်လေးဆောင်အပြင် ခုံးဆောင်တစ်ခုကို ဆောင်မကြီးရှေ့၌ဖြစ်စေ၊ ဆောင်မကြီးနှင့်ဘောဂဆောင်ကြား၌ဖြစ်စေ၊ ဆောင်မကြီးနှင့်စနုဆောင်ကြား၌ဖြစ်စေ သင့်လျော်သည့် နေရာတစ်ခုခု၌ ဆောက်လုပ်သည်။ ခုံးဆောင်တွင် ကျောင်းတွင်တိုးလာသည့် သံဃာများ နေထိုင်ကြရသည်။ ကုန်းဘောင်ခေတ်နှောင်းနှင့် ကိုလိုနီခေတ်ဦးပိုင်း ဘုန်းကြီးကျောင်းတချို့တွင် ဆောင်မကြီးနှင့် ဘောဂဆောင်ကြား၌ ဘောဂစနုဆောင်အမည်ဖြင့် အဆောင်ကူးတစ်ခုကို ထားရှိရာ ၎င်းပုံစံကို မန္တလေးမြို့ရှိ ရွှေအင်ပင်ဘုန်းတော်ကြီးကျောင်းတွင် မြင်တွေ့နိုင်သည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်းလည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေ ဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၄၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၄၃၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲဧက ၉၄၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၄၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းတိုင်းဒေသကြီးမှာ မတ်ပဲ ဧက ၉၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလဲ စိုက်ခင်းများထိ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးတွင် ခရိုင်အလိုက် မတ်ပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာခရိုင်တွင် ၁၇၁၇ ဧက၊ ရွှေဘိုခရိုင်တွင် ၂၈၉ ဧက၊ ရေဦးခရိုင်တွင် ဧက ၁၃၀ ဧကနှင့် စစ်ကိုင်းခရိုင်တွင် ၁၂၉၉ ဧက စုစုပေါင်း ၃၄၃၅ ဧကတို့ဖြစ်ကြောင်း၊ ခရိုင်အလိုက်လျာထားမှုအနေဖြင့် မုံရွာခရိုင်တွင် ဧက ၃၀၅၀၊ ယင်းမာပင်ခရိုင်တွင် ၂၇၅ ဧက၊ ရွှေဘိုခရိုင်တွင် ဧက ၁၂၅၀၊ ရေဦးခရိုင်တွင် ၁၇၁၅ ဧကနှင့် စစ်ကိုင်းခရိုင်တွင် ဧက ၃၁၆၀ စုစုပေါင်း ဧက ၉၄၅၀ တို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးတွင် မတ်ပဲစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးနှင့်အထွက်နှုန်းကောင်းမွန်ရေးတို့အတွက် အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

**လယ်ကိုင်းရုပ်စုံကျောင်း**

ပွင့်ဖြူမြို့နယ်ရှိ လယ်ကိုင်းရုပ်စုံကျောင်းသည် စကုမြို့မှ ခုနစ်မိုင်သာကွာဝေးပြီး ၁၈၉၁ ခုနှစ်ဝန်းကျင်က ကုနီသူကြီးသား ဦးအန်ထော်နီက တည်ဆောက်ခဲ့သည်။ ဦးအန်ထော်နီ၏ဖခင်သည် ကုနီသူကြီးဘိုးရာဘော်ဖြစ်၍ မိခင်ဒေါ်မယ်နိုင်သည် လယ်ကိုင်းမြို့သူကြီး ချမ်းသာပတော့ဘွဲ့ခံ ဘိုးစံပြိုင်နှင့် စလင်းမြို့မှ သူကောင်းမမယ်အုန်း၏သမီးဖြစ်သည်။ ဒေါ်မယ်နိုင်၏အစ်ကိုသည် လယ်ကိုင်းမြို့သူကြီးချမ်းသာပတော့ဘွဲ့ခံ ဦးထွန်းဦးဖြစ်သည်။ ဦးအန်ထော်နီသည် လယ်ကိုင်းမြို့သူကြီးအဖြစ် တာဝန်ယူခဲ့သည်။

ဦးအန်ထော်နီသည် လယ်ကိုင်းရုပ်စုံကျောင်းကို ငွေဒင်္ဂါး ၁၇ တောင်းခွဲ အကုန်အကျခံကာ တည်ဆောက်ခဲ့သည်။ ကျောင်းဆောက်လုပ်နေစဉ် အလုပ်သမားများ နေထိုင်စားသောက်ရန် အလှူရှင်က တာဝန်ယူခဲ့ပြီး ဦးအန်ထော်နီနှင့် ဆွေမျိုးတော်စပ်သူ ကနီသူကြီးက ကျောင်းတည်ဆောက်မည့် ကျွန်းသစ်လုံးများသယ်ဆောင်ရန် ဆင်များကို အခမဲ့ကူညီခဲ့သည်။

လယ်ကိုင်းရုပ်စုံကျောင်းကို ကျွန်းသစ်လုံး ၂၁၄ လုံးဖြင့် တည်ဆောက်ခဲ့ကာ ကျောင်းတွင် အလှဆင်မည့်ပန်းပုရုပ်များ ထုလုပ်ရန် မန္တလေးမြို့မှ ဆရာမှန်ကြီးနှင့် ပန်းပုပညာရှင် ဦးရေ ၂၀ ကို ငှားရမ်းခဲ့သည်။ရုပ်စုံကျောင်းကို ပြာသာဒ်ဆောင်၊ စနုဆောင်၊ ဆောင်မကြီးနှင့် ဘောဂဆောင်တို့ဖြင့် မြန်မာဘုန်းတော်ကြီးကျောင်းအင်္ဂါပြည့်စုံစွာ တည်ဆောက်၍ လှေကားရှစ်စင်းတပ်ဆင်ခဲ့သည်။ ယခုအခါတွင် ပြာသာဒ်ဆောင်နှင့် စနုဆောင်တို့ပြိုကျပျက်စီးနေကာ ဆောင်မကြီးနှင့် ဘောဂဆောင်တို့သာ ကျန်ရှိနေသည်။

ရုပ်စုံကျောင်းပတ်လည်၌ ဗုဒ္ဓဝင်ဖြစ်တော်စဉ်ကို မယ်တော်မာယာ အိပ်မက်မက်မြင်ခန်းမှ ဘုရားပွင့်တော်မူခန်းထိ ရုပ်တုများကို မြောက်ဘက်မှတောင်ဘက်သို့ တိုင်အစဉ်အတိုင်းတပ်ဆင်ခဲ့သည်။ ရုပ်တုတစ်ခုစီ၏အောက်တွင် ဇာတ်ကွက်အမည်များကို ရေးထွင်းထားသည့် သစ်သားပြားများကို တပ်ဆင်ထားသည်။ ကျောင်းပေါ်တွင် မံဘုရားတစ်ဆူကို ယနေ့တိုင်ဖူးတွေ့ကြရသည်။

လယ်ကိုင်းရုပ်စုံကျောင်း၏ ဆောင်မကြီးတွင် ရုပ်စုံကျောင်းသမိုင်းကြောင်း ဗီနိုင်း၊ အလှူရှင် ဦးအန်ထော်နီနှင့် ဇနီး မယ်အန်ထော်နီတို့၏ ပုံတူပန်းချီကို ချိတ်ဆွဲပြသထားသည်။

ဦးအန်ထော်နီသည် ကုနီရွာ၌ကွယ်လွန်ခဲ့ပြီး ကွယ်လွန်သည့် ရက်အတိအကျကိုမသိရှိကြချေ။ သို့သော် ၁၉၁၈ ခုနှစ် ဇွန်လ ၄ ရက် ရက်စွဲဖြင့် ဦးအန်ထော်နီ အိန္ဒိယစစ်ရန်ပုံငွေထည့်သည့် လက်ခံစာအရ ၁၉၁၀ ပြည့်နှစ်နောက်ပိုင်းတွင် ကွယ်လွန်သည်ဟုယူဆကြသည်။

လယ်ကိုင်းရုပ်စုံကျောင်းအလှူရှင် ဦးအန်ထော်နီနှင့်ဆွေမျိုးများ၏အုတ်ဂူများသည် ကျောင်း၏အနောက်ဘက် လယ်ကွင်းစပ်တွင် ယနေ့တိုင်တည်ရှိသော်လည်း ဂူများပတ်လည်၌ ချုံနွယ်များ ထူထပ်စွာပေါက်ရောက်နေသဖြင့် သွားရောက်ကြည့်ရှုရန် အခွင့်မသာခဲ့ပါချေ။

မကွေးတိုင်းဒေသကြီးအတွင်း၌တည်ရှိခဲ့သော မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များအနက် မြန်မာမှုလက်ရာသစ်သားဘုန်းတော်ကြီးကျောင်းများသည် ပျက်စီးယိုယွင်းမှုများရှိနေပြီဖြစ်သည်။ သို့တိုင်အောင် မြန်မာမှုပန်းပုလက်ရာ ရုပ်လုံးရုပ်ကြွများဖြင့် အလှဆင်ထားသည့် လယ်ကိုင်းရုပ်စုံကျောင်းသည်လည်း မြန်မာပညာရှင်များ၏အနုလက်ရာများကို ဂုဏ်ယူဖွယ်ဖော်ညွှန်းလျက်ရှိနေပေသည်။

**ကိုးကား-**

- ပွင့်ဖြူမြို့နယ် ဒေသဆိုင်ရာ အချက်အလက်များ(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)
- စကုဒေသရှိ ရှေးဟောင်းအဆောက်အအုံများ(ယဉ်ကျေးမှုဝန်ကြီးဌာန)
- မြန်မာမှု အဆင်တန်ဆာနှင့် ဘုန်းတော်ကြီးကျောင်းများ (မောင်ယဉ်လှိုင်၊ ပျဉ်းမမြိုင်)
- ကိုလိုနီခေတ် မြို့အုပ်ကြီးတစ်ဦးမှတ်တမ်း(မောင်မှူး)

## မိဘဆရာပူးပေါင်းပါ

- မိဘနဲ့ ဆရာ
  ညီညာစွာ ပူးပေါင်း၊
  ရင်သွေးငယ် တပည့်များကို
  ထွန်းကားစေကြောင်း။

- ကိုယ့်ကျေးရွာ စာသင်ကျောင်း
  တိုးတက်ကောင်း ဖွံ့ဖြိုးရန်
  ရှေးရှုရည်သန်၊
  အကျိုးပြု မှန်ကန်
  စေတနာ စံနှုန်းမြင့်၊
  ဉာဏ်ကိုလွှာ လှံ့လသုံးသော်
  ထိပ်ဆုံးအဆင့်။

- ပန်းရောင်စုံ ဖူးငုံပွင့်
  အထူးဂုဏ်တင့် အခိုင့်အခိုင်၊
  ညင်းလေပြေ ဆော့ကာမြူး
  ကြည်နူးကြိုင်လှိုင်၊
  ဥယျာဉ်နန်း အလှပြိုင်
  ယှဉ်နိုင်သူ ရှိပါရဲ့၊
  မိဘဆရာ
  ဟန်ချက်မှာ ညီညာထိန်းသော်
  မယိမ်းမနွဲ့။ ။

စန်းထက်(ဖန်ခါးမြေ)

# ငပုတောမြို့နယ် ကံချိုင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငပုတော စက်တင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံချိုင်ကျေးရွာ၌ ပဥ္စမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသူ၊ အသင်းသားများနှင့်တွေ့ဆုံပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၃ ဒသမ ၆ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကံချိုင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၇၀ ကို ငွေကျပ် ၁၃ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁ ဒသမ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၆ ဒသမ ၇ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၁၁ ဒသမ ၇သန်း၊ စုစုပေါင်း အသင်းသူ၊ အသင်းသား ၁၂၃ဦးကို ငွေကျပ် ၃၃ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# နိုင်ငံတကာ သတင်းများ

## ပြစ်ဒဏ်ကျ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများကို ယူအေအီးသမ္မတ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ဒူဘိုင်း စက်တင်ဘာ ၃**

ယူအေအီးနိုင်ငံ၌ ဆန္ဒပြပွဲကျင်းပမှုဖြင့် နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခံထားရသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၅၇ ဦးကို ယူအေအီးသမ္မတက ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခံထားရသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၅၇ ဦးတို့ကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေး၍ ယူအေအီးမှ နှင်ထုတ်ရန် ယူအေအီးသမ္မတ ရှိတ်ခ်မိုဟာမက်ဘင်ဇာယက်က ဆုံးဖြတ်ခဲ့ကြောင်း ယူအေအီးအစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၅၇ ဦးတို့သည် ယူအေအီးနိုင်ငံ၌ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်ဟောင်း ရှိတ်ခ်ဟာဆီနာဆန့်ကျင်ရေး ဆန္ဒပြပွဲပြုလုပ်မှုကြောင့် နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။

အဆိုပါ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများကို အဘူဒါဘီဖက်ဒရယ်တရားရုံးက ယခုနှစ် ဇူလိုင်လအတွင်း သုံးဦးကို ထောင်ဒဏ်တစ်သက်ပြစ်ဒဏ်များနှင့် ၅၃ ဦးကို ထောင်ဒဏ် ၁၀ နှစ် ပြစ်ဒဏ်များ ချမှတ်ခဲ့ပြီး ကျန်တစ်ဦးကို ထောင်ဒဏ် ၁၁ နှစ် ချမှတ်ခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း ရှိတ်ခ်ဟာဆီနာ တိုင်းပြည်မှ ထွက်ပြေးခဲ့ရပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အိမ်စောင့်အစိုးရအဖွဲ့သစ် ပေါ်ထွက်လာခဲ့ပြီးနောက် အဆိုပါ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများ၏ ပြစ်ဒဏ်များကို ယူအေအီးသမ္မတက လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယူအေအီးနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ထောင်ပေါင်းများစွာတို့ အလုပ်လုပ်နေကြသည့် နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## တရုတ်အရှေ့ပိုင်း၌ ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် လူ ၁၁ ဦးသေဆုံး

**ပေကျင်း စက်တင်ဘာ ၃**

တရုတ်နိုင်ငံ ရှန်တုန်းပြည်နယ် တိုင်အန်းမြို့၌ ကျောင်းကြိုပို့ဘတ်စကားတစ်စီး စက်တင်ဘာ ၂ ရက်တွင် ဝင်တိုက်မှုကြောင့် လူ ၁၁ ဦး သေဆုံးခဲ့ရသည်။

ကျောင်းကြိုပို့ယာဉ် ဝင်တိုက်မှုကြောင့် ကျောင်းသားမိဘ ခြောက်ဦးနှင့် ကျောင်းသားငါးဦး သေဆုံးခဲ့ကြောင်း တိုင်အန်းနန်းတော် တာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါ ယာဉ်တိုက်မှုသည် တိုင်အန်းမြို့ အလယ်တန်းကျောင်းတစ်ကျောင်းရှေ့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာ ၂ ရက် ယာဉ်တိုက်မှုအတွင်း ဒဏ်ရာရသူ ၁၁ ဦးထိရှိခဲ့ပြီး တစ်ဦးမှာ အခြေအနေစိုးရိမ်ရကြောင်း တရုတ်ပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် တရုတ်တာဝန်ရှိသူများသည် ကျောင်းကြိုပို့ယာဉ်မောင်းကို ဖမ်းဆီးထိန်းသိမ်းထားပြီး ယာဉ်မတော်တဆမှုနောက်ခံအကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

၂၀၁၇ ခုနှစ်ကလည်း တရုတ်နိုင်ငံအရှေ့ပိုင်း ဝေဟိုင်းမြို့၌ ကျောင်းကားတစ်စီး တိမ်းမှောက်မီးလောင်ခဲ့ရာ ကျောင်းသားငယ် ၁၁ ဦး အပါအဝင် လူပေါင်း ၁၂ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO




## ရုရှားသမ္မတပူတင် မွန်ဂိုလီးယားနိုင်ငံသို့ရောက်ရှိ



**အူလန်ဘာတော စက်တင်ဘာ ၃**

ရုရှားသမ္မတ ပူတင်သည် စက်တင်ဘာ ၂ ရက်တွင် မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတောမြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ရောက်ရှိခဲ့ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

မွန်ဂိုလီးယားနိုင်ငံ ခရီးစဉ်သည် ရုရှားသမ္မတပူတင်အတွက် ပထမဆုံးသော နိုင်ငံတကာ ရာဇဝတ်တရားရုံး(အိုင်စီစီ) အဖွဲ့ဝင်နိုင်ငံဖြစ်သည်။

နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့အခြေစိုက်အိုင်စီစီတရားရုံးသည် ယူကရိန်းစစ်ပွဲအတွင်း ယူကရိန်းကလေးငယ်များကို ရုရှားဘက်သို့ ရွှေ့ပြောင်း နေရာချပေးမှုဖြင့် ရုရှားသမ္မတပူတင်ကို ၂၀၂၃ ခုနှစ်အတွင်း ဖမ်းဝရမ်းထုတ်ခဲ့သည်။

မွန်ဂိုလီးယားနိုင်ငံသည် အိုင်စီစီတရားရုံးဖွဲ့စည်းတည်ထောင်မှုဆိုင်ရာ ရောမစာချုပ်ကို ၂၀၀၀ ပြည့်နှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် အတည်ပြုခဲ့သည်။

သို့သော် မွန်ဂိုလီးယားခရီးစဉ်တွင် မွန်ဂိုလီးယားအစိုးရသည် ရုရှားသမ္မတပူတင်ကို အူလန်ဘာတောမြို့၌ကော်ဇောနီခင်း၍ ကြိုဆိုခဲ့သည်။

မွန်ဂိုလီးယားနိုင်ငံသည် ရုရှားနှင့် တရုတ်အကြား ချိတ်ဆက်တည်ဆောက်မည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသစ်တည်ရှိရာ လမ်းကြောင်းပေါ်တွင် တည်ရှိသောနိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

## ဂျပန်ဝန်ကြီးချုပ် ကီရှီဒါ တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်မည်

**တိုကျို စက်တင်ဘာ ၃**



ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါသည် တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုးနှင့် ထိပ်သီးဆွေးနွေးပွဲကျင်းပရေးအတွက် စက်တင်ဘာ ၆ ရက်မှ ၇ ရက်ထိ တောင်ကိုရီးယားနိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတရုံးက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ထိပ်သီးဆွေးနွေးပွဲတွင် ဂျပန်နှင့် တောင်ကိုရီးယားခေါင်းဆောင်များသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကြိုးပမ်းမှုများ အောင်မြင်တိုးတက်မှုကို ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါသည် ဝန်ကြီးချုပ်ရာထူးမှ မနုတ်ထွက်မီ တောင်ကိုရီးယားသို့သွားရောက်၍ တောင်ကိုရီးယားသမ္မတနှင့်တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ်တွင် အာဏာစတင်ရရှိခဲ့သည့် တောင်ကိုရီးယားသမ္မတယွန်ဆွတ်ယိုးသည် ဂျပန်နှင့်တောင်ကိုရီးယားကြားဆက်ဆံရေးပုံစံကို ပြန်လည်ပြင်ဆင်ရန် ကြိုးပမ်းခဲ့ပြီး မြောက်ကိုရီးယားစစ်ရေးခြိမ်းခြောက်မှုများကို တုံ့ပြန်သည့်အနေဖြင့် နှစ်နိုင်ငံလုံခြုံရေးပူးပေါင်း ဆောင်ရွက်မှုများကိုလည်း မြှင့်တင်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ယွန်ဆွတ်ယိုး၏သံခင်းတမန်ခင်း ကြိုးပမ်းမှုများကြောင့် တောင်ကိုရီးယား၊ဂျပန်နှင့် အမေရိကန်ခေါင်းဆောင်များသည် ပြီးခဲ့သည့်နှစ်အတွင်း အမေရိကန်နိုင်ငံ ကမ့်ဒေးဗစ်စခန်း၌ သမိုင်းဝင်ထိပ်သီးဆွေးနွေးပွဲ ကျင်းပနိုင်ခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ရာထူးကို သုံးနှစ်ကြာရယူခဲ့ပြီးနောက် ဂျပန်ဝန်ကြီးချုပ်ကီရှီဒါသည် ယခုလကုန်ပိုင်းတွင် ရာထူးမှနုတ်ထွက်ပေးရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ကွန်ဂို၌ ထောင်ဖောက်ရန်ကြိုးပမ်းမှုဖြစ်ပွား အကျဉ်းသားအနည်းဆုံး ၁၂၉ ဦးသေဆုံး

**ကင်ရှာဆာ စက်တင်ဘာ ၃**

ကွန်ဂိုဒီမိုကရက်တစ် နိုင်ငံ ကင်ရှာဆာမြို့ရှိ မာကာလာ အကျဉ်းထောင်၌ စက်တင်ဘာ ၂ ရက်တွင် ထောင်ဖောက်ထွက်ပြေးရန် ကြိုးပမ်းမှုတစ်ခုဖြစ်ပွားခဲ့ပြီး အနည်းဆုံး အကျဉ်းသား ၁၂၉ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

ထောင်ဖောက် ထွက်ပြေးရန် ကြိုးပမ်းမှုအတွင်း သေဆုံးခဲ့သူများအနက် အများစုမှာ လူပြိုမှုကြောင့် သေဆုံးခဲ့ကြရခြင်းဖြစ်ကြောင်း ကွန်ဂိုတာဝန်ရှိသူများက ပြောကြားခဲ့သည်။

မာကာလာ အကျဉ်းထောင်ဖောက်မှုအတွင်း သေဆုံးခဲ့ရသူ အကျဉ်းသားများအနက် ၂၄ ဦးတို့မှာ အကျဉ်းထောင်လုံခြုံရေးဝန်ထမ်းများ၏ သတိပေးပစ်ခတ်မှုများကြောင့် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အကျဉ်းထောင်ဖောက်ထွက်ပြေးရန် ကြိုးပမ်းမှုများအတွင်း ဒဏ်ရာရရှိသည့် အကျဉ်းသားအရေအတွက်မှာလည်း ၅၉ ဦးထိရှိခဲ့ကြောင်း ကွန်ဂိုတာဝန်ရှိသူများက ပြောကြားခဲ့သည်။


ကွန်ဂို၏ အကြီးမားဆုံး အကျဉ်းထောင်ဖြစ်သည့် မာကာလာအကျဉ်းထောင်သည် အကျဉ်းသားဦးရေ ၁၅၀၀ ထိသာ လက်ခံထားနိုင်သော်လည်း လက်ရှိတွင် ဦးရေ ၁၂၀၀၀ ထိ လက်ခံနေရာပေးထားရသည်။

မာကာလာဗဟိုအကျဉ်းထောင်သည် ရှေးယခင်က ထောင်ဖောက်ထွက်ပြေးရန် ကြိုးပမ်းမှုများနှင့် မကြာခဏ ရင်ဆိုင်ခဲ့ရဖူးကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## အရွယ်အစားကြီးမားသည့် ပင်လယ်ကင်းပုစွန်များ၏ ကျောက်ဖြစ်ရုပ်ကြွင်းများ ရှာဖွေတွေ့ရှိ



**ကင်ဘာရာ စက်တင်ဘာ ၃**

အရွယ်အစားကြီးမားသည့် ပင်လယ်ကင်းပုစွန်များ၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ဩစတြေးလျ သိပ္ပံပညာရှင်များက နယူးဆောက်သ်ဝေးပြည်နယ်၌ ရှာဖွေတွေ့ရှိထားကြောင်း စက်တင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

ဩစတြေးလျသိပ္ပံပညာရှင်များတွေ့ရှိထားသည့် ပင်လယ်ကင်းပုစွန်များ၏ သက်တမ်းမှာ နှစ်ပေါင်း သန်း ၄၀၀ ထိရှိကြောင်း သိရသည်။

အရွယ်အစားအားဖြင့် ကိုယ်ထည်အလျား ရှစ်ပေထိရှိနိုင်သည့် အဆိုပါ ပင်လယ်ကင်းပုစွန်များသည် ပလီယိုဇိုးအစ်ဘူမိခေတ်အတွင်း ဂွန်ဒွါနာမဟာပထဝီတိုက်ကြီး၏ သမုဒ္ဒရာများနှင့်မြစ်ဝဒေသများ၌ ကျက်စားခဲ့ကြကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Eurypterid ခေါ် အဆိုပါကင်းပုစွန်ကြီးများသည် ပလီယိုဇိုးအစ်ဘူမိခေတ်၏ ထိပ်တန်းသားရဲ သတ္တဝါများဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

Eurypterid ကင်းပုစွန်ကြီးများသည် သမုဒ္ဒရာရေမျက်နှာပြင်အောက် မီတာ ၁၀၀ အနက်တွင် ရှင်သန်ကျက်စားနိုင်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံသည် လွန်ခဲ့သောနှစ်ပေါင်း သန်း ၄၀၀ ခန့်က ဂွန်ဒွါနာ မဟာပထဝီတိုက်ကြီး၏ အစိတ်အပိုင်းတစ်ခု ဖြစ်ခဲ့ဖူးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**


## ကမ္ဘာ့အပေါ်ယံမြေလွှာအောက်တွင် ဒိုးနပ်မုန့်လက်ကောက်ပုံစံ ထူးဆန်းသည့် ဘူမိနယ်မြေတစ်ခုတည်ရှိနေသည်ကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား


**ကင်ဘာရာ စက်တင်ဘာ ၃**

ကမ္ဘာ့အပေါ်ယံ မြေလွှာအောက်မိုင်ရာပေါင်းများစွာအကွာတွင် ဒိုးနပ်မုန့်လက်ကောက်ပုံစံ ထူးဆန်းသည့် ဘူမိနယ်မြေတစ်ခုတည်ရှိနေသည်ကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း စက်တင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

အဆိုပါထူးဆန်းသည့် ဘူမိနယ်မြေကို ဩစတြေးလျနိုင်ငံ ဩစတြေးလျအမျိုးသားတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ငလျင်များကထုတ်လွှတ်သည့် တုန်ခါလှိုင်းများကိုအသုံးပြု၍ ကမ္ဘာမြေ၏ သတ္တုရည်ပျော် ဗဟိုဝတ်ဆံနယ်မြေကိုလေ့လာနေစဉ် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ထိုသို့လေ့လာရာတွင် ငလျင်တုန်ခါလှိုင်းများဖြတ်သန်းမှုအရှိန်ပုံမှန်ထက် နှစ်ရာခိုင်နှုန်းနှေးကွေးသွားတတ်သော ထုအားဖြင့် ကီလိုမီတာ ရာပေါင်းများစွာရှိသည့် ဒိုးနပ်မုန့်ပုံသဏ္ဌာန် ဘူမိနယ်မြေကို တွေ့ရှိခဲ့ရသည်ဟု ဩစတြေးလျ သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။





၎င်းနယ်မြေသည် ကမ္ဘာအပြင်ဝတ်ဆံလုံး၏အနားစွန်း၌ ကမ္ဘာကြီး၏ အီကွေတာမျဉ်းအတိုင်း ခွေရစ်တည်ရှိနေခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အဆိုပါ ဒိုးနပ်မုန့်ပုံစံ ဘူမိနယ်မြေသည် ကမ္ဘာဂြိုဟ်ကို ဖြာထွက်ရောင်ခြည်များဒဏ်မှ အကာအကွယ်ပေးထားသည့် သံလိုက်စက်ကွင်းနယ်မြေနှင့် ဆက်စပ်မှုရှိနေနိုင်သည်ဟု ဩစတြေးလျ သိပ္ပံပညာရှင်များက ယုံကြည်ထားကြောင်း သိရသည်။

၎င်းဘူမိနယ်မြေသည် ကမ္ဘာမြေ၏ သံလိုက်စက်ကွင်းကို ထုတ်ပေးနေသော ကမ္ဘာ့ဝတ်ဆံလုံး သတ္တုရည်ပျော်များ လှုပ်ရှားလည်ပတ်နေစေရေးအတွက် အထောက်အကူပေးနေသော နယ်မြေဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## BepiColombo အာကာသယာဉ်က ဗုဒ္ဓဟူးဂြိုဟ်ကို စတုတ္ထအကြိမ်အနီးကပ်ဖြတ်သန်းရေး လမ်းကြောင်းသစ်ရယူမည်

**ပဲရစ် စက်တင်ဘာ ၃**

ဥရောပအာကာသအေဂျင်စီ၏ BepiColombo အာကာသယာဉ်သည် ဗုဒ္ဓဟူးဂြိုဟ်ကို စတုတ္ထအကြိမ်အနီးကပ်ဖြတ်သန်းရေးအတွက် လမ်းကြောင်းသစ်ရယူမည်ဖြစ်ကြောင်း စက်တင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

BepiColombo အာကာသယာဉ်သည် စက်တင်ဘာ ၄ ရက်တွင် ဗုဒ္ဓဟူးဂြိုဟ်ကို စတုတ္ထအကြိမ်အဖြစ် အနီးကပ်ဖြတ်ကျော်ပျံသန်းရန် စီစဉ်ထားကြောင်း သိရသည်။

ထိုကဲ့သို့ ဗုဒ္ဓဟူးဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ရာတွင် BepiColombo သည် ဗုဒ္ဓဟူးဂြိုဟ်မျက်နှာပြင်နှင့် ၁၆၅ ကီလိုမီတာသာ ကွာဝေးသော လမ်းကြောင်းသစ်ကို အသုံးပြုမည်ဖြစ်သည်ဟု ဥရောပအာကာသအေဂျင်စီမှ တာဝန်ရှိသူများက ပြောကြားကြောင်း သိရသည်။

ဥရောပအာကာသအေဂျင်စီသည် ဗုဒ္ဓဟူးဂြိုဟ်ကိုလေ့လာရေးအတွက် BepiColombo အာကာသယာဉ်ကို ၂၀၁၈ ခုနှစ် အောက်တိုဘာလက လွှတ်တင်ထားခြင်းဖြစ်ကြောင်း သိရသည်။

၎င်းအာကာသယာဉ်သည် ဗုဒ္ဓဟူးဂြိုဟ်ပတ်လမ်းအတွင်း ဝင်ရောက်ရေးအတွက် ဒြပ်ဆွဲအားအကူအညီရယူရန် ကမ္ဘာဂြိုဟ်ကို တစ်ကြိမ်၊ သောကြာဂြိုဟ်ကို နှစ်ကြိမ်၊ ဗုဒ္ဓဟူးဂြိုဟ်ကို ခြောက်ကြိမ်ထိ အနီးကပ်ဖြတ်ကျော်ပျံသန်းရမည်ဖြစ်သည်။

BepiColombo အာကာသယာဉ်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ဗုဒ္ဓဟူးဂြိုဟ်ပတ်လမ်းအတွင်း စတင်ဝင်ရောက်နိုင်ဖွယ်ရှိကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ကျော် မိုက်ခရိုအာဟာရဓာတ်များ ချို့တဲ့နေ

**နယူးယောက် စက်တင်ဘာ ၃**

ကမ္ဘာ့လူဦးရေ၏ထက်ဝက်ကျော်တို့မှာ ကယ်လ်ဆီယမ်၊ သံဓာတ်၊ ဗီတာမင်-စီနှင့် အီးကဲ့သို့ လူ့ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သည့် မိုက်ခရိုအာဟာရဓာတ်များ ချို့တဲ့နေကြောင်း စက်တင်ဘာ ၂ ရက်သတင်းများအရ သိရသည်။

အထက်ပါ မိုက်ခရိုအာဟာရဓာတ်များချို့တဲ့မှုကြောင့် အမြင်အာရုံပြဿနာကဲ့သို့ ကျန်းမာရေးပြဿနာများပေါ်ထွက်လာနိုင်ပြီး ကူးစက်ရောဂါများလည်း အဖြစ်လွယ်လာနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက သတိပေးထားသည်။

လူ့ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သည့် မိုက်ခရို အာဟာရဓာတ်များ လုံလုံလောက်လောက် စားသုံးနိုင်မှုမရှိသူ ကမ္ဘာ့ပြည်သူဦးရေမှာ ယခင်မျှော်လင့်ထားသည်ထက် ပို၍များပြားနေကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကမ္ဘာ့လူဦးရေ၏ ၆၈ ရာခိုင်နှုန်းမှာ အိုင်အိုဒင်းဓာတ်ချို့တဲ့နေပြီး ၆၇ ရာခိုင်နှုန်းမှာ ဗီတာမင်-အီး၊ ၆၆ ရာခိုင်နှုန်းမှာ ကယ်လ်ဆီယမ်နှင့် ၆၅ ရာခိုင်နှုန်းမှာ သံဓာတ်ချို့တဲ့နေကြကြောင်း သိရသည်။

ထို့နည်းတူ ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ကျော်မှာ Riboflavin၊ Folate၊ ဗီတာမင်-စီနှင့် ဗီတာမင်ဘီ-၆ တို့ကို လိုအပ်သလောက် စားသုံးနိုင်မှုမရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် ကမ္ဘာ့နိုင်ငံ ၁၈၅ နိုင်ငံတို့မှ ပြည်သူများ၏ မိုက်ခရိုအာဟာရဓာတ်စားသုံးမှုပုံစံများကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## Novavax၏ ကိုဗစ်ရောဂါကာကွယ်ဆေးသစ် အသုံးပြုခွင့် FDA အတည်ပြု

**နယူးယောက် စက်တင်ဘာ ၃**

Novavax ကုမ္ပဏီ၏မွမ်းမံစီရင်ထားသော ကိုဗစ်ရောဂါကာကွယ်ဆေးသစ် အသုံးပြုခွင့်ကို အမေရိကန်အစိုးရ အစားအစာနှင့်ဆေးဝါးလုံခြုံရေးအေဂျင်စီ(FDA) က ဩဂုတ် ၃၀ ရက်တွင် အတည်ပြုချက် ပေးခဲ့ကြောင်း စက်တင်ဘာ ၂ ရက် သတင်းများအရသိရသည်။

Novavax ၏ ကိုဗစ်ရောဂါကာကွယ်ဆေးသစ်သည် အမေရိကန်နိုင်ငံ၌ လက်ရှိကူးစက်နေသော ကိုဗစ်ဗိုင်းရပ်မျိုးကွဲသစ်များအတွက် အသုံးပြုခွင့်ရခဲ့သော တတိယမြောက် ကိုဗစ်ကာကွယ်ဆေးဖြစ်သည်။

FDA သည် Pfizer နှင့် Moderna ကုမ္ပဏီတို့၏ ကိုဗစ်ကာကွယ်ဆေးသစ်များကို အသုံးပြုခွင့်ပေးထားပြီးဖြစ်သည်။

FDA ၏ ခွင့်ပြုချက်အရ Novavax ကိုဗစ်ရောဂါကာကွယ်ဆေးကို အသက် ၁၂ နှစ်နှင့်အထက်ရှိသူများ၌ အသုံးပြုနိုင်မည်ဖြစ်သည်။

FDA က အသုံးပြုခွင့်ပေးထားသည့် ကိုဗစ်ရောဂါကာကွယ်ဆေးသစ် သုံးမျိုးသည် အမေရိကန်နိုင်ငံတွင် လက်ရှိကူးစက်နေသော JN-1 ခေါ် အိုမီခရွန်မျိုးကွဲအတွက် ရည်ရွယ်သည့် ကာကွယ်ဆေးများဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံမှုသည် ကိုဗစ်ကို ကာကွယ်ရေးအတွက် အခြေခံအကျဆုံး လုပ်ငန်းစဉ်အဖြစ်အရေးပါနေဆဲဖြစ်သည်ဟု FDA က ပြောကြားထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# နိုင်ငံတကာ အားကစားသတင်းများ

## ဂျာမနီအသင်းက ကွင်းလယ်ကစားသမား ကီမစ်ချ်ကို အမြဲတမ်းအသင်းခေါင်းဆောင်ခန့်အပ်

**ဘာလင် စက်တင်ဘာ ၃**

ယူရို ၂၀၂၄ ပြိုင်ပွဲအပြီးတွင် ဂျာမနီအသင်း အသင်းခေါင်းဆောင်အဖြစ် ပါဝင်ကစားခဲ့သည့် ဂန်ဒိုဂမ်သည် လက်ရွေးစင်အသင်းမှ အနားယူခဲ့ပြီးနောက် ကွင်းလယ်ကစားသမား ကီမစ်ချ်ကို အမြဲတမ်းအသင်းခေါင်းဆောင် ခန့်အပ်ခဲ့ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား ကီမစ်ချ်သည် အသင်းနှင့် ပြိုင်ပွဲစုံ ၉၁ ပွဲ ပါဝင်ကစားခဲ့ရာတွင် အသင်းခေါင်းဆောင်အဖြစ် ၁၇ ကြိမ်ထိ ခန့်အပ်ခံရသော်လည်း အမြဲတမ်းအသင်းခေါင်းဆောင် အဖြစ် တာဝန်ယူခွင့်မရခဲ့ဘဲ စီနီယာကစားသမားများ ဖြစ်သည့် ဂိုးသမား နူအာ၊ သောမတ်မူလာ၊ တိုနီခရူးစ်၊ ဂန်ဒိုဂမ်တို့နောက်တွင်သာ အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့ရသည်။

လက်ရှိတွင် အဆိုပါကစားသမားများသည် ပြီးခဲ့သည့် ယူရို ၂၀၂၄ ပြိုင်ပွဲအပြီးတွင် လက်ရွေးစင်ကစားသမားဘဝမှ အနားယူခဲ့သောကြောင့် နည်းပြ နာဂျယ်စမန်းက ကီမစ်ချ်ကို အမြဲတမ်းအသင်းခေါင်းဆောင် ခန့်အပ်ခဲ့ကာ လာမည့် နေးရှင်းလိဂ်ပြိုင်ပွဲတွင် အသင်းခေါင်းဆောင်ရာထူးကို စတင်ရယူမည်ဖြစ်ပြီး ဒုတိယအသင်းခေါင်းဆောင်များအဖြစ် ခံစစ်ကစားသမား ရူဒီဂါနှင့် တိုက်စစ်မှူး ကိုင်ဟာဗက်တို့ကို ခန့်အပ်ခဲ့သည်။

ဂျာမနီအသင်းသည် နေးရှင်းလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် လာမည့် စက်တင်ဘာ ၇ ရက်တွင် ကစားရမည့် ဟန်ဂေရီအသင်းနှင့် ကစားရမည်ဖြစ်ပြီး စက်တင်ဘာ ၁၀ ရက်တွင် နယ်သာလန်အသင်းနှင့် ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Espn**

**Trs : ML**



## ကွင်းလယ်ကစားသမား စီဘယ်လော့ ဒဏ်ရာကြောင့် ရက်သတ္တရှစ်ပတ်ခန့် အနားယူရမည်ဟု ရီးရဲလ်ထုတ်ပြန်



**မက်ဒရစ် စက်တင်ဘာ ၃**

ရီးရဲလ်မက်ဒရစ် အသင်းနှင့် ဘက်တစ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား စီဘယ်လော့သည် ခြေချင်းဝတ်ဒဏ်ရာ ရရှိခဲ့သောကြောင့် ရက်သတ္တရှစ်ပတ်ခန့်ထိ အနားယူရမည်ဖြစ်ကြောင်း ရီးရဲလ်မက်ဒရစ်အသင်းက ထုတ်ပြန်ခဲ့သည်။

အသက် ၂၈ နှစ်ရှိ ကွင်းလယ်ကစားသမား စီဘယ်လော့သည် ဘက်တစ်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရခဲ့ကာ ယခုရာသီတွင် ပထမဆုံးပွဲထွက်ခွင့် ရရှိခဲ့သော်လည်း ပွဲကစားချိန် ၆၅ မိနစ်အရောက်တွင် ဘက်တစ်အသင်း ကစားသမားနှင့် ထိခိုက်မိခဲ့သောကြောင့် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ပြီး အသင်းဖော်ကစားသမား ဘရာဟမ်ဒီယက်ဇ်နှင့် လူစားလဲထွက်ခွာခဲ့ရသည်။

လက်ရှိတွင် ရီးရဲလ်မက်ဒရစ်အသင်း ဆေးအဖွဲ့က လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ခြေချင်းဝတ်ဒဏ်ရာ ရရှိခဲ့သဖြင့် ရက်သတ္တပတ် ခြောက်ပတ်မှ ရှစ်ပတ်ခန့် အနားယူရမည်ဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သောကြောင့် လာမည့် အောက်တိုဘာလမှသာ အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်သည်။

စီဘယ်လော့သည် လူငယ်အကယ်ဒမီ ကစားသမားတစ်ဦးဖြစ်သော်လည်း အသင်းတွင် ပုံမှန်ပွဲကစားခွင့်ရရှိရန် ခက်ခဲနေသဖြင့် ၂၀၂၂ ခုနှစ်က အာဆင်နယ်အသင်းသို့ နှစ်ရာသီ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့် ပြန်လည်ပူးပေါင်းချိန်တွင်လည်း ပုံမှန်ပွဲကစားခွင့်ရရှိရန် ရုန်းကန်ခဲ့ရကြောင်း သိရသည်။

**Ref : Espn**

**Trs : ML**

## ဥရုဂွေးလက်ရွေးစင်ကစားသမားဘဝမှအနားယူကြောင်း တိုက်စစ်မှူး ဆွာရက်ဇ်ကြေညာ

**မွန်တီဗီဒီယို စက်တင်ဘာ ၃**

တိုက်စစ်မှူး ဆွာရက်ဇ်က လာမည့် သောကြာနေ့တွင် ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်အဖြစ် ကစားမည့် ပါရာဂွေးအသင်းနှင့် ပွဲစဉ်တွင် ပါဝင်ကစားပြီးချိန်၌ လက်ရွေးစင် ကစားသမားဘဝမှ အနားယူမည်ဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

တိုက်စစ်မှူး ဆွာရက်ဇ်သည် ၂၀၀၇ ခုနှစ်က ကိုလံဘီယာအသင်းကို သုံး ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် ပထမဆုံး ပါဝင်ကစားခွင့်ရရှိခဲ့ပြီးနောက် ၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဖလားတွင် အဓိကကစားသမားအဖြစ် ပါဝင်ခဲ့ကာ အသင်းကို ဆီမီးဖိုင်နယ်ထိ ရောက်ရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့်အပြင် ၂၀၁၁ ကိုပါအမေရိကဖလား ပြိုင်ပွဲတွင် အသင်းအတွက် သွင်းဂိုး လေးဂိုးသွင်းယူ၍ ဆုဖလားရယူပေးနိုင်ခဲ့သောကြောင့် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးရရှိခဲ့သည်။

၎င်းသည် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၄၂ ပွဲ ပါဝင်ကစားခဲ့ရာ သွင်းဂိုး ၆၉ ဂိုးထိ သွင်းယူနိုင်ခဲ့သောကြောင့် ဥရုဂွေးအသင်းသမိုင်းတွင် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ၂၀၁၀၊ ၂၀၁၄၊ ၂၀၁၈၊ ၂၀၂၂ ပြိုင်ပွဲတို့တွင် ပါဝင်ကစားခဲ့သောကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲ လေးကြိမ်ထိ ကစားခဲ့ဖူးသည့် ကစားသမား ၃၈ ဦးစာရင်းတွင် ပါဝင်ခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး ဆွာရက်ဇ်က "လာမဲ့ ပါရာဂွေးအသင်းနဲ့ပွဲစဉ်ဟာ ဥရုဂွေးကစားသမားဘဝ နောက်ဆုံးပွဲစဉ်ဖြစ်ပါတယ်။ ကျွန်တော် ၂၀၀၇ ခုနှစ်တုန်းက နိုင်ငံအသင်းအတွက် ပထမဆုံးပါဝင်ကစားခဲ့ရလို့ အရမ်းကို စိတ်လှုပ်ရှားခဲ့တာပါ။ အဲ့ဒီတုန်းက ကျွန်တော်က အသက် ၁၉ နှစ်သာရှိသေးတဲ့ လူငယ်လေးတစ်ယောက်ဖြစ်ခဲ့ပေမဲ့ အခုချိန်မှာတော့ လူအိုကစားသမားတစ်ယောက်ပါ။ ဘယ်လိုပဲခေါ်ခေါ်ပါ အဲ့ဒီကစားသမားတစ်ယောက်က သူ့ရဲ့နိုင်ငံအသင်းအတွက် ပေးဆပ်ပြီး မယုံနိုင်လောက်တဲ့ သမိုင်းတစ်ခုရှိခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**

## အားကစားသတင်းအတိုအထွာများ

- ချဲလ်ဆီးအသင်းက လူငယ်ကစားသမား အိန်ဂျယ်လိုကို အယ်နာဆာအသင်းသို့ စတာလင်ပေါင် ၁၉ သန်းဖြင့် ရောင်းချခဲ့ပြီးနောက် ယခုအပြောင်းအရွှေ့ကာလတွင် အသင်းမှ ကစားသမား ၂၆ ဦးထိ ရောင်းချခဲ့ကြောင်း သိရသည်။
- ဘင်ဖီကာအသင်းက တိုက်စစ်မှူး လီရိုနာဒိုကို ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀ ဖြင့် ဆော်ဒီပရိုလိဂ် အယ်ဟိုင်လာအသင်းသို့ ရောင်းချခဲ့ပြီး ကစားသမားအနေဖြင့် အယ်ဟိုင်လာအသင်းနှင့် ငါးနှစ်စာချုပ် ချုပ်ဆိုခဲ့သည်။
- လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် အဲရစ်ဆင် ပါဝင်ကစားခွင့်ရခဲ့ပြီးနောက် ကစားသမား၏ အေးဂျင့်ဖြစ်သူက အဲရစ်ဆင်အနေဖြင့် မန်ယူအသင်းတွင် ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။
- နည်းပြရော်နယ်ကိုးမန်းက နယ်သာလန်ဘောလုံးအဖွဲ့ချုပ်နှင့် စာချုပ်ကိစ္စများ ဆွေးနွေးမှုပြုလုပ်ခဲ့ပြီးနောက် ခံစစ်ကစားသမား ဗန်ဒိုက်အနေဖြင့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းနှင့်အတူ ပါဝင်ကစားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ML**

## တိုက်စစ်မှူး အိုစီမန်ကို အငှားစာချုပ်ဖြင့်ခေါ်ယူခဲ့ကြောင်း ဂါလာတာစာရေးအသင်း ထုတ်ပြန်

**အင်ကာရာ စက်တင်ဘာ ၃**

တူကီယဲကလပ် ဂါလာတာစာရေးအသင်းက အပြောင်းအရွှေ့ကာလမပိတ်သိမ်းမီ နာပိုလီအသင်းတိုက်စစ်မှူး အိုစီမန်ကို တစ်ရာသီ အငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။

အသက် ၂၅ နှစ်ရှိ တိုက်စစ်မှူး အိုစီမန်သည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလက စာချုပ်ဖျက်သိမ်းကြေး ယူရို သန်း ၁၃၀ ထိ သတ်မှတ်ကာ အသင်းနှင့် ၂၀၂၆ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးခဲ့ပြီးနောက် အသင်းဥက္ကဋ္ဌ ဒီလော်ရန်တစ်က ဘောလုံးရာသီကုန်တွင် ကစားသမားအနေဖြင့် အသင်းမှ ထွက်ခွာနိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး ယခုရာသီတွင်လည်း အသင်း၏ ကစားသမား ၂၃ ဦးစာရင်းတွင် မှတ်ပုံတင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

အိုစီမန်အနေဖြင့် အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားသောကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်ခဲ့ရာ ကလပ်အသင်းနှစ်ခုကြားသဘောတူညီမှု ရခဲ့သော်လည်း ၎င်းက မြင့်မားသည့်လုပ်ခလစာ တိုးမြှင့်တောင်းခံခဲ့ရာ ချဲလ်ဆီးအသင်းအနေဖြင့် လက်လျှော့ခဲ့သောကြောင့် ဆော်ဒီကလပ် အယ်အာလီအသင်းက ခေါ်ယူရန် ကြိုးပမ်းခဲ့ရာ ကစားသမားကိုယ်တိုင်က ငြင်းပယ်ခဲ့သဖြင့် အပြောင်းအရွှေ့ မဖြစ်မြောက်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် လာမည့် စက်တင်ဘာ ၁၈ ရက်မှ အပြောင်းအရွှေ့ပိတ်သိမ်းမည့် တူကီယဲကလပ် ဂါလာတာစာရေး အသင်းက တစ်ရာသီ အငှားစာချုပ်ဖြင့် ခေါ်ယူရန် ကြိုးပမ်းခဲ့ရာ သဘောတူညီမှုရရှိခဲ့ပြီး ဂါလာတာစာရေးအသင်းသည် ယူရိုပါလိဂ်ယှဉ်ပြိုင်ခွင့်ရရှိထားသဖြင့် အိုစီမန်အနေဖြင့် ဥရောပပြိုင်ပွဲကစားခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။



**Ref : Espn**

**Trs : ML**

# မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲတွင် ရာမညယူနိုက်တက်အသင်းနှင့် ချင်းလန်းအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ




**ရန်ကုန် စက်တင်ဘာ ၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၆) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ယှဉ်ပြိုင်ကစားခဲ့ရာ ရာမညယူနိုက်တက်အသင်းနှင့် ချင်းလန်းအသင်းတို့ နိုင်ပွဲကိုယ်စီ ရရှိခဲ့သည်။

မြန်မာနေရှင်နယ် လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၆)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ တက္ကသိုလ်အားကစားကွင်းတွင် ချင်းလန်းအသင်းနှင့် University အသင်းတို့ကစားခဲ့ရာ ချင်းလန်းအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ချင်းလန်းအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၆ မိနစ်နှင့် ၆၈ မိနစ်တို့တွင် လှဖုန်းဦးက သွင်းယူပေးနိုင်ခဲ့ပြီး University အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၆၉ မိနစ်တွင် ဇော်ဇော်ထိုက်က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက စလင်းအားကစားကွင်းတွင် ငွေကြယ်ပွင့်လေးများအသင်းနှင့် ရာမညယူနိုက်တက် အသင်းတို့ ကစားခဲ့ရာ ရာမညယူနိုက်တက်အသင်းက ငါးဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ရာမညယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၂ မိနစ်တွင် ဟိန်းထက်ဇော်ဝင်း၊ ပွဲချိန် ၂၀ မိနစ်တွင် ချမ်းဦး၊ ပွဲချိန် ၃၃ မိနစ်နှင့် ၆၃ မိနစ်တွင် ဆန်းမြင့်နိုင်နှင့် ပွဲချိန် ၇၅ မိနစ်တွင် ညီညီအောင်တို့က သွင်းယူပေးနိုင်ခဲ့ကာ ငွေကြယ်ပွင့်လေးများ အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၇၁ မိနစ်တွင် သက်လွင်စိုးက သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

STA

# မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်း ဘာရိန်းအသင်းနှင့်ပွဲစဉ်အပြီးတွင် ထိုင်းကလပ်အသင်း၊ ကမ္ဘောဒီးယား ယူ-၁၉ အသင်းတို့နှင့် ဆက်လက်ကစားမည်

**ရန်ကုန် စက်တင်ဘာ ၃**

၂၀၂၅ အာရှ ယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် ထိုင်းနိုင်ငံတွင် ခြေစမ်းပွဲခရီးစဉ် ရောက်ရှိနေသည့် မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်းသည် ဘာရိန်း ယူ-၁၉ အသင်းနှင့် ခြေစမ်းပွဲအပြီး၌ ထိုင်းလိဂ်-၃ ကလပ် Kasem Bundit University အသင်း၊ ကမ္ဘောဒီးယား ယူ-၁၉ အသင်းတို့နှင့် ခြေစမ်းပွဲစဉ်များ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်းသည် ၂၀၂၅ အာရှ ယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲအတွက် ပဏာမ ကစားသမား ၂၄ ဦးဖြင့် စုဖွဲ့ပြီး ထိုင်းနိုင်ငံတွင် စက်တင်ဘာ ၁၄ ရက်ထိ စခန်းသွင်းလေ့ကျင့်မှုများ လုပ်ဆောင်မည်ဖြစ်ပြီး စခန်းသွင်းလေ့ကျင့်ရေး ကာလအတွင်း ခြေစမ်းပွဲစဉ်များ ကစားသွားမည်ဖြစ်ကာ ပထမဆုံး ခြေစမ်းပွဲစဉ်အဖြစ် စက်တင်ဘာ ၅ ရက်တွင် ဘာရိန်း ယူ-၁၉ အသင်းနှင့် စတင်ကစားသွားမည် ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်းသည် ဘာရိန်း ယူ-၁၉ အသင်းနှင့် ပွဲစဉ်အပြီး စက်တင်ဘာ ၉ ရက်တွင် Kasem Bundit University အသင်းနှင့်လည်းကောင်း၊ စက်တင်ဘာ ၁၃ ရက်တွင် ဒေသတွင်းပြိုင်ဘက် ကမ္ဘောဒီးယား ယူ-၁၉ အသင်းနှင့်လည်းကောင်း ခြေစမ်းပွဲစဉ်များ အသီးသီး ဆက်လက်ကစားသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်းသည် အာရှ ယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်တွင် အုပ်စု(I)၌ ဂျပန် ယူ-၁၉ အသင်း၊ ကာဂျစ်စတန် ယူ-၁၉ အသင်း၊ တာ့ခ်မင်နစ္စတန်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေကြောင်း သိရသည်။

STA

# AYA Pay Futsal Championship 2024 ပြိုင်ပွဲ ရှုံးထွက်အဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစား




**ရန်ကုန် စက်တင်ဘာ ၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် AYA Pay Futsal Championship 2024 ပြိုင်ပွဲ ရှုံးထွက်အဆင့်ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှ စတင်ပြီး ရန်ကုန်မြို့ရှိ MFF Futsal Stadium တွင် ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲကို လိဂ်(၁) ကလပ်အသင်း ကိုးသင်း၊ လိဂ်(၂) ကလပ်အသင်း ကိုးသင်း၊ မန္တလာလိဂ်မှ ကလပ်အသင်း နှစ်သင်း၊ ၂၀၂၄ အပျော်တမ်းပြိုင်ပွဲမှ ကလပ်အသင်း ၁၂ သင်းဖြင့် ကျင်းပနေခြင်းဖြစ်သည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲ ရှုံးထွက်အဆင့် ပွဲစဉ်များအဖြစ် ယနေ့နံနက် ၉ နာရီခွဲတွင် VUC FC အသင်းနှင့် Generations FC အသင်းတို့ ကစားခဲ့ရာ VUC FC အသင်းက ငါးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် M2K FC အသင်းနှင့် Futsal 19 FC အသင်းတို့ ကစားခဲ့ရာ Futsal 19 FC အသင်းက သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြသည်။

အလားတူ မွန်းလွဲ ၁ နာရီတွင် Seven FC အသင်းနှင့် 7 Brother FC အသင်းတို့ ကစားခဲ့ရာ Seven FC အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် YRG FCအသင်းနှင့် MIU FC အသင်းတို့ ကစားခဲ့ရာ MIU FC အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ် အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြကြောင်း သိရသည်။

STA

# မန်ယူအသင်း နည်းပြအပြောင်းအလဲ လုပ်ဆောင်ရန် အစီအစဉ်မရှိဟု အမှုဆောင်အရာရှိချုပ် အိုမာဘာရာဒါပြောကြား

**မန်ချက်စတာ စက်တင်ဘာ ၃**

မန်ယူအသင်း အမှုဆောင် အရာရှိချုပ် အိုမာဘာရာဒါက အသင်း ဘုတ်အဖွဲ့အနေဖြင့် နည်းပြတန်ဟတ် အပေါ်တွင် အပြည့်အဝ ထောက်ခံမှုရှိဆဲဖြစ်ပြီး နည်းပြ အပြောင်းအလဲလုပ်ဆောင်ရန် အစီအစဉ်မရှိဟု အတည်ပြု ပြောကြားခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် နွေရာသီ ကစားသမား အပြောင်းအရွှေ့ ကာလတွင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၂၀၀ ကျော် အသုံးပြုပြီး ကစားသမားသစ်များ ခေါ်ယူ အင်အားဖြည့်ထားသော်လည်း ရာသီအစပိုင်းတွင် ရလဒ်များ ဆက်တိုက်ဆိုးရွားနေသည့်အတွက် နည်းပြတန်ဟတ် အနေဖြင့်လည်း အနာဂတ်မရေမရာမှုများနှင့် ကြုံတွေ့နေရခြင်းဖြစ်သည်။

မန်ယူအသင်းသည် ရာသီအဖွင့်ပွဲစဉ်တွင် ဖူလ်ဟမ်အသင်းကို အနိုင်ရရှိခဲ့သော်လည်း ဘရိုက်တန်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်အပြင် လီဗာပူးအသင်းကိုလည်း အိမ်ကွင်းတွင် သုံးဂိုးပြတ် ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြ တန်ဟတ်အနေဖြင့် ထုတ်ပယ်ခံရဖွယ် ရှိနေသည်ဟု သတင်းများ ထွက်ပေါ်ခဲ့သော်လည်း အမှုဆောင်အရာရှိချုပ် အိုမာဘာရာဒါက ထောက်ခံမှု အပြည့်အဝရှိကြောင်း အတည်ပြုခဲ့သည်။

အိုမာဘာရာဒါက "တန်ဟတ်အနေနဲ့ အသင်းဘုတ်အဖွဲ့ဝင်တွေရဲ့ယုံကြည်မှု အပြည့်အဝ ရရှိထားပါတယ်။ ဒီအပြောင်းအရွှေ့ကာလမှာလဲ သူနဲ့ နီးနီးကပ်ကပ်လက်တွဲပြီး အကောင်းဆုံး လုပ်ဆောင်နိုင်ခဲ့ပါတယ်။ အသင်းရလဒ်ကောင်းတွေ ရရှိဖို့အတွက် သူနဲ့လက်တွဲပြီး အကောင်းဆုံး လုပ်ဆောင်သွားမှာပါ။ နည်းပြအပြောင်းအလဲ လုပ်ဆောင်ဖို့အတွက်တော့ အစီအစဉ်မရှိပါဘူး"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : The Athletic
Trs : STA

# ယူအီးအက်ဖ်အေနေးရှင်းလိဂ် အုပ်စုအဆင့် ပွဲကြိုသုံးသပ်ချက်များ

M
L

**အဇာဘိုင်ဂျန် Vs ဆွီဒင်**

ကစားမည့်ရက်/အချိန် ၅-၉-၂၀၂၄ (ည ၁၀း၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အဇာဘိုင်ဂျန် ၃ - ၀ ဆွီဒင်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| အဇာဘိုင်ဂျန် | - | အိမ်(သရေ) | ဝေး(ရှုံး) | အိမ်(နိုင်) |
| ဆွီဒင် | - | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(ရှုံး) |

အဇာဘိုင်ဂျန်အသင်းဟာ အခုအုပ်စုမှာ ခြေစွမ်းပိုင်းမာတဲ့အသင်းတွေထဲပါနေသလို နောက်ဆုံးအိမ်ကွင်းလေးပွဲဆက်လဲ ရှုံးပွဲမရှိသေးဘဲ ပွဲတိုင်းဂိုးရခဲ့တာဖြစ်ပါတယ်။ ဆွီဒင်အသင်းကတော့ နောက်ဆုံးအဝေးကွင်း လေးပွဲဆက်ရှုံးနိမ့်ခဲ့ပြီး ခံစစ်ပိုင်းအားနည်းချက်ရှိနေတာကို တွေ့ရမှာပါ။ ဒါကြောင့် အုပ်စုအဖွင့်ပွဲမှာ အိမ်ကွင်းအားသာချက်ရှိတဲ့ အဇာဘိုင်ဂျန်အသင်းကိုပဲ အားပေးရမှာပါ။

**ခန့်မှန်းရလဒ် - အဇာဘိုင်ဂျန် ၁-၀ ဆွီဒင်**

**ပေါ်တူဂီ Vs ခရိုအေးရှား**

ကစားမည့်ရက်/အချိန် ၆-၉-၂၀၂၄ (နံနက် ၀၁း၁၅ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ပေါ်တူဂီ ၁ - ၂ ခရိုအေးရှား

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ပေါ်တူဂီ | - | ဝေး(ရှုံး) | အိမ်(သရေ) | အိမ်(သရေ) |
| ခရိုအေးရှား | - | ဝေး(ရှုံး) | အိမ်(သရေ) | အိမ်(သရေ) |

ပေါ်တူဂီအသင်းဟာ အိမ်ကွင်းခံစစ်ကစားပုံကောင်းပေမဲ့ နောက်ဆုံးသုံးပွဲမှာ တိုက်စစ်က နှစ်ဂိုးသာ သွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ ခရိုအေးရှားကတော့ နေးရှင်းလိဂ်ပြိုင်ပွဲမှာ အစဉ်အလာကောင်းတဲ့ အသင်းဖြစ်ပြီး ပေါ်တူဂီနဲ့ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာလဲ နှစ်ဂိုး တစ်ဂိုးနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အစဉ်အလာပိုင်းနဲ့ အသင်းလိုက်ကစားအားကောင်းနေတဲ့ ခရိုအေးရှားကိုပဲ ရွေးချယ်ရမှာပါ။

**ခန့်မှန်းရလဒ် - ပေါ်တူဂီ ၁ - ၂ ခရိုအေးရှား**

# နျူကလီးယားစွမ်းအင် တိုးမြှင့်ထုတ်လုပ်ရန် စီမံဆောင်ရွက်နေသော တရုတ်နိုင်ငံ



၂၀၂၄ ခုနှစ် ဩဂုတ် ၁၉ရက်တွင် ပြုလုပ်သည့် နိုင်ငံတော်ကောင်စီအစည်းအဝေး၌ တရုတ်နိုင်ငံ ဝန်ကြီးချုပ် လီကျင်းသည် ကျန်းစု၊ ရှန်ဒေါင်း၊ ကွမ်ဒေါင်း၊ ရှီကျန်းနှင့် ဂေါင်ဇီပြည်နယ်တို့၏ ကမ်းခြေများတွင် နျူကလီးယားဓာတ်ပေါင်းဖို ၁၁ ခု တည်ဆောက်သွားရန် အတည်ပြုခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၃ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်။

၎င်းတို့အနက် အဓိကကျသော စီမံကိန်းသည် ကျန်းစုပြည်နယ်ရှိ ဓာတ်အားပေးစက်ရုံဖြစ်ပြီး စီမံကိန်း၏ ပထမအဆင့်သည် နှစ်စဉ် လျှပ်စစ် ၁၁ ဒသမ ၅ ဘီလီယံကီလိုဝပ်နာရီ ထုတ်လုပ်သွားမည်ဖြစ်သည်။ ထို့ကြောင့် ကျောက်မီးသွေးသုံးစွဲမှုတန်ချိန် ၇ ဒသမ ၂၆ တန်နှင့် ကာဗွန်ထုတ်လွှတ်မှုတန်ချိန် ၁၉ ဒသမ ၆ သန်း လျှော့ချသွားနိုင်မည်ဖြစ်သည်။

ထိုသို့ရင်းနှီးမြှုပ်နှံသွားမည့် စီမံကိန်းသည် တရုတ်နိုင်ငံ၏ကျယ်ပြန့်သော အစိမ်းရောင်စွမ်းအင်ရည်မှန်းချက်များနှင့်အညီ အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ကမ်းခြေတစ်လျှောက် နျူကလီးယားစွမ်းအင်စက်ရုံများကိုလေစွမ်းအင်၊ ဆိုလာစွမ်းအင်နှင့်ရေအားလျှပ်စစ်စွမ်းအင်တို့နှင့်အတူ စွမ်းအင်အသုံးများသော စက်မှုလုပ်ငန်းများတွင် ကာဗွန်လျှော့ချရန်နှင့်အစိမ်းရောင်စွမ်းအင်အခြေစိုက်စခန်းများ တည်ဆောက်ရာတွင် ဗဟိုချက်မအဖြစ် အသုံးပြုသွားမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် ဇူလိုင်လတွင် တရုတ်နိုင်ငံ၏ နျူကလီးယားစွမ်းအင်ထုတ်လုပ်မှု ကမ္ဘာ့ဒုတိယနေရာတွင်ရှိသည့် ပြင်သစ်၏နောက်တွင် ရပ်တည်လျက်ရှိသော်လည်း ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့ပထမနေရာတွင် ရပ်တည်လျက်ရှိသည့် အမေရိကန်နှင့် ပြင်သစ်တို့ထက် နျူကလီးယားစွမ်းအင် ကျော်လွန်ထုတ်လုပ်ရန် ရည်မှန်းထားရှိသည်။

ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်စောင့်ကြည့်မှုအရ တရုတ်နိုင်ငံသည် နျူကလီးယားထုတ်လုပ်မှုစွမ်းဆောင်ရည် ၅၈ ဒသမ ၁ ဂီဂါဝပ်ထုတ်လုပ်လျက်ရှိပြီး ပြင်သစ်သည် ၆၄ ဂီဂါဝပ်ထုတ်လုပ်လျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့် လွန်ခဲ့သောဆယ်စုနှစ်အတွင်း နျူကလီးယားစွမ်းဆောင်ရည် အလျင်အမြန်တိုးတက်လျက်ရှိသော်လည်း ပြင်သစ်နိုင်ငံသည် ၂၁ ရာစု အစပိုင်းခန့်ကတည်းက တိုးတက်မှုမရှိဘဲ ရပ်တည်လျက်ရှိသည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် နျူကလီးယားအရင်းအမြစ်များမှ နှစ်စဉ်လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုသည် ပြင်သစ်နိုင်ငံထက် လေးနှစ်ဆက်တိုက် ကျော်လွန်လျက်ရှိသည်။

တရုတ်နိုင်ငံ၏ နျူကလီးယားစွမ်းအင် တိုးချဲ့ထုတ်လုပ်မှုသည် တိုးမြှင့်လာသော စွမ်းအင်လိုအပ်ချက် ဖြည့်ဆည်းရေး ရည်မှန်းချက်များကြောင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေခြင်းဖြစ်သလို ၂၀၆၀ ပြည့်နှစ်တွင် ကျောက်ဖြစ်ရုပ်ကြွင်းများအပေါ် မှီခိုအားထားမှုလျှော့ချပြီး ကာဗွန်ထုတ်လွှတ်မှု လုံးဝလျှော့ချရေး ကြိုးပမ်းမှုများတွင် အောင်မြင်မှုရရှိလျက်ရှိသည်။ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်ထိ အကောင်အထည်ဖော်သွားမည့် (၁၄)ကြိမ်မြောက် ငါးနှစ်စီမံကိန်းသည် ၂၀၂၅ ခုနှစ်တွင် တရုတ်သည် နျူကလီးယားစွမ်းအင်ထုတ်လုပ်မှုစွမ်းဆောင်ရည် ၇၀ ဂီဂါဝပ်ထိ တိုးမြှင့်သွားရန် ရည်မှန်းထားရှိသည်။ တရုတ်နိုင်ငံအနေဖြင့် အဆိုပါရည်မှန်းချက်ထက် အနည်းငယ်လျှော့နည်းဖွယ်ရာရှိသော်လည်း ၂၀၂၆ ခုနှစ်တွင် ပြင်သစ်၏ ထုတ်လုပ်မှုစွမ်းဆောင်ရည် ၆၆ ဂီဂါဝပ်ထက် ကျော်လွန်သွားမည်ဟု မျှော်မှန်းထားသည်။

အမေရိကန်သည် နျူကလီးယားဓာတ်ပေါင်းဖို ၉၄ ခုဖြင့် လျှပ်စစ်စွမ်းအား ၁၀၂ ဂီဂါဝပ်ထုတ်လုပ်နိုင်သဖြင့် လက်ရှိအချိန်တွင် ကမ္ဘာ့ဦးဆောင်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ တရုတ်နိုင်ငံ၏ နျူကလီးယားစွမ်းအင်ထုတ်လုပ်မှုသည် လာမည့်ဆယ်စုနှစ်အတွင်း ရုတ်ခြည်းတိုးတက်လာဖွယ်ရာရှိသည်။ စတင်တည်ဆောက်လျက်ရှိသော နျူကလီးယားစွမ်းအင်စက်ရုံများကို ထည့်သွင်းတွက်ချက်မည်ဆိုလျှင် စုစုပေါင်း ထုတ်လုပ်မှုစွမ်းဆောင်ရည်သည် အမေရိကန်ကို ကျော်လွန်သွားဖွယ်ရာရှိသည်။

၂၀၀၀ ပြည့်နှစ် အစောပိုင်းကာလများတွင် လျှပ်စစ်ကားများ လူသိများမှုမရှိခင်ကတည်းကပင် တရုတ်ခေါင်းဆောင်ပိုင်းသည် လျှပ်စစ်သုံးကား(EVs)များထုတ်လုပ်မှုကို အလေးထားပံ့ပိုးပေးလျက်ရှိသည်။ အလားတူ နျူကလီးယားကဏ္ဍတွင် တရုတ်နိုင်ငံသည် အဆင့်မြင့်နည်းပညာ တိုးတက်အကောင်အထည်ဖော်ရာတွင် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိသည်။ အထူးသဖြင့် Generation III နှင့် Generation IV ဓာတ်ပေါင်းဖိုများတည်ဆောက်ရာတွင် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိသည်။ အမေရိကန်အခြေစိုက် Westinhouse မှ ဒီဇိုင်းရေးဆွဲထားသည့် Generation III ဓာတ်ပေါင်းဖိုတစ်ခုဖြစ်သည့် AP 1000 ကို လက်ခံအသုံးပြုနေသည့်အပြင် HPR 1000 သို့မဟုတ် Hualong One ဟု ခေါ်ဆိုသည့်ကိုယ်ပိုင် Generation III ဓာတ်ပေါင်းဖိုကိုလည်း သုတေသနပြု တည်ဆောက်လျက်ရှိသည်။

တရုတ်နိုင်ငံတွင် Hualong One ဓာတ်ပေါင်းဖို လေးခု လည်ပတ်လျက်ရှိခြင်း၊ နျူကလီးယားဓာတ်ပေါင်းဖို ၁၃ ခု ကို တည်ဆောက်လျက်ရှိပြီး ပါကစ္စတန်နှင့် အာဂျင်တီးနားနိုင်ငံတို့တွင် နိုင်ငံတကာ နျူကလီးယားဓာတ်ပေါင်းဖိုများ တည်ဆောက်ခြင်းနှင့်အတူ တရုတ်နိုင်ငံသည် နည်းပညာဦးဆောင်သူနှင့် နျူကလီးယားစွမ်းအင်ဈေးကွက်တွင် ပံ့ပိုးသူအဖြစ် ထူထောင်လျက်ရှိသည်။ ထို့ပြင် တရုတ်နိုင်ငံသည် Generation IV ဓာတ်ပေါင်းဖို နည်းပညာအဆင့်မြှင့်တင်မှုတွင် ရှေ့တန်းမှ ရပ်တည်လျက်ရှိသည်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ကမ္ဘာ့ပထမဆုံး Generation IV နျူကလီးယားဓာတ်ပေါင်းဖိုဖြစ်သည့် HTR-PM သည် တရုတ်နိုင်ငံတွင် စီးပွားဖြစ်လည်ပတ်လျက်ရှိသည်။ အသေးစား မော်ကျူလာဓာတ်ပေါင်းဖို (SMR) ဒီဇိုင်းသည် တရုတ်နိုင်ငံ၏ လိုက်လျောညီထွေ တည်ဆောက်နိုင်မှုနှင့် နျူကလီးယားဓာတ်အားပေးစက်ရုံများ အလျင်အမြန်တည်ဆောက်နိုင်မှုကို ပြသလျက်ရှိသည်။

တရုတ်နိုင်ငံအနေဖြင့် နျူကလီးယားစွမ်းအင် တိုးချဲ့ထုတ်လုပ်မှုများရှိနေသော်လည်း ကုန်းတွင်းပိုင်း နျူကလီးယားတိုးတက်ထုတ်လုပ်မှုတွင် တုံ့ဆိုင်းလျက်ရှိသည်။ ၂၀၁၁ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ ဖူကူရှီးမားနျူကလီးယားဓာတ်ပေါင်းဖို မတော်တဆဖြစ်စဉ်ဖြစ်ပွားပြီးနောက် တရုတ်အစိုးရသည် ဘေးကင်းလုံခြုံမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှုများအပေါ် စိုးရိမ်ပူပန်လျက်ရှိသဖြင့် ကုန်းတွင်းပိုင်းတွင် နျူကလီးယားစွမ်းအင်စက်ရုံများတည်ဆောက်ရေးအတည်ပြုချက်နှင့်စပ်လျဉ်း၍ တရားဝင်ရပ်ဆိုင်းထားခဲ့သည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် လက်ရှိ အမေရိကန်နျူကလီးယားဓာတ်ပေါင်းဖိုလည်ပတ်မှုထက်ပိုမိုသော လျှပ်စစ် ၂၀၁ ဂီဂါဝပ်ထုတ်လုပ်နိုင်သော ကုန်းတွင်းပိုင်း နျူကလီးယားဓာတ်ပေါင်းဖို ၁၈၅ရုံတည်ဆောက်ရန်စီမံကိန်းကို ပယ်ဖျက်ခဲ့သည်။

ကုန်းတွင်းပိုင်း နျူကလီးယားဓာတ်ပေါင်းဖို ရပ်ဆိုင်းမှု ရုပ်သိမ်းရေးသည် တရုတ်နိုင်ငံ၏ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး ရည်မှန်းချက်များကြောင့် ဆွေးနွေးရန် ခေါင်းစဉ်တစ်ခုဖြစ်လာခဲ့သည်။ Taohuajiang၊ Xianning Dafanနှင့် Jiangxi Pengze တို့ကဲ့သို့သော ဖျက်သိမ်းခဲ့သည့် နျူကလီးယားစွမ်းအင်စက်ရုံများသည် ကြိုတင်တည်ဆောက်မှုပြင်ဆင်မှုများနှင့် ကနဦးရင်းနှီးမြှုပ်နှံမှုများရှိသောကြောင့် နောက်ဆုံးတွင် တည်ဆောက်မှုနှင့်လုပ်ငန်းလည်ပတ်မှုတို့တွင် အဆင်ပြေချောမွေ့လာစေမည်ဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် နျူကလီးယားစက်ရုံများ တိုးချဲ့တည်ဆောက်ရန် ရည်မှန်းထားရှိသောကြောင့် အသစ်အသစ်သော စီမံကိန်းများတွင် ဖျက်သိမ်းသည့်အချိုးအစားသည် နိုင်ငံ၏ နျူကလီးယားစွမ်းဆောင်ရည် မဟာဗျူဟာ စဉ်ဆက်မပြတ်အောင်မြင်မှုအတွက် လွှမ်းခြုံအကဲဖြတ်ရာတွင် များစွာအရေးပါနေမည်ဖြစ်သည်။

လက်ရှိအချိန်တွင် အမေရိကန်သည် မျိုးဆက်သစ်နျူကလီးယားဓာတ်ပေါင်းဖိုများ တည်ဆောက်ရာတွင် တရုတ်နိုင်ငံထက် နောက်ကျန်လျက်ရှိသည်။ ၂၀၀၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း တရုတ်နျူကလီးယားစွမ်းအင်ထုတ်လုပ်မှုသည် ၁ ဒသမ ၃ ရာခိုင်နှုန်းမှ ၁၃ ဒသမ ၄ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့သည်။ တရုတ်အစိုးရသည် တိုင်းပြည်၏ နျူကလီးယားစွမ်းအင် တိုးတက်ထုတ်လုပ်ရေး မဟာဗျူဟာတစ်စိတ်တစ်ဒေသအနေဖြင့် ပြည်တွင်းနျူကလီးယားဓာတ်ပေါင်းဖိုတည်ဆောက်မှုကို အလေးထားလုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် နျူကလီးယားစွမ်းအင်အပြင် ကမ္ဘာ့ကမ်းလွန်စွမ်းအင်ထုတ်လုပ်မှု၏ ၅၀ ရာခိုင်နှုန်းခန့် ထုတ်လုပ်နိုင်သည့် စက်စွမ်းအားကို တပ်ဆင်ထားရှိပြီးဖြစ်သည်။

နျူကလီးယားစွမ်းအင်သည် လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရာ၌ များစွာအထောက်အကူပြုလျက်ရှိသည်။ လက်ရှိအချိန်တွင် လျှပ်စစ်စွမ်းအင်ကို နျူကလီးယားစွမ်းအင်မှ များစွာထုတ်လုပ်သွားမည်ဖြစ်သည်။ ပထမဆုံးသော နျူကလီးယားစွမ်းအင်စက်ရုံကို ၁၉၅၀ ပြည့်လွန်နှစ်များတွင် စတင်တည်ဆောက်ခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း နျူကလီးယားစွမ်းအင်စက်ရုံများမှ အနည်းဆုံး လျှပ်စစ်စွမ်းအား ၃၉၀ ဂီဂါဝပ်ကျော် ထုတ်လုပ်ထားရှိသည်။

ထို့ကြောင့် တရုတ်နိုင်ငံအနေဖြင့် ကျောက်မီးသွေးလောင်စာတောင့်အသုံးပြုမှုနှင့် ကာဗွန်ထုတ်လွှတ်မှု လုံးလုံးလျားလျား လျှော့ချနိုင်ရေးအတွက် လေစွမ်းအင်၊ ဆိုလာစွမ်းအင်၊ ရေအားလျှပ်စစ်အပါအဝင် နျူကလီးယားစွမ်းအင် ထုတ်လုပ်ခြင်းတို့ကို ရေရှည်အစီအမံများချမှတ်ကာ လုပ်ဆောင်လျက်ရှိပေသည်။

**❖တရုတ်နိုင်ငံ၏ နျူကလီးယားစွမ်းအင် တိုးချဲ့ထုတ်လုပ်မှုသည် တိုးမြှင့်လာသော စွမ်းအင်လိုအပ်ချက် ဖြည့်ဆည်းရေးရည်မှန်းချက်များကြောင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေခြင်းဖြစ်သလို ၂၀၆၀ ပြည့်နှစ်တွင် ကျောက်ဖြစ်ရုပ်ကြွင်းများအပေါ် မှီခိုအားထားမှုလျှော့ချပြီး ကာဗွန်ထုတ်လွှတ်မှုလုံးဝလျှော့ချရေး ကြိုးပမ်းမှုများတွင် အောင်မြင်မှုရရှိလျက်ရှိသည်။ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်ထိ အကောင်အထည်ဖော်သွားမည့် (၁၄)ကြိမ်မြောက် ငါးနှစ်စီမံကိန်းသည် ၂၀၂၅ ခုနှစ်တွင် တရုတ်သည် နျူကလီးယားစွမ်းအင်ထုတ်လုပ်မှုစွမ်းဆောင်ရည် ၇၀ ဂီဂါဝပ်ထိ တိုးမြှင့်သွားရန် ရည်မှန်းထားရှိသည်။ ❖**

ကိုးကား

- China Will Generate More Nuclear Power Than Both France and the United States by The Diplomat.
- Nuclear power – Wikipedia.

**ဝင်းဇင်(သုတေသန)**

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing inspects activities related to maintaining peace and stability in Eastern Command area


Senior General Min Aung Hlaing gives guidance on measures for regional peace and stability.

**Nay Pyi Taw September 3**

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by Commander-in-Chief (Navy) Vice Admiral Htein Win, Commander-in-Chief (Air) General Tun Aung, Union-level officials, senior military officers from the Office of the Commander-in-Chief, and officials, inspected the activities related to maintaining peace and stability in the Eastern Command area this morning.

First, at the meeting hall of the Eastern Command, Commander Maj-Gen Zaw Min Latt provided a briefing. He discussed the collaboration of military personnel, Myanmar Police Force members, and members of the local People's Militia in maintaining regional security and protecting roads and bridges. He also reported on the reconstruction efforts in Loikaw and other towns affected by the attacks of KNPP, KNDF groups, and PDF terrorists. The briefing also covered the seizure of weapons and ammunition from PDF terrorists during security operations, the surrender of PDF members, and the seizure of illegal timber.

Regarding the briefings, the Senior General stressed the need to systematically carry out operations to maintain regional peace and stability for the safety and security of the people's lives and property. He emphasized that in conducting peace and security operations, there should be continuous intelligence gathering to maintain a steady flow of security-related information. Measures should be taken to prevent damage to public roads and bridges frequently used by the general public. Similarly, regional development activities should also be implemented. He noted that the Pa-O Self-Administered Zone has been working in coordination with the state and the Tatmadaw to maintain regional peace and stability since achieving peace in the past. He instructed that measures should be taken to prevent instability caused by terrorist activities in their regions. It was also mentioned that the armed insurgent groups, MNDAA, TNLA, and AA, were designated as terrorist organizations by the state on September 2, and those associated with them are considered supporters of terrorism.

He further directed that police and administrative personnel, who interact closely with the public, must ensure that public safety operations provide good public services and are conducted fairly and transparently, without causing any burden to the people. He also highlighted the need for coordinated efforts in security matters to ensure the success of the population census and household enumeration and provided guidance on other necessary measures for maintaining regional peace and stability.

After that, the Senior General and party, accompanied by Union Minister for Health Dr. Thet Khaing Win, and Chief Minister of Shan State U Aung Aung, visited the local military hospital in Aungban town. They met with and encouraged officers and soldiers who had been injured while performing national defense and security duties, inquiring warmly about their injuries and recovery conditions on an individual basis. They also took note of their reports and provided necessary support.

Following this, the Senior General and party presented honoraria and gifts to the officers and soldiers currently receiving medical treatment at the hospital.

Afterwards, the Senior General inspected the construction progress of a 400-meter running track and football field within the hospital premises and provided necessary guidance based on the reports from the responsible personnel.

100


Senior General Min Aung Hlaing inquires about the health of a patient.

# U.S. seizes Venezuelan president's airplane, citing sanction laws

**Washington September 3**

The United States has seized Venezuelan President Nicolás Maduro's airplane in the Dominican Republic, citing sanctions laws, the Justice Department announced Monday.

"This morning, the Justice Department seized an aircraft we allege was illegally purchased for $13 million through a shell company and smuggled out of the United States for use by Nicolás Maduro and his cronies," said Attorney General Merrick B. Garland.

"The Department will continue to pursue those who violate our sanctions and export controls to prevent them from using American resources to undermine the national security of the United States," said the attorney general.

The aircraft, which is a Dassault Falcon 900EX, was seized in the Dominican Republic and transferred to the Southern District of Florida at the request of the United States "based on violations of U.S. export control and sanctions laws," according to the statement.

This incident, which came a little over a month after Maduro's re-election, represents the latest chapter in the longstanding tense relations between the United States and Venezuela.

The United States has been pursuing a policy of economic sanctions and diplomatic isolation against the Maduro government in support of opposition leaders.

Xinhua

# SAC Chairman Prime Minister Senior General Min Aung Hlaing inspects Sao San Tun Hospital in Taunggyi, meets health staff


Senior General Min Aung Hlaing speaks in meeting with Sao San Tun Hospital staff.

**Nay Pyi Taw September 3**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by his entourage, this afternoon, inspected San Sao Tun Hospital in Taunggyi, Shan State (South), and met with health staff.

On arrival at the hospital, the Senior General and party were welcomed by Medical Superintendent Dr Win Maw Oo, professors, specialists and nurses.

The Senior General comforted local people receiving medical treatment at the emergency ward, asked after their health conditions and comforted them with gifts of foodstuffs.

At the meeting hall of the hospital, the medical superintendent reported on brief history of the hospital, construction of buildings and new patient wards, process of providing cancer treatment, monthly medical treatment process, undertakings of special care treatment, X-ray process, radiation treatment, and more requirements for providing cancer treatment.

In his response, the Senior General pledged to provide necessary machinery for the hospital. It is necessary to systematically conduct treatment with the use of machinery. Necessary hospitals will be upgraded and extended among other hospitals in Shan State, depending on population of the hospital area. It is necessary to consider the sites for extended construction of the hospital. Housings for health staff must be built at hospitals. Necessary specialists will be appointed for hospitals. The Senior General fulfilled the requirements of the hospital.

Speaking on the occasion, the Senior General noted that people need to be healthy. Only when they are healthy will they work. They have sound foundations for health conditions since their childhood. Hence, they need to take care of food supply. The Senior General urged officials to systematically manage health sector. Efforts must be made for hospitals to be reliable for the people. Health staff have systematic measures in relations and treatments for the patients. As hospital is a venue to provide healthcare services to the people, the facility must be clean and tidy with systematic waste process.

Health staff must be smart as they are providing healthcare services to the people. They have to improve themselves to attract reliance of patients. They have to give proper healthcare services to the people. Arrangements must be made for giving health food supplies to patients. The government is fulfilling needs as much as possible to improve health sector and arranges convenience of health staff for their accommodation. Staff must serve duty with loyalty to the State and they have to strive for catching reliance of the people.

The Senior General viewed round the hospital building, machinery and relevant record books and gave guidance to officials to systematically keep records and documentaries.

Sao San Tun Hospital was built through economic and expertise cooperation of the Soviet Union by Commander Brig-Gen Maung Lwin (BSc Engineering) of Rehabilitation Brigade No 1 in 1957. It aimed to ensure Russia-Myanmar friendly ties. Construction of all buildings cost K4 million. In June 1961, the hospital was commissioned into service. The first-ever medical superintendent of the hospital was Dr Sao Naw Kham and it was only one general hospital in Shan State. Since its establishment, the hospital has accommodated 20 hospitals. On 16 December 2015, the hospital was upgraded to the general hospital (500-bed). 100


Senior General Min Aung Hlaing views hospital documents.

# Von der Leyen pledges to speed up EU enlargement

**Bled September 3**

The European Union (EU) enlargement will be expedited under the new European Commission set to be formed in the coming months, incumbent and future Commission President Ursula von der Leyen announced at an international political conference in Slovenia on Monday.

"Enlargement is an investment in our collective strength and security," von der Leyen said in her speech at the opening of the Bled Strategic Forum, Slovenia's largest annual international political event.

She emphasized the critical importance of integrating the Western Balkans into the EU, noting that "a larger European Union gives us a strong voice in the world."

Slovenian President Natasa Pirc Musar urged global action against climate change, saying, "We should learn how to live with less but better."

The host of the forum, Slovenia's Foreign Minister Tanja Fajon, called on countries to recognize Palestine as a sovereign state and to help end the violence in Gaza. Slovenia recognized the Palestinian state in June.

Xinhua



European Commission President Ursula von der Leyen speaks at the opening of the Bled Strategic Forum in Bled, Slovenia, on Sept. 2, 2024.

# ChaungU Township finishes cultivation of pigeon pea on more than 20,000 acres of croplands

**ChaungU September 3**

ChaungU Township of Sagaing Region has planted 20,200 acres of pigeon pea, according to the township Agriculture Department.

In 2024-25 monsoon season, farmers from ChaungU Township have planted 20,200 acres of pigeon pea against the target of 20,300 acres.

Daw Khin Myat Myat Oo, Head of ChaungU Township Agriculture Department explained: "This monsoon, ChaungU Township earmarked cultivation of 20,300 acres of pigeon pea but local farmers planted 20,200 acres. They are trying to meet the target cultivation. Our department helps local farmers increase per-acre yield of crop. Local farmers grow pigeon pea as a separate crop and in double and mixed cropping process."

This year, Township Agriculture Department raises farmers' awareness for selecting quality strains of crops, using agricultural techniques, prevention of pests and boosting per-acre yield of crops.

Moreover, officials of ChaungU Township Agriculture Department train local farmers make techniques of pesticides to prevent pests and to cut agricultural costs. 206

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets members of Shan State cabinet, state and district level departmental officials



Senior General Min Aung Hlaing meets Shan State Government members and state and district level departmental personnel.

**Nay Pyi Taw September 3**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met members of Shan State cabinet, state and district level departmental officials at the city hall of Taunggyi this morning.

Also present together with the Senior General were Joint SAC Secretary General Ye Win Oo, SAC members Lt-Gen Yar Pyae, Porel Aung Thein, Khun San Lwin, union ministers Lt-Gen Tun Tun Naung, Dr Thet Khaing Win, U Myo Thant, Shan State Chief Minister U Aung Aung, senior military officers from Office of Commander-in-Chief, and the Eastern Command commander.

**Regional facts and development activities presented**

The chief minister reported on regional facts, ongoing farming activities and production capacity, development undertakings of breeding zones, MSME development, tourism development undertakings in Shan State, improvement of health sector, upgrading of gymnasiums, training grounds for health and fitness of locals, holding of sports meets, existing libraries and extension programs, ongoing aid programs for temporarily displaced persons who left their homes due to terrorism in some areas, and upgrading of roads to further facilitate the transportation of the state.

**Clarification of officials**

As regards the reports, SAC member Union Minister for Home Affairs Lt-Gen Yar Pyae explained the implementation of public security system based on the people, supervision of administrators at all levels to ensure that the implementation of people's militia law do not cause burden for the public and is in accord with the law, public participation in law enforcement undertakings of the relevant areas to wipe out online gambling, online fraud and illicit drug trafficking, necessary preparations for success of population and housing census, Union Minister for Border Affairs Lt-Gen Tun Tun Naung explained financial years-wise border areas development undertakings, development undertakings including construction of roads, bridges, buildings, water supply facilities and solar power stations in Shan State and self-administered areas in it, assistance provided in rebuilding homes for the victims of terrorist arson attacks, opening of institutions of higher learning and training schools for human resources development, Union Minister for Health Dr Thet Khaing Win explained upgrading of hospitals and clinics to improve public health, availability of doctors and medicines in every hospital, nation-wide treatment campaigns for public health, Union Minister for Construction U Myo Thant explained financial year-wise upgrading of roads for transportation improvement of the state, repair and maintenance of roads and bridge destroyed by weather and erection of new bridges, deputy ministers for agriculture, livestock and irrigation explained application of innovative methods for development of farming activities, manufacturing of value-added agro-goods, seminars to help solve the difficulties of farmers, availability of quality strains for farming industry, and production of adequate amount of feed.



Senior General Min Aung Hlaing greets Shan State Government members and state and district level departmental personnel.

**Clarified political developments and security issues in the country**

After that, in his speech, the Chairman of the State Administration Council, the Prime Minister said his visit to Shan State is to discuss and coordinate regional development needs. Following the declaration of a political emergency under the 2008 constitution, the Tatmadaw assumed governmental responsibilities. A blend of military and civilian members was appointed to the State Administration Council to advance national interests and tackle pressing issues. During his tenure, the Prime Minister has adhered to legal protocols to manage the Covid-19 crisis and the incidents of violence caused by the incitement of those seeking political gain. The state and the Tatmadaw have responded with restraint to the actions of ethnic armed groups. Some of these groups have exploited the political crisis to expand their territories, causing local residents to flee and seek safety. Currently, these armed insurgents are using civilian infrastructure for protection and compelling displaced individuals to return as human shields. They are also engaging in forced recruitment. The Tatmadaw remains committed to protecting national sovereignty and will respond appropriately based on available information and the actions of these insurgents. The Prime Minister emphasized the importance of towns and village safety and security, urging a collaborative effort between the state and Tatmadaw to restore peace and stability as swiftly as possible.

**Encouraging domestic manufacturing activities is essential for the country's economic prosperity**

The Chairman of the State Administration Council, the Prime Minister continued by highlighting the interconnectedness of the economy and politics, noting that a strong economy often leads to a stable political environment. He pointed out that domestic manufacturing in the country has historically been weak, with a higher reliance on foreign imports compared to exports. This heavy import reliance has increased the demand for foreign currency. Previously, revenue from abroad primarily came from loans, grants, and foreign investments. To generate income, the government focused on extracting and selling domestic resources, *See Page 14*



Senior General Min Aung Hlaing visits the Shwe Phone Pwint Pagoda.

*From Page 13*

as well as trade earnings. Under our administration, the emphasis has shifted from exporting natural resources to prioritizing agricultural products.

Our country spends substantial amounts of foreign currency annually on importing fuel oil and cooking oil. Despite being a producer of oil crops, including peanuts, sesame, and other varieties, we primarily export these crops and consume them directly as food products rather than processing them into oil. This practice increases our dependence on imported cooking oil. By enhancing domestic oil crop yields and processing them locally into cooking oil, we could reduce our reliance on imports and meet our regional cooking oil needs more effectively.

To boost agriculture-based products and exports, we need to adopt modern methods and practices from other countries. Our country benefits from well-irrigated land suitable for agricultural and livestock activities and is strategically positioned to export to markets with demand. To enhance agriculture and livestock, it is crucial for all departmental officials and citizens to collaborate. This collective effort will improve the economy and reduce commodity prices. We should focus on improving manufacturing by enhancing agricultural and livestock products, which will increase farmers' incomes. Additionally, Shan State's abundant trees and bamboo plants offer opportunities for manufacturing forest products based on wood and bamboo, and value-added products. While pursuing these opportunities, it is essential to manage deforestation responsibly. There are also prospects for mining and producing other minerals like coal and steel.

**Education and healthcare sectors must be promoted**

As it is necessary to make educated human resources abundant in the region to boost domestic production, education must be encouraged. Some schools, universities and colleges in Shan State were forced to close due to terrorist attacks. All school-aged children must complete at least KG+9. After completion of middle school level, students will be able to study vocational training for development of their lives. Measures must be taken to enable all students who have passed matriculation to study advanced education. As they are educated, they will be prosperous in the future, their ideologies and rationale will be developed. The government has been expanding libraries to enable those who were weak in formal education to acquire knowledge and to enhance reading skills. As education qualities contribute to development of the country, emphasis must be placed on education.

Moreover, future human resources that will lead the future of the country are required to be disciplined youths. In accordance with the motto " national discipline start from schools", students are those who come under the teachings of their teachers. As those who have completed their classes in their younger lives can lead proper lives, they are able to become intellectuals. The fundamental of the law is disciplines and measures must be taken to educate and supervise them to study the constitution. In building the union based on multi-party democracy system, it is necessary to shape the disciplined society and everyone must abide by the law. Therefore, students are taught law in universities. It is necessary to teach fundamental concepts of laws must be taught to students in KG+ 11 and KG+12 students. Doing so will contribute a lot to the country.

In connection with the health sector, hospitals are being upgraded. In accordance with the policy that every hospital must have doctors, measures are being taken to appoint medical doctors in hospitals. Efforts are being made to provide medical equipment to hospitals. As one can work or study only when one is healthy, care should be taken for the health sector. In connection with the health sector, respective regions and state must exert efforts.

**Public Security**

In connection with public security, the public security system must be implemented in cooperation with those who want to contribute to the interests of regions, the police and administrative bodies. By implementing information systems at different levels, stability of wards and villages can be achieved. If individuals and relevant security authorities cooperate based on security awareness, this will contribute a lot to public security. This amounted to serving the interests of the country. Government employees are required to perform their duties in accordance with codes of conducts and disciplines. Members of the Shan State Government, state- and district-levels officials are urged to exert efforts as much as possible in areas they are assigned duties for development of the country. After the meeting, the Senior General and party cordially greeted members of the Shan State Government and state- and district-levels officials.

**Senior General pays obeisance to Shwe Phone Pwint Pagoda**

Then, the Senior General and party paid obeisance to the Shwe Phone Pwint pagoda, which is a landmark of Taunggyi and they were greeted by members of the pagoda board of trustees. Afterward, the Senior General and party offered flowers, water and lights to the Pagodan and walked around it clockwise.

Then, the Senior General and party enjoyed the landscape of the town from the view point on the pagoda and gave instructions on renovation of the pagoda natural resources in the town.

Afterward, the Senior General presented cash donations for all-round renovation of the pagoda to members of the pagoda board of trustees.

100

# Kyaukmyaung finishes cultivation of pigeon pea on more than 6,000 acres of croplands

**Kyaukmyaung September 3**

According to the statistics of Kyaukmyaung Sub-Township of Shwebo Township in Sagaing Region, local farmers have planted 6,005 acres of pigeon pea this monsoon.

Although local farmers earmarked 5,850 acres of pigeon pea in Kyaukmyaung this monsoon, local farmers exceeded their cultivation of pigeon pea on 6,005 acres.

Dw Khin Win, Head of Kyaukmyaung Sub-Township Agriculture Department said: “We have earmarked more than 5,000 acres of pigeon pea this monsoon but local farmers exceeded target cultivation with more than 6,000 acres of pea. Our department helps local farmers boost per-acre yield of crops. Local farmers grow pigeon pea as separate crop as well as mixed crop.”

This year, township officials urge local farmers to use quality strains of crops and agricultural techniques with prevention of pests for boosting per-acre yield.

Agricultural staff train local farmers on techniques of making folio fertilizer and pesticides to cut agricultural cost.

206

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များက ယူကရိန်းဒရုန်းများကို ပစ်ချနိုင်ခဲ့



ရုရှားနိုင်ငံ ပိုင်နက်နယ်မြေများကို ညအချိန်၌ ပစ်မှတ်ထားတိုက်ခိုက်လာသောယူကရိန်းတို့၏ တိုက်ခိုက်မှုအတွင်း ဒရုန်းများကို ရုရှားနိုင်ငံလေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များက လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်များဖြင့် ပစ်ချနိုင်ခဲ့ကြောင်း ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက စက်တင်ဘာ ၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ရုရှားနိုင်ငံရှိ နယ်မြေဒေသတချို့တွင် ယူကရိန်းတို့ဘက်မှ ပစ်လွှတ်လိုက်သော ဒရုန်းများကို ပစ်ချဖျက်ဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးဌာနက စက်တင်ဘာ ၁ ရက် နံနက်ပိုင်းတွင် သတင်းထုတ်ပြန်ခဲ့သည်။

ယူကရိန်းအစိုးရအဖွဲ့က ဒရုန်းများအသုံးပြု၍ အကြမ်းဖက်တိုက်ခိုက်ရန် ကြိုးပမ်းစဉ်အတွင်း ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များသည် Kursk ဒေသတွင် ဒရုန်း ၄၆ စင်း၊ Bryansk ဒေသတွင် ၃၄ စင်း၊ Voronezh ဒေသတွင် ၂၈ စင်း၊ Belgorod ဒေသတွင် ၁၄ စင်း အသီးသီး ဖယ်ရှားရှင်းလင်း၊ ချေမှုန်း ပစ်ချနိုင်ခဲ့ကြောင်း၊ ထို့ပြင် မော်စကိုမြို့တော်လေပိုင်နက်အထက်တွင် နောက်ထပ် နှစ်စင်း ပစ်ချနိုင်ခဲ့ကြောင်းသိရသည်။

ဝန်ကြီးဌာန၏အဆိုအရ Ryazan ဒေသတွင် ဒရုန်း ရှစ်စင်း၊ Kaluga ဒေသတွင် ငါးစင်း၊ Lipetsk ဒေသတွင် လေးစင်းနှင့် Tula ဒေသတွင် သုံးစင်းတို့ကို လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များက တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း၊ Tambov၊ Smolensk၊ Orel၊ Tverနှင့် Ivanovo ဒေသများ၏ဝေဟင်ပိုင်နက်များတွင်ဒရုန်းနှစ်စင်းကို ပစ်ချနိုင်ခဲ့ကြောင်း သိရသည်။

ယူကရိန်းတို့၏ စီးနင်းတိုက်ခိုက်မှုအတွင်း မြို့တော်အနီး သို့မဟုတ် မြို့တော်အတွင်း၌ အနည်းဆုံး ဒရုန်း ၁၁ စင်းထိ ပစ်ချဖျက်ဆီးနိုင်ခဲ့ကြောင်း မော်စကိုမြို့တော်ဝန် Sergey Sobyanin က ပြောကြားခဲ့သည်။

မြို့တော်အရှေ့တောင်ဘက်ရှိမော်စကိုရေနံချက်စက်ရုံအနီးတွင် ဒရုန်း နှစ်စင်း ပစ်ချနိုင်ခဲ့ရာ ဒရုန်းများအနက်မှ တစ်စင်းသည် အင်ဂျင်နီယာအဆောက်အအုံတစ်ခုပေါ်သို့ ပျက်ကျခဲ့ပြီး မီးလောင်ကျွမ်းမှုကို အရေးပေါ်ကယ်ဆယ်ရေးနှင့် မီးသတ်သမားများက ဆက်လက်ငြိမ်းသတ်နိုင်ခဲ့ကြောင်း မြို့တော်ဝန်က ထည့်သွင်းရှင်းလင်းပြောကြားခဲ့သည်။ မော်စကိုဒေသ Kashira မြို့ရှိ ခရိုင်အကြီးအကဲ Mikhail Shuvalov ၏ ပြောကြားချက်အရ ဒရုန်းသုံးစင်းသည် Kashira ပြည်နယ်ခရိုင်ဓာတ်အားပေးစက်ရုံကို ပစ်မှတ်ထားတိုက်ခိုက်လာခဲ့ကြောင်း၊ သို့သော်လည်း အသေအပျောက်၊ အပျက်အစီးမရှိခဲ့ကြောင်း မော်စကိုမြို့တော်ဝန်က ဆက်လက်ပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ရုရှားနိုင်ငံအတွင်းသို့ ဒရုန်းများဖြင့် ဝင်ရောက်တိုက်ခိုက်မှုကို အရှိန်မြှင့်လုပ်ဆောင်လာခဲ့ပြီး ရုရှားနိုင်ငံ၏ စွမ်းအင်ဆိုင်ရာအခြေခံအဆောက်အအုံများကို အဓိကပစ်မှတ်ထားကာ လူနေရပ်ကွက်များပါမရှောင် အကြမ်းဖက် တိုက်ခိုက်လာခဲ့ကြသည်။

ဩဂုတ်လလယ်ပိုင်းကလည်း ရုရှားပိုင်နက်ကို ယူကရိန်းတို့ဘက်မှ ဒရုန်းဖြင့် တိုက်ခိုက်မှုတစ်ကြိမ် ဖြစ်ပွားခဲ့ပြီး ရုရှားနိုင်ငံ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များ၏ စွမ်းဆောင်ရည်မြင့်မားစွာ ကာကွယ်နိုင်မှုကြောင့် ဒရုန်း ၁၁၇ စင်းထိ ပစ်ချဖျက်ဆီးနိုင်ခဲ့သည်။ လွန်ခဲ့သည့် တစ်ပတ်ကျော်က နောက်ထပ်စီးနင်းတိုက်ခိုက်မှုတစ်ခုတွင် ဒရုန်း ၄၅ စင်းပါဝင်ခဲ့ပြီး ၎င်းတို့အနက် ၁၁ စင်းမှာ မော်စကိုမြို့တော်ကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက တရားဝင်ထုတ်ပြန်ထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Russian air defenses repel large-scale Ukrainian drone attack – MOD ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်နိုင်ငံက အဆင့်မြှင့်တင်ထားသော HQ-9B လက်နက်စနစ်ဗားရှင်းသစ်ကို ထုတ်ဖော်ပြသ



တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) သည် အဆင့်မြှင့်တင်ထားသော HQ-9B တာဝေးပစ် လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်၏ ဗားရှင်းသစ်တစ်မျိုးကို ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက စက်တင်ဘာ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

HQ-9B လက်နက်စနစ်တွင် ဖွဲ့စည်းပုံအသစ်တစ်မျိုးကို တွေ့မြင်ခဲ့ရသည်။ ယခင် HQ-9B ဗားရှင်းဟောင်း၌ ဒုံးပစ်လောင်ချာယာဉ်တွင် ဒုံးကျည်လေးစင်းသာ သယ်ဆောင်တိုက်ပွဲဝင်နိုင်စွမ်းရှိသော်လည်း ယခုတွေ့မြင်ခဲ့ရသည့် လက်နက်စနစ် ဖွဲ့စည်းပုံအသစ်တွင် ဒုံးပစ်လောင်ချာယာဉ်တစ်စီး၌ အရွယ်အစား ပိုမိုသေးငယ်ပြီး ပိုမိုပေါ့ပါးပုံရှိသော မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည် ရှစ်စင်းထိ တင်ဆောင်ထားသည်ဖြစ်ရာ ယခင် ဗားရှင်းထက် တိုက်ပွဲဝင်စွမ်းဆောင်ရည် နှစ်ဆတိုးမြှင့်ထားခြင်းလည်းဖြစ်သည်။

ထိုသို့ အဆင့်မြှင့်တင်နိုင်ခဲ့မှုသည် ခေတ်သစ်လေကြောင်းခြိမ်းခြောက်မှုများနှင့်အညီ လိုက်လျောညီထွေဖြစ်စွာ တုံ့ပြန်နိုင်စေရန် လက်နက်စနစ်၏ ပြောင်းလွယ်ပြင်လွယ်ရှိစွာ တိုက်ပွဲဝင်နိုင်စွမ်းကိုဖော်ပြနေခြင်းပင်ဖြစ်သည်။ နောက်ထပ် အားသာချက်တစ်ရပ်မှာ အလွှာစုံပေါင်းစည်း လေကြောင်းရန်ကာကွယ်ရေးအတွက် တာတိုအတွင်း ဝင်ရောက်လာနိုင်သည့် ပစ်မှတ်များကို ပစ်ချဟန့်တားနိုင်ရန် ကာကွယ်ရေးအလွှာတစ်ခု ထပ်ပိုးရန် အဆင့်မြှင့်တင် နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် အဆင့်မြင့်ဆုံး လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များထဲတွင် HQ-9B သည် တစ်ခုအပါအဝင်ဖြစ်သည်ဟု သတ်မှတ်ခံထားရသည့် လက်နက်စနစ်လည်းဖြစ်သည်။ မူလက HQ-9 ဟုစတင်ခဲ့သည့် တာလတ်ပစ် လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်သည် တရုတ်နိုင်ငံ CPMIEC ကုမ္ပဏီမှ ထုတ်လုပ်ထားခြင်းဖြစ်သည်။ လေယာဉ်များ၊ ခရုဇ်ဒုံးကျည်များ၊ ဝေဟင်မှ မြေပြင်ပစ်ဒုံးကျည်များ၊ နည်းဗျူဟာမြောက်ပဲ့ထိန်း ဒုံးကျည်များ စသည့်လေကြောင်းခြိမ်းခြောက်မှုမျိုးစုံကို ကြားဖြတ်ပစ်ချ၊ တိုက်ခိုက်ဖျက်ဆီးနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ရှစ်ဘီးတပ် Taian TAS-5380 ထရပ်ကား ကိုယ်ထည်ပေါ်တွင် တင်ဆောင်ထားသော နှစ်ဆင့်ကွဲ လေကြောင်းရန် ကာကွယ်ရေးဒုံးကျည်စနစ်သည် ဒုံးပစ်လောင်ချာယာဉ်တစ်စီးလျှင် ဒုံးကျည်လေးစင်း သယ်ဆောင်တိုက်ပွဲဝင်နိုင်သည်။ ဒုံးကျည်တစ်စင်းလျှင် ကီလိုဂရမ် ၁၈၀ အလေးချိန်ရှိသော ဒုံးထိပ်ဖူးတပ်ဆင် အသုံးပြုထားပြီး အလျင်နှုန်း Mach 4.2၊ အမြင့်ဆုံးအကွာအဝေး ကီလိုမီတာ ၂၀၀၊ အများဆုံး အမြင့် ကီလိုမီတာ ၃၀ ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။

HQ-9B ဗားရှင်းသစ်သည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA)၊ လေတပ် (PLAAF)က ပြုလုပ်ခဲ့သော အပြင်းအထန်စမ်းသပ်မှုများ၏ ရလဒ်ကောင်းတစ်ခုလည်း ဖြစ်သည်။ ရုရှားနိုင်ငံ ထုတ် S-400 ကဲ့သို့ပင် HQ-9B သည် တိုက်ပွဲအခြေအနေများတွင် ရှင်သန်ရပ်တည်နိုင်စွမ်းကိုမြှင့်တင်ရန် စစ်သုံးထရပ်ကားများပေါ်တွင် ဒုံးကျည်များ၊ ရေဒါများနှင့် ကွပ်ကဲမှုယူနစ်များ တပ်ဆင်ထားပြီး ရွှေ့လျားစစ်ကစားမှု မြင့်မားကောင်းမွန်စေရန်အတွက် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ အကွာအဝေး ကီလိုမီတာ ၂၅၀၊ ညွှန်းရပ် ဒီဂရီ ၃၆၀ ပတ်လည်၊ စတုရန်းကီလိုမီတာ ၂၀၀၀၀၀ ခန့်ကို လွှမ်းခြုံကာကွယ်ထားနိုင်သည့် ရေဒါဖြင့် ပေါင်းစပ်အသုံးပြုထားသော HQ-9B လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်သည် တရုတ်နိုင်ငံ ခံစစ်လက်နက်စွမ်းအားတွင် ကြောက်မက်ဖွယ်စွမ်းအားတစ်ခုလည်း ဖြစ်ကြောင်း သိရသည်။

**China Unveils New Variant of HQ-9B Air Defense System with Enhanced Capabilities ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

☆ ကျောဖုံးမှအဆက်

ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုနှင့် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်နိုင်မှု၊ မွေးမြူရေးဇုန်များအလိုက် လုပ်ငန်းများတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှုများကြောင့် ၎င်းတို့၏ နေရပ်အသီးသီးမှ ဘေးလွတ်ရာနေရာများသို့ ယာယီနေရပ်စွန့်ခွာ တိမ်းရှောင်နေရသူများအား ထောက်ပံ့မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု ယခုထက်လျင်မြန်ချောမွေ့စေရေးအတွက် လမ်းများအဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများကို တင်ပြသည်။

**တင်ပြချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေး**

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က

**ပြည်တွင်း၌ ဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး စားသုံးဆီအဖြစ် ကြိတ်ခွဲဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးဆီ လုံလောက်မှုရှိနိုင်မည်ဖြစ်. . .**

**စိုက်ပျိုးရေးလုပ်ငန်းကို အခြေခံသည့်ထုတ်ကုန်ပစ္စည်းများ၊ ပို့ကုန်ပစ္စည်းများ တိုးမြှင့်ရရှိရေးဆောင်ရွက်ရာတွင် အခြားပြည်ပနိုင်ငံများက ဆောင်ရွက်နေသည့် ခေတ်မီနည်းစနစ်များနှင့် လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အတုယူဆောင်ရွက်ကြရန်လို. . .**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးပေါ်ရှိ ရှုခင်းသာView Point မှတစ်ဆင့် တောင်ကြီးမြို့၏ ရှုခင်းများကို ကြည့်ရှုစဉ်။

မှု၊ ရှမ်းပြည်နယ်အတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍမြှင့်တင်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဒေသနေပြည်သူများ ကျန်းမာကြံ့ခိုင်သန်စွမ်းစေရေးအတွက် အားကစားရုံများ၊ လေ့ကျင့်ရေးကွင်းများ အဆင့်မြှင့်တင်တည်ဆောက်ပေးထားမှုနှင့် အားကစားပွဲများကျင်းပလျက်ရှိမှု၊ စာကြည့်တိုက်များဖွင့်လှစ်ထားရှိမှုနှင့် တိုးချဲ့ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိမှု၊ ရှမ်းပြည်နယ်အတွင်းရှိ အချို့ဒေသများ၌ အကြမ်းဖက်သမားများ၏ လုပ်ရပ်ပြည်သူလူထုကိုအခြေပြုသည့် ပြည်သူ့လုံခြုံရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး၊ တရားဥပဒေနှင့်အညီဖြစ်စေရေး အုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် အဆင့်ဆင့်ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန်လိုအပ်မှု၊ မိမိတို့ တာဝန်ယူရသည့် ဒေသများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုများ ပပျောက်စေရေးအတွက် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်ရန်လိုအပ်မှု၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားရှိရန် လိုအပ်မှုများကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိမှု၊ ရှမ်းပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် လမ်းတံတားများနှင့်အဆောက်အအုံများ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ရေရရှိရေးလုပ်ငန်းများနှင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုများကြောင့် နေအိမ်များပျက်စီးခဲ့ရသည့် ပြည်သူများအတွက် နေအိမ်များဆောက်လုပ်နိုင်ရန် ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးရွက်လျက်ရှိမှု၊ ရာသီဥတုကြောင့်ပျက်စီးခဲ့ရသည့် လမ်းနှင့်တံတားနေရာများကို ပြန်လည်ပြုပြင်ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှုနှင့် တံတားအသစ်များ တည်ဆောက်လျက်ရှိမှုများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ လုပ်ဆောင်ပေးလျက်ရှိမှု၊ စိုက်ပျိုးရေးထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရေးဆောင်ရွက်ပေးနေမှု၊ စိုက်ပျိုး

တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် သင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုတို့ကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ပြည်သူလူထုများ၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ပေးနိုင်ရေး ဆေးရုံ၊ ဆေးခန်းများအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိမှု၊ ဆေးရုံတိုင်းတွင် ဆရာဝန်ရှိရမည်ဟူသည့် မူဝါဒနှင့်အညီ ဆောင်ရွက်လျက်ရှိမှု၊ အခြေခံဆေးဝါးများ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ပြည်သူ့ကျန်းမာရေးအတွက် ကုသရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပေးလျက်ရှိမှုများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ရှမ်းပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှုများ ပိုမိုတိုးတက်စေရေး လမ်းများအဆင့်မြှင့်တင်ခြင်းကို ဘဏ္ဍာရေးနှစ်အလိုက်ဆောင်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ကြီးမြို့ ကျက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

မွေးမြူရေးလုပ်ငန်း ဆောင်ရွက်သူများနှင့် အပြန်အလှန်နှီးနှောဖလှယ်၍ တောင်သူများ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်မျိုးကောင်းမျိုးသန့်များရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှုနှင့် မွေးမြူရေးအစာများ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို ပြန်လည်ဆွေးနွေးပြောကြားကြသည်။

### နိုင်ငံတော်၏ နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုနှင့် လုံခြုံရေးပိုင်းဆိုင်ရာများကို ရှင်းလင်းပြောကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်ရာ၌ လိုအပ်သည်များကို ဆွေးနွေးပြောကြားနိုင်ရန်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့်အခြေအနေများနှင့် လုံခြုံရေးပိုင်းဆိုင်ရာများကို ဦးစွာပြောကြားလိုကြောင်းဖြင့် ပြောကြားပြီး ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့မှုနှင့် အဆိုပါ မဲမသမာမှုများကို တာဝန်ရှိသူများက ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့မှု၊ နိုင်ငံတော်တွင် ဖြစ်ပေါ်လာခဲ့သည့် အခြေအနေများအရ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်ကို နိုင်ငံရေးအရအရေးပေါ်အခြေအနေကြေညာခဲ့ပြီး တပ်မတော်ကနိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးကို ဖော်ဆောင်ပေးနိုင်မည့် စစ်ဘက်၊ အရပ်ဘက်မှ ပုဂ္ဂိုလ်များကို ရွေးချယ်၍ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့မှု၊ စတင်တာဝန်ထမ်းဆောင်ခဲ့စဉ် ကိုဗစ်-၁၉ ရောဂါကြောင့်ဖြစ်ပေါ်ခဲ့ရသည့် အကျပ်အတည်းများနှင့် နိုင်ငံရေးအမြတ်ထုတ်လိုသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ရပ်များကို ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့မှု၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်ပတ်သက်၍ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက်တွင် ထိန်းထိန်းသိမ်းသိမ်းဖြင့်သာ ဖြေရှင်းဆောင်ရွက်ခဲ့မှု၊ **အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံတော်တွင် နိုင်ငံရေးအရအကျပ်အတည်းများဖြစ်ပေါ်နေမှုကို အခွင့်ကောင်းရယူ၍ နယ်မြေချဲ့ထွင်ရန် ကြိုးပမ်းဆောင်ရွက်မှုများကို ကြုံတွေ့လာခဲ့ရမှု၊** ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသခံပြည်သူများအနေဖြင့် နေရပ်ဒေသများနှင့် နေအိမ်စည်းစိမ်များကိုစွန့်ခွာပြီး အခြားဘေးလွတ်ရာဒေသများတွင် ယာယီသွားရောက်ခိုလှုံနေကြရမှု၊ လက်ရှိအချိန်တွင် အဆိုပါ **လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့်၎င်းတို့အစမွဝင်ရောက်နေထိုင်နေသည့် မြို့ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုတို့ကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိမှု၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန် ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်မှု၊** နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းမှုများ အမြန်ဆုံးပြန်လည်ရရှိရေးအတွက် စည်းလုံးသောအင်အားဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။

### နိုင်ငံ့စီးပွား ကောင်းမွန်ရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားရာတွင် စီးပွားရေးနှင့်ပတ်သက်၍ စီးပွားရေးသည် နိုင်ငံရေးနှင့် ဆက်စပ်လျက်ရှိပြီး စီးပွားရေးကောင်းမွန်မှသာလျှင် နိုင်ငံရေးလည်းကောင်းမွန်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ခေတ်အဆက်ဆက်တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ အားနည်းခဲ့ပြီး ပြည်ပပို့ကုန်နှင့် ပြည်ပသွင်းကုန်များတွင် ပြည်ပသွင်းကုန်များ ပိုမိုများပြားခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ပြည်ပမှတင်သွင်းရမှုများများပြားခဲ့သဖြင့် နိုင်ငံခြားငွေလိုအပ်ချက်များဖြစ်ပေါ်ခဲ့ကြောင်း၊ ယခင်က ပြည်ပမှရရှိခဲ့သည့် ဝင်ငွေများကို ပြန်လည်စိစစ်ခဲ့ရာတွင် ချေးငွေများ၊ ထောက်ပံ့ငွေများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ပြည်ပမှဝင်ငွေများရရှိရန်အတွက် နိုင်ငံတွင်းရှိ သယံဇာတများထုတ်ယူရောင်းချခြင်းနှင့် ကုန်သွယ်မှုရရှိငွေများဖြင့် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ မိမိတို့အစိုးရ တာဝန်ယူဆောင်ရွက်ချိန်တွင် သယံဇာတပစ္စည်းများ တတ်နိုင်သမျှတင်ပို့ခြင်းမရှိခဲ့ဘဲ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသည့် ထွက်ကုန်များကိုအဓိက ပိုမိုတင်ပို့ခဲ့ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် စက်သုံးဆီနှင့် စားသုံးဆီများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရခြင်းကြောင့် နိုင်ငံခြားငွေများကို များစွာသုံးစွဲကုန်ကျရလျက်ရှိကြောင်း၊ စားသုံးဆီနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် ဆီထွက်သီးနှံစိုက်ပျိုးသည့်နိုင်ငံဖြစ်ပြီး မြေပဲနှင့် နှမ်းကို အဓိကစိုက်ပျိုးကြပြီး အခြားဆီထွက်သီးနှံများကိုလည်း စိုက်ပျိုးကြကြောင်း၊ သို့သော်လည်း ဆီထွက်သီးနှံများကို ဆီအဖြစ် ထုတ်ယူသုံးစွဲခြင်းထက် ပို့ကုန်များအဖြစ် တင်ပို့ခြင်းနှင့် တိုက်ရိုက်စားကုန်များအဖြစ် စားသုံးခြင်းများကြောင့် ဒေသတွင်းစားသုံးဆီလိုအပ်ချက်များ ဖြစ်ပေါ်လျက်ရှိကြောင်း၊ **ပြည်တွင်း၌ ဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး စားသုံးဆီအဖြစ် ကြိတ်ခွဲဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးဆီလုံလောက်မှုရှိနိုင်မည်ဖြစ်**ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းကို အခြေခံသည့် **ထုတ်ကုန်ပစ္စည်းများ၊ ပို့ကုန်ပစ္စည်းများ တိုးမြှင့်ရရှိရေးဆောင်ရွက်ရာတွင် အခြားပြည်ပနိုင်ငံများက ဆောင်ရွက်နေသည့် ခေတ်မီနည်းစနစ်များနှင့် လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အတုယူဆောင်ရွက်ကြရန်လို**ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် ပြည်ပနိုင်ငံများတင်ပို့နိုင်မည့် ပထဝီဝင်မြေအနေအထားကို ပိုင်ဆိုင်ထားရှိကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန်အတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်မှသာလျှင် နိုင်ငံ့စီးပွားရေးကောင်းမွန်လာမည်ဖြစ်ပြီး ကုန်ဈေးနှုန်းများ ပြန်လည် ကျဆင်းသွားမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ကုန်ထုတ်လုပ်မှုများမြှင့်တင်ပေးရန်လိုပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးထုတ်ကုန်များကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် တောင်သူများအနေဖြင့် ဝင်ငွေများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ အလားတူ ရှမ်းပြည်နယ်ဒေသအတွင်း သစ်ဝါးများ ပေါများစွာရှိကြောင်း၊ ထို့ကြောင့် သစ်တောထွက်ပစ္စည်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်သည့်အခွင့်အလမ်းများရှိပြီး သစ်နှင့်ဝါးကို အခြေခံသည့်ပျော့ဖတ်များ၊ တန်ဖိုးမြှင့်ပစ္စည်းများကို ထုတ်လုပ်နိုင်ကြောင်း၊ တစ်ဖက်တွင်လည်း သစ်တောပြုန်းတီးမှုများကို ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ အခြားတွင်းထွက်ပစ္စည်းများဖြစ်သည့် ကျောက်မီးသွေးထုတ်လုပ်ခြင်း၊ သံမဏိထုတ်လုပ်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ ပိုင်ဆိုင်ထားကြောင်း။

### ပညာရေးနှင့် ကျန်းမာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးရေး

ထိုကဲ့သို့ ပြည်တွင်းကုန်ထုတ်လုပ်မှုများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဒေသအတွင်း ပညာတတ်လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝရန်လည်းလိုသဖြင့် ပညာရေးကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ အချို့ကျောင်းများ၊ တက္ကသိုလ်များနှင့် ကောလိပ်များသည် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် ပိတ်ထားရကြောင်း၊ ကျောင်းနေအရွယ် ကလေးငယ်အားလုံး အနည်းဆုံး KG + 9 အဆင့်ထိ တက်ရောက်အောင်မြင်ရန်လိုကြောင်း၊ အခြေခံပညာအလယ်တန်းအဆင့်ထိ သင်ယူပြီးပါက ဘဝတိုးတက်ရေးအတွက် လိုအပ်သည့် အတတ်ပညာများကို ဆက်လက်သင်ယူနိုင်မည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသည့် ကျောင်းသား၊ ကျောင်းသူများအားလုံးကိုလည်း အဆင့်မြင့်ပညာဆက်လက်သင်ယူနိုင်ရေးဆောင်ရွက်ပေးရန်လိုကြောင်း၊ **စာမျက်နှာ ၁၈ သို့**

စာမျက်နှာ ၁၇ မှအဆက်

ပညာတတ်များဖြစ်မှသာ ၎င်းတို့၏ အနာဂတ် တိုးတက်ကောင်းမွန်မည် ဖြစ်သကဲ့သို့အတွေးအခေါ်များ ကောင်းမွန်လာပြီး စဉ်းစားဆင်ခြင်တုံတရားများလည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ ယခင်က အတန်းပညာ အားနည်းခဲ့သူများ ဗဟုသုတနှင့် အသိပညာများ ရရှိနိုင်ရေးအတွက်လည်း နိုင်ငံတော်အနေဖြင့် စာကြည့်တိုက်များကိုတိုးချဲ့ဖွင့်လှစ်၍ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ပညာမြင့်မားရေးသည် နိုင်ငံတိုးတက်ရေးပင်ဖြစ်သဖြင့် အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထို့ပြင် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်တည်ဆောက်ကြမည့် အနာဂတ်လူသားအရင်းအမြစ်များအနေဖြင့် စည်းကမ်းစနစ်တကျရှိသည့် လူငယ်များဖြစ်ရန်လည်း လိုကြောင်း၊ “အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက” ဆိုသည့်အတိုင်း ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဆရာ၊ ဆရာမများ၏ သွန်သင်ဆုံးမမှုများကို ဦးစွာခံယူခဲ့ရသူများဖြစ်ကြောင်း၊ ငယ်စဉ်က အတန်းပြီးဆုံးအောင်တက်ရောက်ခဲ့ကြသူများမှာစည်းကမ်းစနစ်တကျဖြင့် နေထိုင်တတ်သူများဖြစ်သကဲ့သို့ ပညာကိုလည်း တတ်မြောက် အောင်မြင်နိုင်ကြသူများဖြစ်ကြောင်း၊ ဥပဒေ၏အခြေခံမှာ စည်းကမ်းပင်ဖြစ်ပြီး အခြေခံဥပဒေဆိုင်ရာ အသိအမြင်များရရှိစေရေးပညာပေးမှုများနှင့် ထိန်းကျောင်းမှုများကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရာတွင် စည်းကမ်းစနစ်ကျနသည့် လူအဖွဲ့အစည်း၊ အသိုက်အဝန်းကို ပုံဖော်ပေးရန်လိုပြီး ဥပဒေကို လူတိုင်းသိရှိလိုက်နာရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဥပဒေပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ သိရှိနားလည်နိုင်ရေး တက္ကသိုလ်များတွင် ဥပဒေပညာရပ်များကို သင်ကြား ပေးလျက်ရှိကြောင်း၊ KG+ 11 နှင့် KG+12 တို့ရှိ ကျောင်းသား၊ ကျောင်းသူများကိုလည်း ဥပဒေဆိုင်ရာအခြေခံများကိုသိရှိနိုင်ရေးဥပဒေပိုင်းဆိုင်ရာအခြေခံအသိအမြင်များကိုသင်ကြားပို့ချပေးသွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အနာဂတ်နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းမည်ဟု ယုံကြည်ကြောင်း။

ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍လည်း ဆေးရုံများအဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်ဟူသည့် မူဝါဒနှင့်အညီ ဆေးရုံများအားလုံးတွင် ဆရာဝန်များရှိစေရေး ဆောင်ရွက်ပေးထားကြောင်း၊ ဆေးရုံသုံးပစ္စည်းများ လုံလောက်စွာရရှိရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေး လျက်ရှိကြောင်း၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်ဖြစ်သဖြင့် ကျန်းမာရေးနှင့်ပတ်သက်၍ ဂရုစိုက်ဆောင်ရွက်ကြရန် လိုကြောင်း၊ ကျန်းမာရေးနှင့်ဆက်စပ်၍ အားကစားကဏ္ဍ တိုးတက်မှုရှိစေရေးအတွက်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။




## ပြည်သူ့လုံခြုံရေး

လုံခြုံရေးနှင့်ပတ်သက်၍ ဒေသအတွက် ကောင်းရာကောင်းကျိုးဆောင်ရွက်မည့်သူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်း၍ ပြည်သူ့လုံခြုံရေးစနစ်ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဆင့်ဆင့်သတင်းပေးသည့်စနစ်ကို ဖော်ဆောင်ခြင်းအားဖြင့် ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက် တည်ငြိမ်အေးချမ်းမှုကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများ တစ်ဦးချင်းနှင့် သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများ လုံခြုံရေးအသိတရားဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက လုံခြုံရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် နိုင်ငံကောင်းအောင် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့ကိုပေးအပ်ထားသည့် တာဝန်များထမ်းဆောင်ရာတွင် ချမှတ်ထားသည့် ကျင့်ဝတ်၊ စည်းကမ်းများကိုလိုက်နာပြီး နိုင်ငံတော်အပေါ်သစ္စာရှိစွာဖြင့် တာဝန်ထမ်းဆောင်ရန်လိုကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မိမိတို့တာဝန်ကျရာဒေသများမှတစ်ဆင့် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးတတ်စွမ်းသရွေ့ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

## ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် တောင်ကြီးမြို့ ကျက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ပြီး စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

၎င်းနောက် စေတီတော်မြတ်ကြီးပေါ်ရှိ ရှုခင်းသာView Point မှတစ်ဆင့် တောင်ကြီးမြို့၏ ရှုခင်းများကိုကြည့်ရှုကာ တောင်ကြီးမြို့ရှိ သဘာဝအရင်းအမြစ်များ မပျောက်ပျက်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲမှုရှိအောင် ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများကို ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများကိုပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

# Mpox (မျောက်ကျောက်) ရောဂါကာကွယ်ရေးနှိုးဆော်ချက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ၂၀၂၄ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် Mpox (မျောက်ကျောက်) ရောဂါကူးစက်မှုအား နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပါသည်။

**ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ**

- ရောဂါပိုးရှိသူနှင့်လိင်ဆက်ဆံခြင်းမှ ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် အရေပြားခြင်းထိတွေ့ခြင်း၊ နမ်းရှုပ်ခြင်း၊ ပွေ့ဖက်ခြင်းတို့မှတစ်ဆင့်ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် မျက်နှာချင်းဆိုင် အနီးကပ်တွေ့ဆုံခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊ (စကားပြောခြင်း၊ အသက်ရှူခြင်း)
- ရောဂါပိုးရှိသူ၏ အနာများ၊ အညစ်အကြေးများနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးများ ကပ်တင်ကျန်နေသည့် အသုံးအဆောင်ပစ္စည်းများ၊ မျက်နှာပြင်များကို လက်ဖြင့်ကိုင်တွယ်ထိတွေ့ခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊
- မသန့်ရှင်းသောဆေးထိုးအပ်နှင့်ဆေးရုံသုံးပစ္စည်းများမှတစ်ဆင့် ကူးစက်ခြင်း၊
- Mpox ဗိုင်းရပ်စ်ရောဂါပိုးကူးစက်ခံထားရသည့် တိရစ္ဆာန်များနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- မိခင်မှကလေးသို့ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးနောက်တွင် ကူးစက်ခြင်း၊

**ရောဂါပျိုးရက်**

- ရောဂါပိုးစတင်ဝင်ရောက်ပြီး တစ်ရက်မှ ၂၁ ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားနိုင်ပါသည်။

**သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ**

- မျက်နှာ၊ ပါးစပ်၊ လက်နှင့် ခြေထောက်၊ ခန္ဓာကိုယ်၊ စအိုဝန်းကျင်နှင့်လိင်အင်္ဂါများတွင် အနီကွက်များထွက်ခြင်း၊ အရည်ကြည်ဖုများပေါက်ခြင်း၊
- ဖျားခြင်း (>38.5˚C)၊
- အကြိတ်များရောင်ရမ်းခြင်း၊
- လည်ချောင်းနာခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ကျောအောင့်ခြင်း၊
- မောပန်းနွမ်းနယ်ခြင်း၊

(လွန်ခဲ့သည့် ၂၁ ရက်အတွင်း ရောဂါပိုးတွေ့ရှိရာ နိုင်ငံ၊ ဒေသများမှ ပြန်လည်ဝင်ရောက်လာသူများတွင် အထက်ပါလက္ခဏာ များဖြစ်ပွားလာပါက ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ရန် လိုအပ်ပါသည်။)

**ကာကွယ်နိုင်မည့် နည်းလမ်းများ**

- Mpox (မျောက်ကျောက်) ရောဂါလက္ခဏာခံစားနေရသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်ထိတွေ့ခြင်း၊ လိင်ပိုင်းဆိုင်ရာထိတွေ့ဆက်ဆံခြင်းများကို ရှောင်ကြဉ်ပါ၊
- အနီးကပ်ထိတွေ့မှုကို ရှောင်လွှဲ၍မရပါက လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း (Mask) ကို တပ်ဆင်ပါ၊
- သံသယရောဂါလက္ခဏာခံစားနေရသူ၏ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ရာတွင် လက်အိတ်ဝတ်ဆင်ခြင်းနှင့်
နှာခေါင်းစည်း (Mask)ကို တပ်ဆင်ခြင်းကို ပြုလုပ်ပါ၊
- လက်ကိုဆပ်ပြာနှင့်ရေ သို့မဟုတ် အယ်လ်ကိုဟောအနည်းဆုံး (၆၀%)ပါဝင်သော ရေမလိုလက်သန့်စင်ဆေးရည်အသုံးပြု၍ စနစ်တကျဆေးကြောပါ၊ လက်မဆေးဘဲ ပါးစပ်၊ နှာခေါင်းနှင့် မျက်လုံးများကို ကိုင်တွယ်ခြင်းမပြုပါနှင့်၊
- တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်းမွန်စေရန် ဆောင်ရွက်ပါ၊
- နှာချေ၊ ချောင်းဆိုးသည့်အခါတွင် လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးဖြင့် လုံခြုံစွာဖုံးအုပ်ပါ၊
- အသုံးအဆောင်ပစ္စည်းများ (အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ အဝတ်အထည်စသည့်...)များကို ရေ၊ ဆပ်ပြာနှင့်စနစ်တကျလျှော်ဖွပ်၍အသုံးပြုပါ၊
- တိရစ္ဆာန်များကို အကာအကွယ်မပါဘဲ မထိတွေ့ပါနှင့်၊အသားများကိုကျက်အောင်ချက်ပြုတ်စားပါ၊

**Mpox (မျောက်ကျောက်)ရောဂါလူနာနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်း(သို့မဟုတ်) ရောဂါသံသယလက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပေးပို့၍ လိုအပ်သောစစ်ဆေးစမ်းသပ်မှုနှင့် ကုသမှုခံယူပါ။**

ကျန်းမာရေးဝန်ကြီးဌာန
ဩဂုတ်လ၊ ၂၀၂၄



နိုင်ငံတော်
စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်
ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ဆေးကုသမှုခံယူလျက်ရှိသည့်
နိုင်ငံတော်ကာကွယ်ရေးနှင့်
လုံခြုံရေးတာဝန်များ
ထမ်းဆောင်စဉ်
ထိခိုက်ဒဏ်ရာရရှိခဲ့သော
အရာရှိ၊ စစ်သည်များကို
တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍
ရင်းနှီးနွေးထွေးစွာ
မေးမြန်းအားပေးစကား
ပြောကြားစဉ်။

တာဝန်ရှိသူများအနေဖြင့်လည်း ပြည်သူ့လုံခြုံရေးကို ဆောင်ရွက်ရာတွင် ပြည်သူများအတွက် ကောင်းမွန်သောပြည်သူ့ရေးရာဝန်ဆောင်မှုဖြစ်စေရန်နှင့် ပြည်သူကို ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရာတွင် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် လုံခြုံရေးပိုင်းဆိုင်ရာများတွင် ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားနယ်မြေဒေသလုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးဆိုင်ရာများနှင့်ပတ်သက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး အရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကား ပြောကြားပြီး အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားစဉ်။

⚐ ရှေ့ဖုံးမှအဆက်

လက်နက်ခဲယမ်းများ သိမ်းဆည်းရမိမှုနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ အလင်းဝင်ရောက်လာမှု၊ တရားမဝင်သစ်များဖမ်းဆီးရမိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ လုံခြုံရေးအတွက် နယ်မြေတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နေရန်လိုကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လုံခြုံရေးနှင့်ပတ်သက်သည့် သတင်းများ စဉ်ဆက်မပြတ်ရရှိအောင် သတင်းရယူတည်ဆောက်ပြီး ဆောင်ရွက်သွားရန်လိုကြောင်း၊ အများပြည်သူများသွားလာလျက်ရှိသည့် လမ်းတံတားများ ထိခိုက်ပျက်စီးမှုများမရှိအောင်ဆောင်ရွက်နေရန်လိုကြောင်း၊ အလားတူ နယ်မြေဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအနေဖြင့် ယခင်ကတည်းကပင် ငြိမ်းချမ်းရေးရယူခဲ့ပြီး ဒေသတည်ငြိမ်အေးချမ်းမှုများကို နိုင်ငံတော်၊ တပ်မတော်နှင့်လက်တွဲ၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ၎င်းတို့၏ ဒေသများအတွင်း၌လည်း အကြမ်းဖက်သမားများဝင်ရောက်လှုပ်ရှားမှုများကြောင့် နယ်မြေမငြိမ်မသက်မှုများမဖြစ်စေရေးဆောင်ရွက်သွားရန်လိုကြောင်း၊ အကြမ်းဖက်မှုများကို ကျူးလွန်လျက်ရှိသည့် **MNDAA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့၊TNLA လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့နှင့် AA လက်နက်ကိုင်အဖွဲ့တို့အား စက်တင်ဘာ ၂ ရက်တွင် နိုင်ငံတော်မှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ပြီးဖြစ်**ကြောင်း၊ ထို့ကြောင့် **၎င်းတို့နှင့် ဆက်နွှယ်နေသူများအနေဖြင့်လည်း အကြမ်းဖက်မှုများကို အားပေးနေကြသူများပင်ဖြစ်**ကြောင်း။

ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသည့် ရဲတပ်ဖွဲ့ဝင်များ၊အုပ်ချုပ်ရေးဆိုင်ရာ

ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့ လိုက်ပါ၍ အောင်ပန်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့်နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော

ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံအတွင်း မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်းတည်ဆောက်ရန် ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(ဖ၀၁)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အောင်ပန်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံအတွင်း မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်းတည်ဆောက်ရန် ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## တောင်ကြီးမြို့ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေး၊ ကျန်းမာရေးဝန်ထမ်းများကို တွေ့ဆုံအမှာစကားပြောကြား






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦးက ဆေးရုံ၏သမိုင်းအကျဉ်း၊ အဆောက်အအုံများဆောက်လုပ်ထားရှိမှုနှင့် လူနာဆောင်သစ်များ ဆောက်လုပ်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများ၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးဝန်ထမ်းများကို တွေ့ဆုံ အမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦးနှင့် ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အရေးပေါ်ကုသဆောင်တွင် တက်ရောက် ကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများကို ကြည့်ရှု၍ ကျန်းမာရေးအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဆေးရုံကြီး အစည်းအဝေးခန်းမတွင် ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦးက ဆေးရုံ၏သမိုင်းအကျဉ်း၊ အဆောက်အအုံများ ဆောက်လုပ်ထားရှိမှုနှင့် လူနာဆောင်သစ်များ ဆောက်လုပ်ထားရှိမှု၊ ကင်ဆာရောဂါကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လအလိုက် ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အထူးကြပ်မတ်ကုသမှုများ ဆောင်ရွက်နိုင်မှု၊ ဓာတ်မှန်လုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ ဓာတ်ရောင်ခြည်ကုသမှုများ ဆောင်ရွက်နိုင်မှုနှင့် ကင်ဆာကုသခြင်းလုပ်ငန်းအတွက် စက်ကိရိယာများ ထပ်မံလိုအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည့် စက်ကိရိယာများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စက်ပစ္စည်းများအသုံးပြု၍ ကုသမှုများ ဆောင်ရွက်ရာတွင်လည်း စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ ဆေးရုံများအနက် လိုအပ်ချက်ရှိသည့် ဆေးရုံများကို အဆင့်မြှင့်တင်မှုများနှင့် တိုးချဲ့မှုများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း နယ်မြေအတွင်းနေထိုင်သည့်

**စာမျက်နှာ ၂၁ သို့**

**စာမျက်နှာ ၂၀ မှအဆက်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးဝန်ထမ်းများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

ပြည်သူများ၏ လူဦးရေကို တွက်ချက်၍ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆေးရုံ တိုးချဲ့တည်ဆောက်ရန်အတွက် လိုအပ်သည့် မြေနေရာများကိုလည်း စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ဆေးရုံများတွင် ကျန်းမာရေးဝန်ထမ်းများ၏ နေအိမ်များ ထည့်သွင်းတည်ဆောက်ပေးထားရန်လိုကြောင်း၊ ဆေးရုံများအတွက် လိုအပ်သည့် ပါရဂူများကိုလည်း ခန့်အပ် တာဝန်ပေးရမည်ဖြစ်ကြောင်း ပြောကြား၍ ဆေးရုံ၏လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြည်သူတိုင်းကျန်းမာရန်လိုကြောင်း၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ ငယ်ရွယ်စဉ်ကတည်းကပင် အခြေခံကောင်းများရှိရန်လိုကြောင်း၊ ထို့ကြောင့် အစားအသောက်မှအစ ဂရုတစိုက် ဆောင်ရွက်ရန်လိုကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ စနစ်တကျဖြင့် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဆေးရုံများသည် ပြည်သူများအတွက် အားကိုးဖွယ်ရာဖြစ်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြောဆိုဆက်ဆံမှုမှအစ ကုသစောင့်ရှောက်မှုအပိုင်းများတွင်ပါ စနစ်တကျရှိစေလိုကြောင်း၊ ဆေးရုံသည် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် နေရာတစ်ခုဖြစ်သဖြင့် သန့်ရှင်းသပ်ရပ်နေရန်လိုကြောင်း၊ အညစ်အကြေးစွန့်သည့်စနစ်များကိုလည်း အနံ့အသက်များ ကင်းရှင်းစေရေး ဆောင်ရွက်ရန်လိုကြောင်း။

ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေသူများဖြစ်သဖြင့် ဝတ်စားဆင်ယင်မှုများ ကောင်းမွန်နေရန်လိုကြောင်း၊ ဆေးရုံသို့လာရောက်ကုသသည့် ပြည်သူများအနေဖြင့် မိမိတို့ ဆေးရုံသို့လာရောက်ချိန်တွင် အားကိုးသည့်စိတ်များဖြစ်ပေါ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်ကုသမှုပေးရာတွင်လည်း ကောင်းမွန်စွာဖြင့် ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ ဆေးရုံတက်ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သည့် အစာအာဟာရများရရှိစေရေး စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် တတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ နေထိုင်မှုအဆင်ပြေရေးအတွက်လည်း တတ်နိုင်သလောက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ **ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာရှိစွာဖြင့် တာဝန်ထမ်းဆောင်ပြီး ပြည်သူများက အားကိုးရသည့် ကျန်းမာရေးဝန်ထမ်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြ**စေလိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် စဝ်စံထွန်းဆေးရုံကြီးအဆောက်အအုံများ၊ စက်ပစ္စည်းများနှင့်ပတ်သက်သော မှတ်တမ်းစာအုပ်များကို ကြည့်ရှုပြီး တာဝန်ရှိသူများအား မှတ်တမ်းများကို စနစ်တကျဖြင့် ထိန်းသိမ်းရန် မှာကြားသည်။

အဆိုပါစဝ်စံထွန်းဆေးရုံကြီးကို ၁၉၅၇ ခုနှစ်တွင် ဝန်ထမ်းတပ်မဟာအမှတ်(၁) (Rehabilitation Brigade No.1)မှ တပ်ရင်းမှူး ဗိုလ်မှူးချုပ်မောင်လွင် (B.Sc Engineering)က ဦးဆောင်၍ ရုရှား-မြန်မာ ချစ်ကြည်ရေးအတွက် ရည်ရွယ်ကာ ဆိုဗီယက်ပြည်ထောင်စုနိုင်ငံ၏ စီးပွားရေးနှင့် ကျွမ်းကျင်သူ ပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆောက်အအုံအားလုံးအတွက် ငွေကျပ်သိန်း ၄၀ ကုန်ကျခဲ့ပြီး ၁၉၆၁ ခုနှစ် ဇွန်လတွင် စဝ်စံထွန်းဆေးရုံကြီးကို စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ပထမဦးဆုံး ဆေးရုံအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူမှာ ဒေါက်တာစဝ်နော်ခမ်းဖြစ်ပြီး ရှမ်းပြည်နယ်တွင် တစ်ခုတည်းသောဆေးရုံကြီးဖြစ်ခဲ့ကြောင်း၊ စတင်ဖွင့်လှစ်ခဲ့ချိန်တွင် ခုတင်-၂၀၀ ဆံ့ ဆေးရုံဖြစ်သော်လည်း ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ခုတင်-၅၀၀ ဆံ့ဆေးရုံကြီးအဖြစ် တိုးမြှင့်သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

**ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာရှိစွာဖြင့် တာဝန်ထမ်းဆောင်ပြီး ပြည်သူများက အားကိုးရသည့် ကျန်းမာရေးဝန်ထမ်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက် . . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် စဝ်စံထွန်းဆေးရုံကြီး အဆောက်အအုံများ၊ စက်ပစ္စည်းများနှင့်ပတ်သက်သော မှတ်တမ်းစာအုပ်များကို ကြည့်ရှုစဉ်။

**“ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်**

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင်FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“ပြည်သူတွေခိုလှုံရာ အရပ်သားပစ်မှတ်တွေကို အဓိကထားတိုက်ခိုက်လာတဲ့ အကြမ်းဖက်သမားများ”** ခေါင်းစဉ်ဖြင့် ၄-၉-၂၀၂၄ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုကြောင့် လျှပ်စစ်ဓာတ်အား မထုတ်လုပ်နိုင်မှု မဂ္ဂါဝပ် ၁၆၀၀ ကျော်ရှိနေသည့် ရေအားလျှပ်စစ်စီမံကိန်း ရှစ်ခုနှင့် အခြားရပ်ဆိုင်းထားရသည့် စီမံကိန်းများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၂၆ ရက်သာ လိုတော့သည်

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၆/၂၀၂၄)သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၃

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၆/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက်အမှာစကား ပြောကြားသည်။



အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Online မှ တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ပြည်သူ့စစ်မှုထမ်းနည်းဥပဒေ ရေးဆွဲခြင်းကို အစည်းအဝေးအကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ဗဟိုအဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အကြံပြုချက်များ ပေးပို့ခဲ့မှုအပေါ် အပြန်ပြန်အလှန်လှန်စိစစ်သုံးသပ်၍ ပြည်သူ့စစ်မှုထမ်းနည်းဥပဒေမူကြမ်းကိုရေးဆွဲခဲ့ရာ ယခုနောက်ဆုံး သတ္တမမူကြမ်းရရှိပြီးဖြစ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁)မှ(၄)ထိ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဖွင့်လှစ်ပြီးခဲ့သည့် သင်တန်းများနှင့်ပတ်သက်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် ရည်မှန်းချက်ပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့်အပြင် အုပ်ချုပ်မှုလျော့နည်းဖြစ်စဉ် အနည်းဆုံးဖြင့် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရာတွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် ကိုယ်လက်အင်္ဂါ ချို့ယွင်းသူများ၊ မျက်မြင်အနေအထားရ ပြည်သူ့စစ်မှုထမ်းသင်တန်း တက်ရောက်ရန်မကိုက်ညီသူများ၊ ပြည်သူ့စစ်မှုထမ်းဥပဒေအရ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်နှင့် ရွှေ့ဆိုင်းခွင့်ရရှိမည့်သူများကို ဆင့်ခေါ်ခြင်းမပြုမိစေရန်လည်း အထူးဂရုပြုကြရန်လိုမည်ဖြစ်ပါကြောင်း၊ မျက်မြင်အားဖြင့် ပဏာမစိစစ်ရမည့်အချက်များကိုလည်း နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ပြည်နယ်အစိုးရများသို့ ဖြန့်ဝေပေးထားပြီးဖြစ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်းများကို သင်တန်းတက်ရောက်ရန်အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ပြည်နယ် စုရပ်များမှတစ်ဆင့် သက်ဆိုင်ရာသင်တန်းကျောင်းအသီးသီးသို့ ပို့ဆောင်ရပါကြောင်း၊ အချို့သော တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း ကုန်းလမ်း၊ရေလမ်းဖြင့် ပို့ဆောင်ရန်ခက်ခဲသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းသားများကို လေယာဉ်၊ ရဟတ်ယာဉ်၊ ရေယာဉ်များဖြင့် ပို့ဆောင်နိုင်ရေးစီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းသင်တန်း လေးပတ်စဉ် ဖွင့်လှစ်ခဲ့ပြီးချိန်တွင် စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းစဉ်များ၊ ဆေးစစ်ခြင်းလုပ်ငန်းစဉ်များ၊ သင်တန်းသားများ လက်ခံခြင်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များရှိမည်ဖြစ်ပါကြောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၊ တက်ရောက်လာကြသည့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအလုပ်အဖွဲ့များအနေဖြင့် ၎င်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်၊ ရွှေ့ဆိုင်းခွင့်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများက ကင်းလွတ်ခွင့်၊လျှော့ပေါ့ခွင့်၊ ရွှေ့ဆိုင်းခွင့်ဆိုင်ရာ ကိစ္စများ၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး အသိပညာပေးဆောင်ရွက်မှု အခြေအနေများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဥက္ကဋ္ဌများက စစ်မှုထမ်းဆင့်ခေါ်ရေးဆောင်ရွက်နေမှုအခြေအနေများနှင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊အားနည်းချက်များကိုလည်းကောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အလုပ်အဖွဲ့များက သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း သက်ဆိုင်ရာကဏ္ဍအလိုက်အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ပြည်နယ် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များသည် ပြည်သူ့စစ်မှုထမ်းများဆင့်ခေါ်ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန်၊ ဥပဒေအရသတ်မှတ်ထားသည့် အသက်မပြည့်သူများမပါရှိစေရေး အထူးအလေးထား ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ကင်းလွတ်၊ လျှော့ပေါ့၊ ရွှေ့ဆိုင်းခွင့်များနှင့်ပတ်သက်၍ ဗဟိုအဖွဲ့သို့ အချိန်မီတင်ပြနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရန်လိုကြောင်း၊ သို့မှသာဗဟိုအဖွဲ့အနေဖြင့် ဥပဒေအရ ခွင့်ပြုပေးနိုင်မည့်သူများကို သင်တန်းမစမီ ခွင့်ပြုပေးနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆိုင်ရာအလုပ်အဖွဲ့များက ပြည်သူ့စစ်မှုထမ်းကိုယ်ရေးအချက်အလက် စီမံခန့်ခွဲမှုစနစ် (National Service Information Management System- NSIMS) နှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းစနစ်ကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်ပေးကြရန်လိုပါကြောင်း။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၅/၂၀၂၄)ကို မကြာမီကာလအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် ယခင်ကြုံတွေ့ခဲ့ရသည့် အားနည်းချက်၊ အားသာချက်များအပေါ် သုံးသပ်ပြီး သတ်မှတ်ထားသောစံပြုလုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅/၂၀၂၄) သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို သွားရောက်ကြည့်ရှုအားပေး



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

နေပြည်တော် စက်တင်ဘာ ၃

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ရောက်ရှိနေသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့်တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအားပေးသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅/၂၀၂၄)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများကို ပြည်နယ်ဝန်ကြီးချုပ်နှင့်တိုင်းမှူးတို့က ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# MNDAA၊ TNLA နှင့် AA လက်နက်ကိုင်အဖွဲ့များကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခြင်းအား နိုင်ငံရေးပါတီ ၂၅ ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

၁၃၈၆ ခုနှစ် တော်သလင်းလဆန်း ၁ ရက်
၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃ ရက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၂၄ နှင့် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၄ တို့ဖြင့် The Myanmar National Democratic Alliance Army (MNDAA)၊ Ta'ang National Liberation Army(TNLA)နှင့် United League of Arakan (ULA)/ Arakan Army (AA) လက်နက်ကိုင်အဖွဲ့များအား အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့သည်။

၂။ အဆိုပါအကြမ်းဖက်အုပ်စုများသည် အများပြည်သူ၏ လုံခြုံရေး၊ အသက်အိုးအိမ်စည်းစိမ်၊ အရေးကြီးသော အခြေခံအဆောက်အအုံများ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာ၊ အသုံးအဆောင်ပစ္စည်းများ၊ လမ်းတံတားများ၊ လျှပ်စစ်တာဝါတိုင်များ၊ လူနေထူထပ်သည့် မြို့ရွာများကို ပြင်းထန်စွာထိခိုက်ဆုံးရှုံးစေရန် ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ အဝေးမှ လက်နက်ကြီးများ ဖြင့်ပစ်ခတ်ခြင်း၊ Drop Bomb များချ၍ တိုက်ခိုက်ခြင်း၊ အပြစ်မဲ့ ရဟန်းသံဃာ၊ ပြည်သူများကိုသတ်ဖြတ်ခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့ပါသည်။

၃။ ၎င်းပြင် တက္ကသိုလ်၊ ကောလိပ်၊ စာသင်ကျောင်းများကို ဖျက်ဆီးခြင်း၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းများသည် နိုင်ငံတော်၏အနာဂတ်ကို ရိုက်ချိုးဖျက်ဆီးခဲ့ခြင်းဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ်များကို ဆုံးရှုံးစေပါသည်။

၄။ ဤကဲ့သို့ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများကို လူမှုဒုက္ခများဖြစ်ပေါ်အောင် ရည်ရွယ်ချက်ရှိရှိ အကြမ်းဖက်လုပ်ဆောင်မှုများနှင့်ပတ်သက်၍ မိမိတို့နိုင်ငံရေးပါတီများက ပူးတွဲသဘောထားကြေညာချက်များထုတ်ပြန်၍ အစဉ်တစိုက် ဆန့်ကျင်ကန့်ကွက်ရှုတ်ချမှုများ ဆောင်ရွက်လျက်ရှိသည်။

၅။ သို့ဖြစ်ပါ၍ MNDAA၊ TNLA နှင့် AA လက်နက်ကိုင်အဖွဲ့များကို အကြမ်းဖက်အုပ်စုအဖြစ်ကြေညာခြင်းအား သန်းပေါင်းများစွာသော ပြည်သူများကိုယ်စား မိမိတို့နိုင်ငံရေးပါတီများက အပြည့်အဝထောက်ခံပါကြောင်းနှင့် အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များကို ထာဝရဆန့်ကျင်သွားမည်ဖြစ်ကြောင်း အောက်တွင်လက်မှတ်ရေးထိုး ပူးတွဲသဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးခင်ရီ | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | |
| ၂။ | ဦးငွေးကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | |
| ၃။ | ဦးခေါ်တိန့် | အတွင်းရေးမှူး | ဒီမိုကရေစီပါတီသစ်(ကချင်) | |
| ၄။ | ဦးဟန်ရွှေ | ဥက္ကဋ္ဌ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | |
| ၅။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | |
| ၆။ | ဦးလီပေါ်ရဲ့ | ဥက္ကဋ္ဌ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) | |
| ၇။ | ဦးဦးသန်းငွေး | ဒုတိယဥက္ကဋ္ဌ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၈။ | ဦးထွန်းအောင် | ဥက္ကဋ္ဌ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၉။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ | |
| ၁၀။ | ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | |
| ၁၁။ | ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၂။ | ဦးတင်ဆွေ | ဒုတိယဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ | |
| ၁၃။ | ဒေါ်တင်တင်မာ | ဥက္ကဋ္ဌ | ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ | |
| ၁၄။ | ဦးစံသာအောင် | ဥက္ကဋ္ဌ | မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | |
| ၁၅။ | ဦးခိုင်မင်း | ဒုတိယဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီပါတီသစ် | |
| ၁၆။ | ဦးအောင်မြိုးကျော် | နာယက | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | |
| ၁၇။ | ဦးအောင်ဘ | ဗဟို အလုပ်အမှုဆောင် | ရှမ်း အမျိုးသားပါတီ | |
| ၁၈။ | ဒေါ်ဝင်းကေခိုင်အေး | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | |
| ၁၉။ | ဒေါ်စောယုမာ | ဥက္ကဋ္ဌ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ | |
| ၂၀။ | ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၂၁။ | ဦးမြင့်သန်း | ဥက္ကဋ္ဌ | လေဘာပါတီ | |
| ၂၂။ | ဦးသန်းဦး | ဒုတိယဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | |
| ၂၃။ | ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ | |
| ၂၄။ | ဦးပါစီပြည်ဟိန်း | ဥက္ကဋ္ဌ | လူထုပါတီ | |
| ၂၅။ | ဒေါ်စန္ဒာဦး | ဥက္ကဋ္ဌ | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | |

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။


ထိုကဲ့သို့သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Ye Yan" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဟံသာဝတီရပ်ကွက်နေ ရဲရင့်(ခ)ရဲယံနှင့် "Pyae Sone Oo" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်နေ ပြည့်စုံဦးတို့ကို နံနက် ၁၁ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ "Ko Ko Shwe"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ထိန်းတပ်ကျေးရွာနေ မင်းလွင်အား ည ၆ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ "အမေ့သမီးလေး" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပြည်ကြီးတံခွန်မြို့နယ် (၄)ရပ်ကွက်နေ ခိုင်ဦးအား ည ၆ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ "@naingnaing 68922" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မြစ်သားမြို့နယ် သစ်တက်ကုန်းကျေးရွာနေ လှနိုင်ဦး(ခ)တရုတ်ကြီးအား ည ၆ နာရီခွဲတွင်လည်းကောင်း၊ "Kaung Htet" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ အမရပူရမြို့နယ် ကျန်တန်းရပ်ကွက်နေ ကောင်းပြည့်ဦး(ခ) ကောင်းကောင်းအား ည ၉ နာရီတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

ဝတ္ထုတိုကဏ္ဍ

# ကိုယ့်ဘဝနှင့် ကိုယ့်ကံ

ဈာန်လေး(ပညာရေး)




(၁)

"ကိုတင်မောင်ဝင်း တော်ကလေ ရွာအရှေ့ပိုင်းကို လှတ်လိုက်ရင် ပေါ်ကိုမလာတော့ဘူး။ ဘယ်မှာလဲ ကျုပ်မှာတဲ့ ဆေးပါခဲ့လား"

"ပါခဲ့ပါတယ်ကွာ မင်းကလဲ။ ငါလဲအမြန်သွားတာပဲ။ ဟိုရောက်တော့ အောင်ကြီးတို့အဖွဲ့နဲ့တွေ့တော့ ရောက်တတ်ရာရာလေးတွေ ပြောနေမိလိုက်တာ နည်းနည်းလေးကြာသွားတာပါကွာ။ ရော့ ဒီမှာ မင်းမှာတဲ့ဆေးတွေ"

မိန်းမဖြစ်သူလက်ထဲကို ဆေးထုပ်ထည့်ပေးလိုက်ပြီး အိမ်ပေါ်သို့ သွက်သွက်လေးတက်သွားလိုက်သည်။ အကြောင်းရင်းမှာတော့ ကြာကြာနေလျှင် ဆက်ပြီး ပေါက်ပေါက်ဖောက်နေသောအသံကို ကြားနေရမည်ဖြစ်သည်။ ကိုတင်မောင်ဝင်းဆိုသောသူသည် ကျောပူဒဏ်ကိုသာခံနိုင်ပြီး နားပူဒဏ်ကိုတော့ ခံနိုင်ရည်စွမ်းမရှိသော လူအေးလူရိုးဖြစ်သည်။ မိန်းမဖြစ်သူ ဒေါ်အေးကြည်သည် ဈေးသည်ပီပီ စကားပြောရာတွင် ညက်ညက်ညောညောရှိသည့်အပြင် စွာကျယ်စွာကျယ်လည်း ရှိတတ်သေးသည်။

ကိုတင်မောင်ဝင်းသည် ဈေးထဲတွင် ကုန်ထမ်း၍ ရံဖန်ရံခါ ဆိုက်ကားနင်းလေ့ရှိသည်။ ကိုယ်ပိုင်ဆိုက်ကားမရှိသောကြောင့် အငှားနင်းရသည်။ ကုန်ထမ်း၍ရသောပိုက်ဆံများကိုစု၍ ကိုယ်ပိုင်ဆိုက်ကားလေးဝယ်နိုင်အောင် ကြိုးစားနေသူဖြစ်သည်။ သည်ကြားထဲ မိန်းမဖြစ်သူသည် နှလုံးရောဂါသည်ဖြစ်၍ ဆေးခန်းပြပေးရသေးသည်။ သူ့နှလုံးဖောက်လာလျှင် သောက်နေကျဆေးလုံးတွေကို ရွာအရှေ့ပိုင်းသို့ ပြေးပြေးဝယ်ပေးရသည်က အလုပ်တစ်ခုလိုပင် ဖြစ်နေခဲ့သည်။ ထို့ကြောင့် မိန်းမဖြစ်သူခံစားနေရသော ရောဂါဝေဒနာတွေကို မြန်မြန်သက်သာပျောက်ကင်းစေချင်သည်။ အင်္ဂလိပ်ဆေးအပြင် တိုင်းရင်းဆေးများကိုပါမှီဝဲနေခဲ့ရသဖြင့် မိန်းမဖြစ်သူ ခံစားနေရသည့်ဝေဒနာများကို သူသာလျှင် ကိုယ်စားခံလို့ရလျှင် ခံချင်မိသူဖြစ်ပေသည်။ မိန်းမဖြစ်သူမျက်နှာတစ်ချက်အပျက်မခံစေချင်သောကြောင့် ကိုတင်မောင်ဝင်းသည် အပြင်အလုပ်များသာမက အိမ်မှုကိစ္စအဝဝတွေကိုလည်း ဘယ်သောအခါမှ တာဝန်မလစ်ဟင်းခဲ့ပေ။

မိန်းမဖြစ်သူကို ဘာအလုပ်မှမလုပ်ခိုင်းဘဲ သူ၏လုပ်စာကိုသာ ထိုင်စားစေချင်ခဲ့ပါသော်လည်း မိန်းမဖြစ်သူက အလုပ်မရှိလျှင် မနေတတ်၊ မထိုင်တတ်ဖြစ်နေသောကြောင့် ဈေးရောင်းသည့် အလုပ်လေးတစ်ခုလောက်တော့ လုပ်ပါရစေဟု ကိုတင်မောင်ဝင်းထံ တောင်းဆိုထားသောကြောင့် ခွင့်မပြုချင်သော်လည်း မိန်းမစိတ်ချမ်းသာအောင် ခွင့်ပြုလိုက်ခဲ့ရသည်။ သားသမီးရတနာ မထွန်းကားခဲ့သော ကိုတင်မောင်ဝင်းတို့ လင်မယားနှစ်ယောက်သည် တစ်ဦးနှင့်တစ်ဦး ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်မှီဆိုသကဲ့သို့ ဘဝကို ပျော်ရွှင်စွာဖြတ်သန်းနေထိုင်ကြသည်။ ငွေကြေးမချမ်းသာပါသော်လည်း စိတ်ချမ်းသာသော စိတ်တူကိုယ်တူလင်မယားဟု လူအများက အထင်ကြီးလေးစား ကြသည်။

(၂)

"ကိုတင်မောင်ဝင်းရေ ရှင် ဒီနေ့ဆိုက်တွဲမပါဘူးလား။ ကျွန်မဒီပစ္စည်းတွေကို ကားဂိတ်သွားပို့ချင်လို့"

ပွဲစားကြီးဒေါ်ဥမ္မာ၏ စကားကြောင့် ကိုတင်မောင်ဝင်းသည် ဒီနေ့အဖို့ ဆိုက်ကားနင်းရန် ဆုံးဖြတ်လိုက်သည်။

"ဩော်...ဟုတ်ကဲ့ ဒေါ်ဥမ္မာ ကျွန်တော်ဆိုက်ကား ပြန်ယူလိုက်ပါအုံးမယ်ခင်ဗျ"

ဒေါ်ဥမ္မာနှင့်ဈေးစကားပြောကာ ကုန်ပစ္စည်းများကို ဆိုက်ကားပေါ်တင်လိုက်ပြီး ကားကြီးကွင်းသို့ မောင်းလိုက်သည်။ အချိန်အားဖြင့် နံနက် ၅ နာရီပင်ရှိသေးသည်။ ဘာမှမစားသောက်ရသေးသောကြောင့် လမ်းဘေးတစ်နေရာကိုထိုးရပ်လိုက်ကာ မုန့်ဟင်းခါးတစ်ပွဲစားရန် ပြင်လိုက်သည်။

"ဟာ ကိုအောင်ကြီး ခင်ဗျားပါလားဗျ။ တစ်ယောက်နဲ့တစ်ယောက် ချိန်းထားရင် လွဲကောင်းလွဲနေအုံးမှာဗျ"

"အေးဗျာ။ ဒါနဲ့ ခင်ဗျား ဒီနေ့အလုပ်ဖြစ်နေတာလား"

"ဆိုပါတော့ဗျာ။ ပွဲစားကြီးဒေါ်ဥမ္မာရဲ့ပစ္စည်းလေးတွေပါဗျာ။ ကားဂိတ်ကို သွားပို့ပေးပါအုံးဆိုလို့ပါ ကိုအောင်ကြီးရာ"

"ကောင်းတယ်ဗျာ။ ခင်ဗျားကတော့ ဒီနေ့အတွက် တွက်ခြေကိုက်သွားပြီပေါ့။ ကျွန်တော်ကတော့ ဈေးတစ်ခွင်ပြုပြစင်အောင် လျှောက်ပတ်ရအုံးမှာပဲ"

ကိုအောင်ကြီးသောက်နေသော လက်ဖက်ရည်ဝိုင်းထဲကိုဝင်ထိုင်လိုက်ပြီး မုန့်ဟင်းခါးတစ်ပွဲ မှာစားလိုက်သည်။ ကိုအောင်ကြီးကတော့ သူ့ကိစ္စပြီးပြီမို့ ပိုက်ဆံရှင်းကာ ကိုတင်မောင်ဝင်းကို နှုတ်ဆက်ပြီး ဆိုင်မှထွက်ခွာသွားသည်။ ကိုအောင်ကြီးသည် အရုပ်အမောင်းကောင်းကောင်းနှင့် အသားညိုညို၊ ရုပ်အသင့်အတင့်ရှိသူဖြစ်ပြီး အသောက်အစားလည်းရှိ၍ မိန်းမလည်း ပွေချင်ရှုပ်ချင်တတ်သော လူမျိုးဖြစ်သည်။ သို့သော်လည်း စီးပွားရှာရာ၌ အလွန်တော်သည်။ လောက၌ အကောင်းနှင့်အဆိုးသည် အမြဲဒွန်တွဲနေတတ်သော သဘောသဘာဝကို ကိုတင်မောင်ဝင်း ကောင်းကောင်းနားလည်သဘောပေါက်ခဲ့သည်။

**❖ကိုအောင်ကြီး၏စကားကို ကြားလိုက်ရတော့ ကိုတင်မောင်ဝင်း၏ရင်ထဲတွင် ဆို့နင့်ကာစိတ်မကောင်းဖြစ်ခဲ့ရသည်။ သို့သော် ဘာတတ်နိုင်ပါအုံးမည်နည်း။ မမြင်နိုင်သောကံတရားသည် နိမ့်တစ်လှည့် မြင့်တစ်လှည့်ဖြင့် လောကစံကြားတွင် လူသားတိုင်းသည် မိမိ၏ဘဝ စားဝတ်နေရေးအတွက် အသက်ရှင်နေထိုင်ရသရွေ့ ရှာရဖွေရပေအုံးမည်ဖြစ်သည်။ အရာအားလုံးသည် ကိုယ့်ဘဝနှင့်ကိုယ့်ကံဖြစ်ပေသည်။ ကိုအောင်ကြီးသည် သူ၏မိုက်ပြစ်ကြောင့် အခက်အခဲနှင့်ရင်ဆိုင်ကြုံတွေ့နေခဲ့ရသော်လည်း မိမိမှာလည်း မိမိအခက်အခဲနှင့်မိမိရှိလေသည်။ ❖**

(၃)

ကိုအောင်ကြီးသည် ကိုယ်ပိုင်ဆိုက်ကားရှိသူဖြစ်၍ ကိုတင်မောင်ဝင်း အားကျနေရသူလဲဖြစ်သည်။ တစ်နေ့ ကိုအောင်ကြီးကဲ့သို့ ကိုယ်ပိုင်ဆိုက်ကားရှိရမည်ဟု သန္နိဋ္ဌာန်ချမှတ်ထားသည်။ ဗိုက်ကိစ္စဖြေရှင်းပြီးသွားပြီဖြစ်၍ ဒီနေ့အတွက် တာဝန်ထမ်းဆောင်ရန် ပြင်ဆင်လိုက်ပါတော့သည်။ ပစ္စည်းပို့ပြီး အပြန်လမ်းတွင် မိန်းမဖြစ်သူအဖို့ ခေါက်ဆွဲကြော်လေးတစ်ထုပ်ဝယ်ကာ အိမ်ကို ပြန်လာခဲ့သည်။

"မိန်းမရေ မိန်းမ"

ခေါက်ဆွဲကြော်ထုပ်ကို လက်မှဆွဲကာ အိမ်ဝင်းထဲကို ဝင်လိုက်သည်။ သည်လောက် အသံကျယ်ကျယ် အော်ခေါ်နေသည်ကို မိန်းမဖြစ်သူထံမှ ဘာတစ်ခွန်းမျှ တုံ့ပြန်လာမှုမရှိသည့်အတွက် ကိုတင်မောင်ဝင်း စိတ်ပူသွားခဲ့သည်။ထို့ ကြောင့် အိမ်ပေါ်သို့တက်သွားလိုက်သည်။ မိန်းမဖြစ်သူ အိမ်မရောက်သေးမှန်းသိလိုက်ရသောကြောင့် ခေါက်ဆွဲကြော်ထုပ်ကို စားပွဲခုံပေါ်တင်လိုက်ပြီး အုပ်စောင်းဖြင့် ဖုံးအုပ်ထားလိုက်သည်။ စာကြည့်စားပွဲခုံပေါ်က နားထောင်နေကျရေဒီယိုကိုဖွင့်လိုက်ကာ ပက်လက်ကုလားထိုင်ပေါ်တွင် ခဏအနားယူလိုက်ပြီး မိန်းမဖြစ်သူအလာကို စောင့်မျှော်နေလိုက်သည်။ ဗိုက်ထဲတွင် ဆာလောင်မွတ်သိပ်နေသောခံစားချက်ကို ရေတစ်ခွက်သောက်ခါ အဆာဖြေလိုက်ပါတော့သည်။ ခေတ္တခဏလေးတော့ ဝမ်းဗိုက်ပြဿနာလေး ပြေလည်သွားပါတော့သည်။

(၄)

နာရီတကြည့်ကြည့်ဖြင့် ဂနာမငြိမ်ဖြစ်နေသော ကိုတင်မောင်ဝင်းတစ်ယောက် အိမ်ကိုပြန်ရောက်သင့်ပြီဖြစ်သောကြောင့် ပြန်မရောက်လာသေးသော မိန်းမကို စိတ်ပူနေမိသည်။ အချိန်ဆွဲမနေတော့ဘဲ ဈေးကိုလိုက်သွားရန် ဆုံးဖြတ်လိုက်သည်။

"ယောက်ျားရေ ယောက်ျား"

ရုတ်တရက် မိန်းမဖြစ်သူ၏ အော်ခေါ်သံကို ကြားလိုက်ရသောကြောင့် ကိုတင်မောင်ဝင်း စိတ်အေးသွားသည်။

"လာပြီ မိန်းမရေ လာပြီဟ"

ခေါင်းပေါ်တွင် တောင်းကိုရွက်၍ မနိုင်မနင်းဖြစ်နေသောမိန်းမဖြစ်သူကို ကူညီပေးရန် အပြေးအလွှားသွားခဲ့သည်။

"ယောက်ျား တော့်အတွက် ကျုပ် ပုဆိုးအသစ်လေးပါလာတယ်။ ဟိုအိတ်လေးထဲမှာ ကြည့်ကြည့်လိုက်အုံး။ အဆင်လေးက တအားလှတော့ တော်နဲ့လဲလိုက်မှာပါ"

"မိန်းမကလဲကွာ ပိုက်ဆံတွေ အပိုကုန်အောင်လုပ်လာပြန်ပြီ။ ငါ့မှာ ဝတ်စရာပုဆိုးရှိပါသေးတယ်ကွ"

"တော်ကလဲ လျှာရှည်ပြန်ပြီ။ ကျုပ်က ဝတ်စေချင်လွန်းလို့ ဝယ်လာတာကို ဝတ်လိုက်စမ်းပါ။ တော်ကသာ ကျုပ်ကိုသတိမရတာ ကျုပ်ကတော့ တစ်ခုခုဆို တော့်ကို အရင်ဆုံးသတိတရရှိနေတာပါနော် ဟွန့်"

"ဟုတ်ပါပြီဗျာ ခင်ဗျားကြီးနဲ့ စကားနိုင်လုမနေတော့ပါဘူး။ ကျုပ်ကပဲ အရှုံးပေးပါတယ်နော်။

စာမျက်နှာ ၂၅ သို့ ➤

# ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၇၀၆ ဧက စိုက်ပျိုးပြီးစီး



**ချောင်းဦး စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၇၀၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၉၅၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၉၇၀၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ မြေပဲဧက ၉၅၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၉၇၀၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ အခုလက်ရှိအချိန်မှာတော့ မြေပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးလာပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်၌ မြေပဲစိုက်ပျိုးရာတွင် တစ်ဧကလျှင် မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခ၊ မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ မြေပဲတစ်ဧက စိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။(၂၀၆)

# မင်းဘူးမြို့နယ် ကိုင်းတောလေးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကိုင်းတောလေးကျေးရွာ၌ ပဉ္စမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကိုင်းတောလေးကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူသူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများ လိုအပ်သည့် ငွေကြေးအရင်းအနှီးရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၄၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကိုင်းတောလေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၈ ဦးကို ငွေကျပ် ၂၇၇ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၅၆ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁၀ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၅၀ ကို ရန်ပုံငွေကျပ် ၃၄၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းထံမှ သိရသည်။

**ဇင်မာ**

➢ စာမျက်နှာ ၂၄ မှအဆက်

လာ အပေါ်တက်မယ် ဗိုက်ဆာနေပြီ။ အုပ်စောင်းအောက်မှာ မင်းကြိုက်တဲ့ ခေါက်ဆွဲကြော်လေးပါလာတယ်။ သွားစားကြမယ်"

"တကယ်လား။ ဒီနေ့တော့ အေးကြည်မတို့ ဗိုက်တင်းဗိုက်ကားဖြစ်ရတော့မဲ့နေ့လေးပဲဟေ့။ ဗိုက်တင်းဗိုက်ကားသွားအောင် အမုန်းဆွဲလိုက်တော့မယ်"

"ဟုတ်ပါပြီဗျာ။ ဟား ဟား"

ကိုတင်မောင်ဝင်းသည် မိန်းမဖြစ်သူ မာန်ပါပါ၊ ဟန်ပါပါဖြင့်ပြောဆိုလိုက်သောစကားကြောင့် အူယားဖားယားဖြစ်ကာ သဘောကျနေမိတော့သည်။ ဘယ်လိုပဲဖြစ်ဖြစ် မိန်းမဖြစ်သူကို ပျော်ရွှင်အောင်၊ စိတ်ချမ်းသာအောင်ထားရမည်မှာ အိမ်ထောင်ဦးစီးတစ်ယောက်၏ တာဝန်ပင်မဟုတ်ပါလော။

(၅)

ကိုတင်မောင်ဝင်း ကြိုးစားပမ်းစားဖြင့် စုထားသော ပိုက်ဆံလေးမှာ အတော်အသင့်ရှိနေခဲ့သည်။ ထိုပိုက်ဆံလေးဖြင့် ဆိုက်ကားဝယ်ရန် စီစဉ်ထားသည်။ မိန်းမဖြစ်သူကို အကျိုးအကြောင်း ပြောပြလိုက်ကာ သဘောတူညီမှုရရှိသွားပြီး ကိုယ်ပိုင်ဆိုက်ကားလေးတစ်စီး ဝယ်လိုက်သည်။

ထိုဆိုက်ကားလေးဖြင့် မိန်းမဖြစ်သူကို ဈေးအသွားအပြန်အကြိုအပို့လုပ်ပေးခဲ့သည်။ ကိုယ်ပိုင်ဆိုက်ကားလေးနင်းရသောကြောင့် ဝင်ငွေလေးရလာကာ မိန်းမဖြစ်သူကျန်းမာရေးအတွက် အပိုဝင်ငွေလေးရှာဖွေရာတွင် ပိုမိုအဆင်ပြေလာခဲ့သည်။ သားသမီးရတနာမထွန်းကားခဲ့သော ကိုတင်မောင်ဝင်းတို့လင်မယားသည် အိုစာမင်းစာကို အရွယ်ကောင်းတုန်းတွင် ရှန်းကန်ရှာဖွေ၍ ရလာသောပိုက်ဆံများကို စနစ်တကျ စုခဲ့ကြသည်။

"ဟာ ကိုအောင်ကြီး ခင်ဗျား ဒီနေ့ဆိုက်ကားမနင်းဘူးလားဗျ။ မျက်နှာလဲမကောင်းပါလား။ ဘာလဲ အိမ်ကမိန်းမနဲ့ ရန်ဖြစ်လာပြန်ပြီလားဗျ"

"မဟုတ်ရပါဘူးဗျာ။ ကျုပ်ကိုက မကောင်းတာဗျ"

ပြောရင်းဆိုရင်း ကိုအောင်ကြီးတစ်ယောက် ကလေးတစ်ယောက်လို အားပါးတရငိုချလိုက်သည်။

"ဘာဖြစ်လာတာလဲဗျ"

"ဘာဖြစ်ရမှာလဲဗျာ။ ဖဲဝိုင်းမှာ ဖဲရှုံးလို့ ကျုပ်ဆိုက်ကားလေးကို ပေါင်ထားလိုက်ရတယ်လေဗျာ။ အဲဒါကို ကျုပ်မိန်းမကသိတော့ ကျုပ်ကို အရက်သမား၊ ဖဲသမား ရှင်နဲ့မပေါင်းနိုင်တော့ဘူးတဲ့ဗျာ။ ကျုပ် ဘာလုပ်ရတော့မှာလဲ။ ဟီး ဟီး"

ကိုအောင်ကြီး၏စကားကို ကြားလိုက်ရတော့ ကိုတင်မောင်ဝင်း၏ ရင်ထဲတွင် ဆို့နင့်ကာစိတ်မကောင်းဖြစ်ခဲ့ရသည်။ သို့သော် ဘာတတ်နိုင်ပါအုံးမည်နည်း။ မမြင်နိုင်သောကံတရားသည် နိမ့်တစ်လှည့် မြင့်တစ်လှည့်ဖြင့် လောကစံကြားတွင် လူသားတိုင်းသည် မိမိ၏ဘဝစားဝတ်နေရေးအတွက် အသက်ရှင်နေထိုင်ရသရွေ့ ရှာရဖွေရပေအုံးမည်ဖြစ်သည်။ အရာအားလုံးသည် ကိုယ့်ဘဝနှင့်ကိုယ့်ကံဖြစ်ပေသည်။ ကိုအောင်ကြီးသည် သူ၏မိုက်ပြစ်ကြောင့် အခက်အခဲနှင့်ရင်ဆိုင်ကြုံတွေ့နေခဲ့ရသော်လည်း မိမိမှာလည်း မိမိအခက်အခဲနှင့်မိမိ ရှိလေသည်။ ထို့ကြောင့် ကိုအောင်ကြီးအတွက် စိတ်မကောင်းရုံမှတစ်ပါး အခြားဘာမှ မတတ်နိုင်ခဲ့ပေ။

## အမျိုးသားရေး

\- အမှောင်စံ သွေးခွဲစကား
ပြောကြားခြင်း ရှောင်ကြဉ်ပါ၊
အလင်းဝင် လူသားအဖြစ်
ထုဆစ်မှန်စွာ၊
အသိစိတ် ဝင်လျက်သာ
ကိုယ့်နိုင်ငံမှာ နေထိုင်ပေး၊
မြန်မာပြည် ဇာတိရပ်က
မွန်မြတ်ရဲ့လေး။

\- ရင်ထဲဝယ် အမျိုးသားရေး
သွေးမအေး ထာဝစဉ်၊
ရွှေနိုင်ငံ ကျေးဇူးသိ
ဂုဏ်ရှိစေချင်၊
စိတ်ခေတ်မှိုင်း တို့ရှောင်ကြဉ်
မြန်ပြည်တစ်ခွင် အေးချမ်းဖို့၊
အတူတူ တွဲလက်များနဲ့
ကြိုးစားကြစို့။

\- ပြည်မြန်မာ မျိုးချစ်တို့
စည်းလုံးမချို့ ငြိမ်းချမ်းအောင်၊
နိုင်ငံတော် လမ်းညွှန်ချက်ဖြင့်
ဆက်လက်ရွက်ဆောင်၊
သခင်မျိုး ဂုဏ်ထွန်းပြောင်
တို့ညီနောင် မြန်ပြည်သား၊
မြန်မာ့မြေ တို့မခွဲဘဲ
အစဉ်မြဲနေသွား။ ။

ရွှေမြိုင်သူ(မြန်မာစာ)

# မိုင်းခတ်မြို့နယ် ပန်ထိုလုကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုစစ်ဆေး

**မိုင်းခတ် စက်တင်ဘာ ၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပန်ထိုလုကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နောင်ထွေးနှင့် တာဝန်ရှိသူများက ပန်ထိုလုကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပန်ထိုလုကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ရွှေချယ်ရီဦးကုမ္ပဏီက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၆ ဒသမ ၈ သန်းအသုံးပြု၍ ယခုနှစ် ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပါက ပန်ထိုလုကျေးရွာရှိ တောင်သူများ၏ လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်များကို လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မိုင်းခတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**မင်းမြင့်မိုရ်**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# မိတ္ထီလာမြို့နယ် သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်



**မိတ္ထီလာ စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ သမိုင်းဝင် ဖောင်တော်ဦးစေတီတော်၏ ၁၄၁ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို စက်တင်ဘာ ၁၀ ရက်မှ စက်တင်ဘာ ၁၇ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဖောင်တော်ဦးစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်ညိုက ပြောပြ၍ သိရသည်။

ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်တွင် အစဉ်အလာမပျက် ရိုးရာလှေသဘင်ပွဲတော်ကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ယခင်နှစ်က ရိုးရာလှေသဘင်ပွဲတော်တွင် ပြိုင်ပွဲဝင်အသင်းပေါင်း ၂၆ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

“တော်သလင်းလတိုင်း နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ သမိုင်းဝင် ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို စက်တင်ဘာ ၁၀ ရက်ကစတင်ပြီး စက်တင်ဘာ ၁၇ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ စက်တင်ဘာ ၁၀ ရက်မှာ ဖောင်တော်ဦးစေတီတော်မြတ် ဘုရားအနေကဇာတင်ခြင်း၊ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ဆွမ်းနဲ့ လှူဖွယ်ဝတ္ထုတွေ ဆက်ကပ်လှူဒါန်းခြင်း အစပြုပြီး ဆွမ်းသပိတ်လောင်းလှူပွဲ၊ မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲတွေကိုလဲ ထည့်သွင်း ကျင်းပသွားမှာဖြစ်ပါတယ်”ဟု ဖောင်တော်ဦးစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်ညိုကပြောပြသည်။

အဆိုပါသမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်တွင် ဆွမ်းသပိတ်လောင်းလှူပွဲ၊ မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲများအပြင် ခြင်းအလှခတ်ပွဲ၊ ပျော်ပွဲရွှင်ပွဲနှင့်ပွဲဈေးတန်း၊ ဈေးအရောင်းဆိုင်များ၊ အရောင်းပြခန်းများကို ထည့်သွင်းပြသ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**ASH**

# သူချစ်ခင် ရုပ်ရှင်ဇာတ်ကား စက်တင်ဘာလအတွင်း ရုံတင်ပြသမည်ဖြစ်

**ရန်ကုန် စက်တင်ဘာ ၃**

အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် သူချစ်ခင် ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် အဓိက သရုပ်ဆောင်အဖြစ် ပါဝင်ထားသူ သရုပ်ဆောင် ရတနာဗိုက ပြောပြ၍ သိရသည်။

သူချစ်ခင် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို လူညိုချောနှင့် မယ်မင်းဘုံတို့က ရေးသားထားခြင်းဖြစ်ပြီး ဇာတ်ညွှန်းကို မယ်မင်းဘုံက ရေးသားထားကာ ဒါရိုက်တာ မယ်မင်းဘုံက အောင်သီရိ ရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

“ဒီဇာတ်ကားကတော့ လူသိများခဲ့တဲ့ အိမ်ထောင်တို့၊ လောင်တို့လိုဇာတ်လမ်းတွဲတွေလို လောင်နေမှာတော့ မဟုတ်တော့ပါဘူး။ ဟာသဇာတ်မြူးလေးမို့ မလောင်ဘဲ ဘာတွေခွဲသွားမလဲဆိုတာ မကြာခင် ရုံတင်ပြသတော့မဲ့ သူချစ်ခင်ဇာတ်ကားမှာ ကြည့်ရှုပေးကြပါ”ဟု သရုပ်ဆောင် ရတနာဗိုက ပြောပြသည်။




သူချစ်ခင် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ကျော်ထက်အောင်၊ ညီထွဋ်ခေါင်၊ ချောရတနာ၊ ရတနာဗို၊ ထက်ထက်ထွန်း၊ မေတိုးခိုင်၊ သင်းသဲဗို၊ ဆင်မ၊ မျိုးမျိုးခိုင်၊ ဒေါင်းဝေ၊ မေယုသာ၊ သွက်လက်၊ ရဲလေးမ၊ စင်သီယာ၊ သူဇာပွင့်၊ နန်းရွှေအိမ်၊ ဟေမာမန်းဝင်းနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**ASH**

# Thai Festival 2024 in Yangon ပွဲတော် ပြုလုပ်သွားမည်

**ရန်ကုန် စက်တင်ဘာ ၃**

Thai Festival 2024 in Yangon ပွဲတော်ကို စက်တင်ဘာ ၂၇ ရက်မှ ၂၉ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ Junction City တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါပွဲတော်တွင် ပါဝင်ဆင်နွှဲမည့် သရုပ်ဆောင် ဟိဏ်းသစ်က ပြောပြ၍ သိရသည်။

Thai Festival 2024 in Yangon ပွဲတော်တွင် ထိုင်းကုန်စည်ပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ထိုင်းအစားအစာများကို ပြသသွားမည်ဖြစ်ပြီး မြန်မာ-ထိုင်း နှစ်နိုင်ငံ ဖျော်ဖြေမှုအနေဖြင့် ရုပ်ရှင်ပြပွဲ၊ ယဉ်ကျေးမှုနှင့် တေးဂီတ ဖျော်ဖြေပွဲများကိုလည်း မြန်မာ-ထိုင်း နှစ်နိုင်ငံမှ အနုပညာရှင်များ ပါဝင်ဆင်နွှဲကြမည်ဖြစ်ကြောင်း သိရသည်။

“ဒီပွဲကို စက်တင်ဘာ ၂၇ ကနေ ၂၉ ရက်ထိ Junction City မှာ ကျင်းပပြုလုပ်သွားဖို့ရှိပါတယ်။ ကျွန်တော်ကိုယ်တိုင်အပြင် ပိုင်တံခွန်၊ Sea & Keen, Aun & Ashi၊ Palaphol၊ Gun Napat၊ Lula၊ အုပ်စိုးခန့်၊ ဝိုင်းလေးတို့အပြင် အခြားနာမည်ကြီး အနုပညာရှင်တွေလဲ ပါဝင်ဆင်နွှဲကြမှာပါ။ ထိုင်းနိုင်ငံရဲ့ အကောင်းဆုံး ထုတ်ကုန်တွေ၊ Promotion တွေ၊ ထိုင်းစားသောက်ကုန်ပစ္စည်းတွေ၊ ထိုင်းရုပ်ရှင်တွေ၊ ဆုမဲပေါင်း ၁၀၀ ကျော်ပါဝင်တဲ့ Lucky Draw Program တွေ၊ ထိုင်းရိုးရာဖက်ရှင်တွေ၊ မွေထိုင်းသရုပ်ပြမှုတွေအပြင် T-Pop Star Challenge ရဲ့ Semi-Final နဲ့ Final ပွဲတွေလဲ ပါဝင်သွားမှာမို့ လက်မလွှတ်တမ်းလာရောက်အားပေးကြဖို့ ဖိတ်ခေါ်လိုက်ပါတယ်”ဟု သရုပ်ဆောင် ဟိဏ်းသစ်က ပြောပြသည်။

Thai Festival 2024 in Yangon တွင် မြန်မာ-ထိုင်း ကုမ္ပဏီများမှ ဆိုင်ခန်းပေါင်း ၄၅ ဆိုင် ပါဝင်ပြသသွားမည်ဖြစ်ပြီး Junction City ကုန်တိုက်အတွင်းရှိ Market Place တွင်လည်း ထိုင်းကုန်စည်များကို ပွဲတော်ကာလအတွင်း အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပွဲတော်ကို Discover Thailand’s BEST အဖွဲ့က ကျင်းပသည့် မြန်မာနိုင်ငံ၏ ပထမဆုံး ထိုင်းပွဲတော်ဖြစ်ပြီး ထိုင်းသံရုံး (ရန်ကုန်)မှကြီးမှူးကာ ထိုင်းကုန်သွယ်မှုမြှင့်တင်ရေးဌာန၊ မြန်မာနိုင်ငံရှိ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအသင်း၊ ထိုင်း-မြန်မာစီးပွားရေးအသင်း၊ မြန်မာ့ကုန်သည်ကြီးများနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) နှင့် Shwe Taung Group တို့မှ ပူးပေါင်းပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ASH**

# Deadpool and Wolvering ဇာတ်ကား ပြည်တွင်းဝင်ငွေ ကန်ဒေါ်လာသန်း ၆၀၀ ကျော်ရှိလာ

**နယူးယောက် စက်တင်ဘာ ၃**

မာဗယ်စတူဒီယို၏ Deadpool and Wolverine ဇာတ်ကား၏ပြည်တွင်းဝင်ငွေသည် စက်တင်ဘာ ၁ ရက်တွင် အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကျော်ရှိလာပြီဖြစ်ကြောင်း စက်တင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

အထက်ပါဝင်ငွေအတိုင်းအဆကြောင့် Deadpool and Wolvering ဇာတ်ကားသည် ရုပ်ရှင်သမိုင်းတစ်လျှောက် ပြည်တွင်းဝင်ငွေအကောင်းဆုံး ဇာတ်ကားများစာရင်းတွင် အဆင့် (၁၆) နေရာရရှိနိုင်ခဲ့သည်။

ထို့ပြင် Deadpool and Wolverine ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံကျော်ရှိလာပြီဖြစ်ကြောင်း သိရသည်။

မာဗယ်စတူဒီယိုသည် Deadpool and Wolverine ဇာတ်ကားကို ယခုနှစ် ဇူလိုင် ၁၅ ရက်တွင် စတင် ရုံတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Deadpool and Wolverine ဇာတ်ကားကို ဒါရိုက်တာ ရှောင်လီဗိုင်းက ရိုက်ကူးပေးထားပြီး အဆိုပါ ဇာတ်ကားတွင် မင်းသား ရိုင်ယန်ရေးနိုး၊ ဟက်ဂျက်မင်းနှင့် မင်းသမီး အမ်မာကိုနင်တို့ ပါဝင်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



# ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ The Order ဇာတ်ကား ပွဲဦးထွက်ပြသ

**ရောမ စက်တင်ဘာ ၃**

အီတလီနိုင်ငံ ဗင်းနစ်မြို့တော်၌ ကျင်းပနေသော ဗင်းနစ်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်၌ The Order ဇာတ်ကားကို ဩဂုတ် ၃၁ ရက်က ပွဲဦးထွက်ပြသခဲ့ကြောင်း စက်တင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

The Order ဇာတ်ကားသည် မှုခင်းလျှို့ဝှက်သည်းဖိုဇာတ်ကားဖြစ်ပြီး ဒါရိုက်တာ ဂျပ်စတင်ကာဇဲက တာဝန်ယူ ရိုက်ကူးပေးထားကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား ဂျူလော၊ နီကိုလပ်ကော့၊ တိုက်ရီရှရီဒန်နှင့် မင်းသမီး ဂျာနီစမောလက်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

The Order ရုပ်ရှင်ဇာတ်ကား ပွဲဦးထွက်ပြသပွဲသို့ အထက်ပါသရုပ်ဆောင်များကိုယ်တိုင် တက်ရောက်လာခဲ့ကြရာ ပရိသတ်က လက်ခုပ်သြဘာများ ပေးခဲ့သည်။

The Order ဇာတ်ကားသည် စာရေးဆရာ ကီဗင်ဖလန်းနှင့် ဂါရီဂျားဟက်တို့ ရေးသားထားသည့် The Silent Brotheshood အမည်ရှိစာအုပ်ကို အခြေခံရိုက်ကူးထားခြင်းဖြစ်သည်။

The Order ဇာတ်ကားကို Vertical ရုပ်ရှင်ကုမ္ပဏီက ယခုနှစ် ဒီဇင်ဘာလတွင် အမေရိကန်နိုင်ငံ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၆၄၇ ဧက စိုက်ပျိုးပြီးစီး



**ကန့်ဘလူ စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၆၄၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၆၂၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိကန့်ဘလူမြို့နယ်တွင် ၄၄၁ ဧကနှင့် ကျွန်းလှမြို့နယ်တွင် ၂၀၆ ဧက စုစုပေါင်း ၆၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

" ကန့်ဘလူခရိုင်မှာ ဒီနှစ် မိုးရာသီ ဌက်ပျော ၆၂၂ ဧက စိုက်ပျိုးဖို့လျာထားတယ်။ လက်ရှိမှာ ၆၄၇ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်တဲ့အတွက် လျာထားဧကထက် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုနောက်ပိုင်း လယ်ကန်သင်းတွေမှာ ငှက်ပျောစိုက်တာမျိုးလဲတွေ့လာရပါတယ်"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဝင်းက ပြောပြသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျောစိုက်ပျိုးရန်မြို့နယ်အလိုက်လျာထားမှု အနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၄၁၆ ဧကနှင့်ကျွန်းလှမြို့နယ်တွင် ၂၀၆ ဧက စုစုပေါင်း ၆၂၂ ဧကဖြစ်ကြောင်း သိရသည်။

ငှက်ပျောစိုက်တောင်သူများအနေဖြင့် မြေတစ်ကေလျှင် ငှက်ပျော ၁၀၀၀ ခန့်ထိ စိုက်ပျိုးပြီး တစ်ကေလျှင်စိုက်ပျိုးစရိတ်ငွေကျပ်သိန်း ၂၀ ခန့်ကုန်ကျမှုရှိရာ အသီးသီးချိန်တွင် တစ်ကေလျှင် ငွေကျပ်သိန်း၅၀ ခန့် ပြန်လည်ရရှိကြောင်း သိရသည်။

ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးသီးနှံထုတ်လုပ်နိုင်ရေးအတွက် ဓာတုဆေးဓာတ်ကြွင်းအန္တရာယ်ကို ဆွေးနွေးခြင်း၊ မှတ်ပုံတင်ထားသော ဓာတုပိုးသတ်ဆေးကို အညွှန်းစာပါသည့်နှုန်းထားအတိုင်းသုံးစွဲရန် ဆွေးနွေးခြင်း စသည့် စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများနှင့်ပတ်သက်၍ ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# သရက်မြို့နယ် ထုံးတောင်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**သရက် စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ထုံးတောင်ကျေးရွာအုပ်စု ထုံးတောင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ခင်းလမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်အတူ ထုံးတောင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်ရက်အတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထုံးတောင်ကျေးရွာ၌ အရှည်ပေ ၅၅၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း၁၅၀၊ ပြည်သူလူထုထည့်ဝင်ငွေကျပ် ၁၅ သိန်း စုစုပေါင်း ငွေကျပ် ၁၆၅ သိန်းဖြင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ယခုနှစ် ဩဂုတ် ၁၃ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဆက်လူ

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ငါးတန်ငါးပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**ပန်းတနော် စက်တင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဩဂုတ်လအတွင်း ငါးတန်ငါးပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နိုင်မော်က ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ငါးတန်ငါးပိဿာချိန် ၆၅၀၀၀ ထိသာ တင်ပို့ ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်၁ ရက်မှ ၃၁ ရက်ထိ ငါးတန်ငါးပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊အဆိုပါ ငါးတန်ငါးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ငါးတန်ငါးပိဿာချိန် ၈၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရတယ်။ ဖျာပုံမြို့နယ်ကနေထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ တင်ပို့ရောင်းချတာဖြစ်ပါတယ်။ ငါးတန်ငါးက ပြည်တွင်းဈေးကွက်မှာကို အရောင်းအဝယ် ကောင်းနေပါတယ်။ တင်ပို့မှုများပြားလာတော့ ငါးလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေလာပါတယ်'' ဟု ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နိုင်မော်က ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးတန် ၁၀ ပိဿာလျှင် ငွေကျပ် ၁၀၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါငါးတန်ငါးများကို ရန်ကုန်ဈေးကွက်သို့ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ ငါးရောင်းဝယ်ရေးကုန်သည်များ၊ ငါးကန်လုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း



# မြို့သစ်မြို့နယ် မြေပြင်သာကျေးရွာ၌ စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မြို့သစ် စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြေပြင်သာကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ မြို့သစ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်နှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ မြေပြင်သာကျေးရွာ၌ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကိုအကျိုးရှိစွာအသုံးပြုကြရန်၊ ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြို့သစ်မြို့နယ် မြေပြင်သာကျေးရွာ၌ 3HP DC Surfy Pump တပ်ဆင်ခြင်းလုပ်ငန်း၊ 3.3 KW ဆိုလာစနစ် တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၄ ဒသမ ၂၂၁ သန်း အသုံးပြုပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများမှ တာဝန်ယူ၍ ဩဂုတ် ၂၀ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် မြေပြင်သာကျေးရွာရှိ အိမ်ခြေ ၇၇၀ မှ တောင်သူများပိုင်ဆိုင်သော စိုက်ပျိုးမြေဧက ၈၉၀ တွင် စပါး၊ နွေနှမ်း၊ ဝါ၊ ပြောင်း၊ ငရုတ်၊ ပဲမျိုးစုံ၊ ကြက်သွန်၊ ခရမ်းချဉ်များကို ရာသီမရွေး စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း သိရသည်။

ကိုညို

# ပျဉ်းမနားမြို့နယ် တပ်ပိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများထုတ်ချေး

**နေပြည်တော် စက်တင်ဘာ ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပျဉ်းမနားဟောင်းကျေးရွာအုပ်စု တပ်ပိုးကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေက တပ်ပိုးကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး တပ်ပိုးကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တပ်ပိုးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသေးစားစက်မှုလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း ၇၄ ဦးကို ရန်ပုံငွေကျပ် ၂၉၄ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေက ပြောပြ၍ သိရသည်။

မောင်ခိုင်

# အမူအခွဲမှာ မူအကွဲဆင်တဲ့ မြိုင်

**မောင်သင်းထုံ(ကျောက်မဲ)**



မင်းသမီး မငွေမြိုင်

အငြိမ့်နဲ့ ဇာတ် ဘာကွာသလဲဆိုရင်တော့ အငြိမ့်က အလှူပ်၊ ဇာတ်က အငြိမ်လို့ ပြောရမှာပါ။ အငြိမ့်ကပွဲကြည့်ပရိသတ်နဲ့ ပိုနီးတယ်။ ဇာတ်ကတော့ တခမ်းတနားနိုင်တာမို့ ပရိသတ်နဲ့ဝေးလှပါတယ်။ အငြိမ့်ပွဲတွေကရင် ပွဲကြည့်စင်ရဲ့တစ်ဖက်တစ်ချက်မှာက ကာလသားတွေဆိုတာ ဟေးလားဝါးလား အားပေးကြတာပါ။ မငွေမြိုင်တို့က ကာလသားတွေ သဘောကျအောင် ကတတ်၊ ဆိုတတ်တဲ့သူပါ။

မန္တလေးမှာတော့ ဆရာပုတို့၊ မထွေးလေးတို့ နာမည်ကျော်သလို မငွေမြိုင်ကလည်း နာမည်ကျော်သူပါပဲ။ မငွေမြိုင်ကို ယောကျ်ားတွေက စွဲလမ်းကြပါတယ်။ မငွေမြိုင်လို စွဲလမ်းစရာကောင်းတဲ့မင်းသမီးမျိုး နောက်ထပ်ပေါ်လာတယ်လို့ မကြားမိပါဘူး။

မငွေမြိုင်ကို ရူးအောင်ကြိုက်ခဲ့သူတွေ၊ စွဲလမ်းခဲ့သူတွေ ဒုနဲ့ဒေးရှိပါတယ်။ ဒီနေ့ည မငွေမြိုင်ဘယ်မှာပွဲကမှာလဲ။ မငွေမြိုင်ကရာနောက် တကောက်ကောက်လိုက်ကြသူတွေလည်း အများကြီးပဲတဲ့။ မငွေမြိုင်ဆိုတာကလည်း မကြည့်ဖူးရင်သာနေရော့၊ ကြည့်ဖူးလို့ကတော့ စွဲလမ်းသွားကြမှာသေချာပါတယ်။

လူတွေက အဲဒီလို မငွေမြိုင်ကို စွဲလမ်းကြပေမဲ့ မငွေမြိုင်ဆိုတာက အချောအလှကြီးမဟုတ်ပါဘူး။ မငွေမြိုင်မှာ မွေးရာပါတဲ့ ပင်ကို 'ကြာ'ရှိတယ်။ အဲဒီကြာနဲ့ မငွေမြိုင် ခရာပုံကို ယောကျ်ားတွေက စွဲမက်ကြတာပါ။ ဒါပေမဲ့ ငွေမြိုင်ကတော့ ကြာနဲ့စားတဲ့ မင်းသမီးမဟုတ်ပါ။ မငွေမြိုင်ဆိုတာ အငြိမ့်သာကတာ ဇာတ်ခုံပေါ်ကဆင်းတာနဲ့ ကလက်ခြင်းမရှိ ဣန္ဒြေသိက္ခာနဲ့နေတယ်။ ယောကျ်ားတွေနဲ့မရှုပ်ဘူး။ သူကိုယ်တိုင်က သဘင်ပညာသည်တွေ မွေးထုတ်ပေးခဲ့တဲ့ သဘင်မိခင်ကြီးပါ။

မငွေမြိုင်ဆိုတာက ဇာတ်သဘင်ပညာမှာ တကယ်ပြည့်သူ၊ အဆိုအကကောင်းသူပါ။ ဇာတ်ကို ဦးဆောင်တဲ့မင်းသမီးပါ။ ဒါပေမဲ့ မင်းသမီးတစ်လက်အနေနဲ့ အမူအခရာတွေက သူမတူအောင်ကောင်းလွန်းတော့ ပွဲကြည့်တဲ့ယောကျ်ားပရိသတ်တွေ ရူးရူးမူးမူးစွဲလမ်းကြတာပါ။ မငွေမြိုင် ပခုက္ကူမြို့မှာကတော့ အထက်တန်းကျောင်းသားတွေဆိုတာ တစ်လလုံးကတဲ့ပွဲ ညတိုင်းကြည့်ကြတော့ ကျောင်းသားတွေက ကျောင်းပျက်ကုန်တာနဲ့ ကျောင်းအုပ်ဆရာကြီးက အရေးပိုင်ကနေ ပွဲမိန့်ပိတ်ပေးဖို့မေတ္တာရပ်ခံရတာတဲ့။

ဒီလိုနဲ့ပွဲမိန့်ပိတ်တော့ မငွေမြိုင် ပခုက္ကူမှာ နောက်ဆုံးတစ်ညနှုတ်ဆက်ပွဲကတော့ ပရိသတ်ကြီးဆိုတာ ခဲနေအောင်ကို လာကြည့်ကြတာတဲ့။

ပရိသတ်ရဲ့တောင်းဆိုချက်အရ မငွေမြိုင်က ရတာက"အောင်ဗလအတုအက"တဲ့။ အောင်ဗလဆိုတာကယောကျ်ား မင်းသမီးဆိုတော့ တကယ့်မင်းသမီးအစစ်တွေထက် ပြောရဲ၊ ကရဲတာကိုး။ ဒီအထဲ အပြောရဲလှတဲ့မငွေမြိုင်က အောင်ဗလအတုကပြမယ်ဆိုတော့ ပရိသတ်က ပွဲကျကုန်တာပေါ့။ အကမှာလည်း မငွေမြိုင်တို့က အောင်ဗလကသလို ကပြနိုင်တဲ့သူပါ။ ကရဲပါတယ်။

တကယ်တော့ မြခြေကျင်းမငွေမြိုင်ဆိုတာ အငြိမ့်မင်းသမီးမဟုတ်ပါ။ ဇာတ်မင်းသမီးပါ။ မငွေမြိုင် ဇာတ်ကတာ နှစ်ပါးသွားထွက်ရင် ဇာတ်မင်းသားကို ဘေးချိတ်၊ ပရိသတ်နဲ့ နှစ်ပါးသွား တော့တာတဲ့။ တစ်ခါတလေကျတော့ ဆိုင်းဆရာစိန်ဗေဒါနဲ့ နှစ်ပါးသွားတယ်။ ဂရိတ်ဦးဖိုးစိန်နဲ့နှစ်ပါးသွားတာတောင် မငွေမြိုင်က ပရိသတ်ကိုပဲအရေးပေးတော့ လူတွေက ဦးဖိုးစိန်လည်း မငွေမြိုင်နဲ့တွေ့မှ နှပ်ပစ်ခံရတော့တာပါပဲလို့ ပြောကြသတဲ့။

မငွေမြိုင်ဟာ ဇာတ်သဘင်မှာ နှစ်ပါးသွားကတော့မယ်ဆိုတာနဲ့ အလိုလိုမြေဝိုင်းဇာတ်ဖြစ်သွားတော့တာတဲ့။ ပရိသတ်က မငွေမြိုင်ကို အနီးကပ်မြင်ချင်တော့ ဇာတ်ခုံနားတိုးဝှေ့လာလိုက်ကြတာကြာတော့ ဇာတ်စင်မှာဆင်ထားတဲ့ ကားလိပ်တွေ၊ အဖုံးတွေ၊ နဖူးစီးတွေပါ ဖယ်ပေးရတော့ လေးဖက်လေးတန်ကကြည့်လို့ရတဲ့ ရှေးက မြေဝိုင်းဇာတ်လို ဖြစ်သွားတော့တာပေါ့။

မငွေမြိုင်တို့ခေတ်က ခာတ်ပြားတွေ၊ ရေဒီယိုကနေ အသံလွှင့်တာတွေမရှိသေးတော့ ကာလသားတွေဆိုတာ မငွေမြိုင်ရဲ့သီချင်းတွေကို နှုတ်တိုက်ကျက်၊ ပါးစပ်ဖျားက ဆိုနေကြရတာတဲ့။

"ဒီကနေ့ညဖြင့် လာမယ်ဆို၊ ယုံရမှာလား အစ်ကို၊ ကျွန်မနဲ့နီးတဲ့ရွှေကျီးညို၊ သာလိုက်ပါဦးဆို၊ (ရွှေကျီးညို)အောင်ပင်လယ်တောထဲက ရွှေကျီးညို၊ ငွေမြိုင်လာမယ်ဆို၊ ဆီးလို့ကြို"

မငွေမြိုင်ကိုကြိုက်တဲ့ ကျောင်းသားတွေထဲမှာ အချို့အင်္ဂလိပ်ကျောင်းသားတွေပါတော့ အထက်ကသီချင်းကို အင်္ဂလိပ်လိုပြန်ပြီးမှ လိုက်ဆိုကြတောင်မှ ရှိသတဲ့။ အချို့များ မငွေမြိုင်ကို မကြည့်ဖူးပါဘဲ အကြားနဲ့ကို သူ့သီချင်းတွေ လိုက်ဆိုကြတာလည်း ရှိတယ်။

မငွေမြိုင်က အသက် ၅၆ နှစ်အရွယ်မှာ သူ့မိတ်ဆွေတွေက တောင်းဆိုလို့ ကြာသီချင်းလေးတစ်ပုဒ်ကို အညုလေးတွေနဲ့ထည့်ဆိုတဲ့အခါ မငွေမြိုင်ရဲ့ရုပ်လက္ခဏာဟာ သူ့အနုပညာရဲ့အလှအောက်မှာ ဇရာလက္ခဏာတွေပျောက်ပြီးမှ နုပျိုလှပလာတယ်ဆိုပဲ။ မငွေမြိုင်သီချင်းသံကြားတော့ မကတတ်တဲ့လူတွေတောင် ကချင်လာတယ်။ တစ်ချိန်က မငွေမြိုင်ကို ကျွန်တော်တို့လည်း စွဲလမ်းခဲ့ကြတာပေါ့ ခင်ဗျားဆိုပြီး ဝန်ကြီးချုပ်ဦးနုက စာရေးဆရာ ဆရာထာကို ဝန်ခံဖူးသတဲ့။

မငွေမြိုင်ကရင် အလွန်ခြေဆစ်လက်ဆစ်ကျိုးတာတဲ့။ ကကွက်ကခပ်ကျဲကျဲလေးပါ။ ကိုယ်ရှေ့ကြမ်းတစ်ပြေးတည်း လေးငါးတောင်လောက်အကွာက ကနေတာတောင် ကိုယ့်အပေါ်မိုးမနေဘဲ ကိုယ့်မျက်စေ့အောက်မှာ ဝဲပြီးကနေသလိုမျိုး သူကနေတာကို ကိုယ်ကစီးကြည့်နေရတဲ့ အရသာမျိုးဆိုတော့ မငွေမြိုင်ရဲ့အကမှာ တကယ်လှတဲ့အက၊ အနုပညာသည်ရဲ့ အလှဖန်တီးချက်ပါကလား။ နောက်ဆုံးမတော့ မငွေမြိုင်ရဲ့အနုပညာဖမ်းစားချက်ထဲမှာ ကိုယ်ပါရောပါသွားခဲ့ရောလားဆိုပြီး လူထုဒေါ်အမာက ရေးပြခဲ့ဖူးပါတယ်။

မြခြေကျင်းမငွေမြိုင်ရဲ့ ဇာတိက ကြည့်မြင်တိုင်ပါ။ မန္တလေးမှာကြီးတာ။ တစ်သက်လုံး မန္တလေးမြို့ရှမ်းပွဲရပ်မှာနေပြီးမှ နောက်ဆုံးခေါင်းချသွားခဲ့တာ။ မငွေမြိုင်ဟာ ဇာတ်မင်းသမီးလုပ်တဲ့အခါ သူ့ဇာတ်သူထောင်ပြီးမှ ကပါတယ်။ ဦးဖိုးစိန်နဲ့လည်း တွဲကဖူးတယ်။ မငွေမြိုင်တို့များ ဇာတ်တိုက်တီးလုံးတိုက်ထားတာမရှိဘဲ စင်ပေါ်မှာ သူကောင်းမယ်ထင်သလို ကြည့်ကသွားလိုက်တာများ မိုးလင်းတဲ့အထိပဲ။

မငွေမြိုင်ဆိုတာက ဆေးလိပ်အလွန်ကြိုက်သတဲ့။ သောက်ပြီဆိုရင်လည်း ဆေးပေါ့လိပ်ဆို တုတ်တုတ်ကြီးမှသောက်တာတဲ့။ ဦးဖိုးစိန်က စည်းကမ်းရှိတယ်။ သူ့ဇာတ်ထဲမှာ ဆေးလိပ်မသောက်ရတဲ့။ အဲဒီစည်းကမ်းထုတ်ထားတာကိုကြားတော့ မငွေမြိုင်က မကြိုက်ရင်လည်း မကရုံဘဲပေါ့ဆိုတော့ ဦးဖိုးစိန်က မငွေမြိုင်ကျ ချွင်းချက်ထားရသတဲ့ဗျား။

မငွေမြိုင်က ဇာတ်သဘင်ပညာမှာ အရည်အချင်းပြည့်ဝတယ်။ မင်းသမီးပေမဲ့ ဇာတ်ကိုဦးစီးနိုင်တယ်။ နောက်ပြီး ပရိသတ်တွေက မငွေမြိုင်ကို စွဲလမ်းကြတာကြောင့် မငွေမြိုင်နဲ့တွဲတဲ့မင်းသားဆိုတာ ဘယ်တော့မှမထင်ပေါ်ဘူးတဲ့။ ဒီတော့ မငွေမြိုင်မှာဦးဖိုးစိန်နဲ့တွဲကတယ်။ အောင်စီဗားနဲ့ တွဲကတယ်။ စပယ်တင်နဲ့လဲ ကတာပဲ။ နောက်ဆုံး မင်းသားတွဲရှာမရလို့ လူပြက်ဦးချစ်ဖွယ်နဲ့ ကရတဲ့အခါလည်း ရှိသတဲ့။

မငွေမြိုင်ဆိုတာက ဇာတ်ခုံဘေးဘယ်ညာကို သူတစ်ချက်ကြည့်လိုက်တာနဲ့ အကြည့်ခံရတဲ့သူတွေဆိုတာ ဟိုနှယ်၊ ဒီနှယ်ဖြစ်ကုန်ကြရတာချည်းပါ။ မငွေမြိုင်ရဲ့ပိုးပုံက မျက်စေ့ကလေးနဲ့ပိုးတာ၊ သီချင်းကလေးနဲ့ပိုးတာ ဒီထက်မပိုပါ။ သူ့အပိုးက ဇာတ်ခုံပေါ်မှာပဲရှိပါတယ်။ ဇာတ်ခုံပေါ်က ဆင်းလာတဲ့နောက်တော့ ဘာမှမပါလာပါ။

မငွေမြိုင်သီချင်းဆိုတော့ ပင်ကိုသံက ကောင်းလှသူမဟုတ်ပါ။ ဒါပေမဲ့ သီချင်းဆိုတဲ့အခါ သံဟောက်သံဟဲကောင်းတယ်။ ပြတ်ပြတ်သားသားဆိုနိုင်တယ်။ အာခေါင်အာရင်းရှင်းအောင် ဆိုနိုင်တဲ့ မင်းသမီးပါ။ ရုပ်သေးမင်းသမီး ဆရာပု မေးရိုက်ကောင်းသလို မငွေမြိုင်ကလည်း လိုက်တုဆိုနိုင်သူပါ။ မငွေမြိုင်သီချင်းဆိုတော့ ဘယ်သံရော၊ ညာသံပါ ပြည့်တယ်။ အသံကိုကြားလိုက်တာနဲ့ ပရိသတ်ဆိုတာ တစ်ခါထဲ

❖ လူတွေက အဲဒီလို မငွေမြိုင်ကိုစွဲလမ်းကြပေမဲ့ မငွေမြိုင်ဆိုတာက အချောအလှကြီးမဟုတ်ပါဘူး။ မငွေမြိုင်မှာ မွေးရာပါတဲ့ ပင်ကို'ကြာ'ရှိတယ်။ အဲဒီကြာနဲ့ မငွေမြိုင်ခရာပုံကို ယောကျ်ားတွေက စွဲမက်ကြတာပါ။ ဒါပေမဲ့ ငွေမြိုင်ကတော့ ကြာနဲ့စားတဲ့ မင်းသမီးမဟုတ်ပါ။ မငွေမြိုင်ဆိုတာ အငြိမ့်သာကတာ ဇာတ်ခုံပေါ်ကဆင်းတာနဲ့ ကလက်ခြင်းမရှိ ဣန္ဒြေသိက္ခာနဲ့နေတယ်။ ယောကျ်ားတွေနဲ့မရှုပ်ဘူး။ သူကိုယ်တိုင်က သဘင်ပညာသည်တွေ မွေးထုတ်ပေးခဲ့တဲ့ သဘင်မိခင်ကြီးပါ။ ❖

အသဲစွဲသွားပြီး ကြက်သီးမွေးညှင်းထလောက်အောင် ဆိုနိုင်သူပါ။

အကကိုကျတော့ မငွေမြိုင်ဟာ မင်းသားအကရော မင်းသမီးအကပါ ကတတ်တယ်။ ကတဲ့အခါ ခြေဆစ်လက်ဆစ် အလွန်ကျိုးတယ်။ ကကွက်ကျဲတယ်။ အလွန်ဖျတ်လက်တယ်။ ကပြီဆိုရင် ဝိုင်းနေအောင်၊ ဝဲနေအောင်ကတော့ ကြည့်လို့ကောင်းတယ်။ မငွေမြိုင်ဟာ သူနဲ့ကဖို့ မင်းသားတွေ့တာနဲ့ ဘယ်လိုက ဘယ်လိုကဆိုပြီး ကာရန်ကိုပင် အံချပေးနိုင်တဲ့သူပါ။ သူနဲ့တွဲရင် မင်းသားဟာ ကချင်သလို ကလို့မရပါဘူး။ သူနဲ့တွဲကတဲ့မင်းသားတွေဟာ သူ့ဆီက ပညာတွေရသွားခဲ့ကြတဲ့ မင်းသားတွေက ခပ်များများပါ။

မငွေမြိုင်က အကမင်းသားများကိုသာ ပညာပေးနိုင်တာမဟုတ်။ ဦးဗေဒါကလွဲလို့ သူနဲ့တွဲတဲ့ဆိုင်းဆရာတွေကိုရော တိုးတက်မှုရှိအောင်လုပ်ပေးတဲ့ မင်းသမီးပါ။ မငွေမြိုင်က သူဆိုပုံနဲ့တီးပုံလိုက်အောင် ဘယ်လိုတီးရမယ်လို့ ပါးစပ်က တီးပြနိုင်တယ်။ မငွေမြိုင်သီချင်းဆိုတော့လည်း သူ့အသံက ပတ်လုံးပတ်ဆံရဲ့အပြင်ဘက်ကို မယွင်းစေရ၊ ပတ်စာရေစာနဲ့ အံကိုက်တိခနဲနေအောင် ဆိုနိုင်သူပါ။

မငွေမြိုင်ဇာတ်နဲ့ စိန်ဗေဒါဆိုင်းတွဲတဲ့အခါ မငွေမြိုင်ကလည်း အရွယ်ကောင်း၊ စိန်ဗေဒါဆိုင်းကလည်း နာမည်အလွန်ကြီးချိန်ဆိုတော့ ပရိသတ်အတွက်က စွဲမက်စရာတွေချည်းပါပဲ။ အဲဒီအထဲမှာ မငွေမြိုင်နဲ့စိန်ဗေဒါတို့က ပရိသတ်ကို စိတ်ဝင်စားစေဖို့ သူတို့ချင်း အချိတ်အဆက်ပြု၊ နှစ်ပါးသွားချိန်မှာ မငွေမြိုင်က မင်းသားကို ဘေးချိတ်ထား၊ စိန်ဗေဒါနဲ့ နှစ်ပါးသွားသလားထင်ရတဲ့အခါ ပရိသတ်က ပိုစိတ်ဝင်စားကြတာပေါ့နော်။

"ဇာတ်ကရာဝယ် အများလိုက်လို့မေးကြပါတော့၊ ဝါးတစ်ရိုက်နှစ်ရိုက်လောက် ဝေးရမယ်တဲ့၊ မတို့နဲ့ မဆိတ်နဲ့မှာတယ်"

မင်းသားဘိုးလှိုင်နဲ့ မငွေမြိုင်တို့နှစ်ပါးသွားတွဲကရင် အဲဒီလိုကရမယ်လို့ မှာထားတဲ့သူများရှိလေသလား။ ဘယ်သူကများမှာပါလိမ့်မယ်လို့ဆိုပြီး ဘိုးလှိုင်က ရွာစားစိန်ဗေဒါဆီ လှမ်းကြည့်တော့ ပရိသတ်ကြီးက ဝေါကနဲပွဲကျကုန်ကျရော။ မငွေမြိုင်ဇာတ်နဲ့စိန်ဗေဒါဆိုင်းအတွဲညီတော့ မငွေမြိုင်ဇာတ်နဲ့ကရမယ်ဆိုရင် ဦးဗေဒါကြီးက ရောက်ရာအရပ်က အပြေးပြန်လာတာတဲ့။

မငွေမြိုင်က စင်ပေါ်ကနေ သူ့ရည်းစားအကြောင်း သီချင်းဆိုလိုက်ရင် အောက်က ဆိုင်းဝိုင်းထဲက စိန်ဗေဒါကြီးဆိုတာ "ဟားဟားဟား၊ အဲဒါ ငါ့ကိုပြောတာကွ ငါ့ကိုပြောတာ"လို့ ပြောသတဲ့။ တစ်ခါတလေကျတော့လည်း ဆိုင်းတီးရင်းက "ငါ့ကိုလား" လို့ မေးရတာအမောတဲ့။ မင်းသားဘိုးလှိုင်၊ ငွေမြိုင်နဲ့ စိန်ဗေဒါတို့ရဲ့အချိတ်အဆက်တွေဟာ အံဝင်ခွင်ကျတာမို့ ပရိသတ်ကတော့ သိပ်ကြိုက်ခဲ့ဖူးကြသတဲ့လေ။

လေဘာတီမမြရင်တို့၊ ကောလိပ်မြိုင်တို့၊ ဩဘာသောင်းတို့လည်း ပရိသတ်စွဲလမ်းအောင် ကခဲ့၊ ဆိုခဲ့ကြတာပါပဲ။ ဩဘာသောင်းက စန်းကောင်းတယ်။ မြခြေကျင်းမငွေမြိုင်တို့က အမူအခွဲမှာတော့ ဘယ်မင်းသမီးမှ လိုက်မမီတဲ့သူပါ။ တစ်ခေတ်တစ်ခါက မြခြေကျင်းမငွေမြိုင်ကို အရူးအမူးစွဲခဲ့ကြတဲ့ ကာလသားတွေက သက်သေပါပဲ။ တကယ်ကို အမူအခွဲမှာ အခြားဘယ်မင်းသမီးတွေမှ လိုက်လို့မမီနိုင်ပါတဲ့ ပါရမီရှင်ပါပဲ။

**ကိုးကား**

**- လူထုဒေါ်အမာ၏ ပြည်သူချစ်သော အနုပညာသည်များ**

# ဂျာမနီနိုင်ငံရှိ ရိုင်းမြစ်ဝှမ်းတွင် ရေပမာဏကျဆင်းမှုကြောင့် ကုန်တင်သင်္ဘောများဖြတ်သန်းမှုကို ယာယီတားမြစ်



**ဘာလင် စက်တင်ဘာ ၃**

ဂျာမနီနိုင်ငံ ရေကြောင်းကုန်သွယ်ရေးအတွက် အဓိကကျသည့် ရိုင်းမြစ်ဝှမ်းတွင် ရာသီဥတု ဖောက်ပြန်မှုကြောင့် ရေပမာဏ သိသိသာသာ ကျဆင်းလာခဲ့ပြီးနောက် ကုန်တင်သင်္ဘောများ ဖြတ်သန်းရန် ခက်ခဲနေသည့်အတွက် ကုန်တင်သင်္ဘောများဖြတ်သန်းသွားလာခွင့်ကို ယာယီတားမြစ်လိုက်ကြောင်း ဂျာမနီရေကြောင်း အာဏာပိုင်အဖွဲ့အစည်းကထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရိုင်းမြစ်ဝှမ်းကို အားထားနေရသည့်ဒေသများမှာ ဒူဘက်ဒေသနှင့် ကိုလုံးဒေသတို့ဖြစ်ပြီး ၎င်းဒေသများရှိ ဆိပ်ကမ်းများသည် ရိုင်းမြစ်ဝှမ်းမှတစ်ဆင့် ရေကြောင်းကုန်သွယ်မှုကို ဆောင်ရွက်နေရကြောင်း၊ မြစ်ရေကျဆင်းမှုကြောင့် သင်္ဘောများဖြတ်သန်းသွားလာခွင့်မပြုထားသည့်အခြေအနေကြောင့် ကုန်စည်လည်ပတ်စီးဆင်းမှုကို အခက်အခဲဖြစ်စေပြီး မိုးရွာသွန်းမှု ဖြစ်ပေါ်လာမှသာ ကုန်တင်သင်္ဘောများ ဖြတ်သန်းခွင့်ပြုနိုင်တော့မည့် အခြေအနေဖြစ်ကြောင်း သိရသည်။

ဂျာမနီနိုင်ငံတွင် ကောက်ပဲသီးနှံများ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ ကျောက်မီးသွေးများ၊ ဓာတုပစ္စည်းများ၊ ရေနံများနှင့် အခြားသော သဘာဝတွင်းထွက်ပစ္စည်းများကို ပြည်တွင်း၊ ပြည်ပပို့ဆောင်ရာတွင် ရိုင်းမြစ်ဝှမ်းကိုသာ အဓိကအားထားနေရသည်။

ရိုင်းမြစ်ဝှမ်းသည် ရေကြောင်းကုန်သွယ်မှုအတွက် အဓိကကျသည့် မြစ်တစ်စင်းဖြစ်သော်လည်း ရာသီဥတု ဖောက်ပြန်မှုကြောင့် မလိုလားအပ်သော ဆုံးရှုံးမှုမျိုး မဖြစ်ပေါ်စေရေးအတွက် ရိုင်းမြစ်ဝှမ်းအတွင်း ရေကြောင်းကုန်သွယ်မှုကို အချိန်ကာလတစ်ခုထိ မဖြစ်မနေ ယာယီရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း ဂျာမနီရေကြောင်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ဖိလစ်ပိုင်တွင် ရာဂီအပူပိုင်းဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် သေဆုံးသူ ၁၄ ဦးထိရှိလာ

**မနီလာ စက်တင်ဘာ ၃**

ဖိလစ်ပိုင်နိုင်ငံ၌ စက်တင်ဘာ ၂ရက်က ရာဂီအပူပိုင်းဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ရေကြီးခြင်းနှင့် မြေပြိုခြင်းများဖြစ်ပွားခဲ့ရာ သေဆုံးသူ ၁၄ ဦးထိ ရှိလာပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ရာဂီအပူပိုင်းဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖိလစ်ပိုင်နိုင်ငံ၏မြို့တော် မနီလာနှင့် အနီးအနားပြည်နယ်များရှိလမ်းများ၊လူနေအဆောက်အအုံများနှင့် နေအိမ်များ ရေလွှမ်းမိုးခဲ့ပြီး အစိုးရအလုပ်နှင့် ကျောင်းများကို ယာယီပိတ်ခဲ့ရကြောင်း၊ မုန်တိုင်းတိုက်ခတ်စဉ်လေတိုက်နှုန်းသည် တစ်နာရီလျှင် ၁၀၅ ကီလိုမီတာနှုန်းထိ တိုက်ခတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံ၏ အကြီးဆုံးနှင့် နေထိုင်သူလူဦးရေအများဆုံးကျွန်းဖြစ်သော လူဇွန်ကျွန်း၏အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနေကြောင်း သဘာဝဘေးအန္တရာယ်အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



ဖိလစ်ပိုင်နိုင်ငံတွင် တိုက်ခတ်နေသော ရာဂီမုန်တိုင်းသည် ယခုနှစ်အတွင်း ဝင်ရောက်တိုက်ခတ်သော ငါးကြိမ်မြောက်မုန်တိုင်းဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံတွင် နှစ်စဉ်နှစ်တိုင်း ပျမ်းမျှအားဖြင့် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းအကြိမ် ၂၀ ဝင်ရောက်တိုက်ခတ်လေ့ရှိကြောင်း သိရသည်။

Ref : Xinhua News

Trs : KZ

# မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် အမေဇုန်မြစ်ရေ ကျဆင်းလာသဖြင့် ရေကြောင်းသွားလာရေးများတွင် အခက်အခဲများဖြစ်ပေါ်နေ

**ဘရာဇီးလီးယား စက်တင်ဘာ ၃**

ယခုနှစ်အတွင်း မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် အမေဇုန်မြစ်ရေ ကျဆင်းလာသဖြင့် ရေကြောင်း သွားလာရေးများတွင် အခက်အခဲများ ဖြစ်ပေါ်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

အမေဇုန်ဒေသတွင် ယခင်နှစ်က မိုးခေါင်မှုနှင့် ပုံမှန်ထက် မိုးရွာသွန်းမှု လျော့နည်းခြင်းကြောင့် မြစ်ရေများ လျင်မြန်စွာကျဆင်းသွားကာသယ်ယူပို့ဆောင်ရေးကုန်တင်သင်္ဘောများနှင့် မြစ်ကြောင်းပို့ဆောင်ရေးအပေါ် မှီခိုနေသူများ၏ ရေကြောင်းသွားလာရေးများတွင် အခက်အခဲများဖြစ်ပေါ်နေကြောင်း၊ အမေဇုန်ပင်မမြစ်၏ ရေများသည် ဇွန်လကတည်းကစတင် ကျဆင်းလာခြင်းဖြစ်ကြောင်း၊ ထိုသို့ အမေဇုန်မြစ်ရေ ကျဆင်းခြင်းကြောင့် ၎င်းနှင့်ဆက်စပ်နေသော မြစ်များအပြင် မြစ်လက်တက် အားလုံးတွင်လည်း ရေပမာဏ ကျဆင်းလျက်ရှိကြောင်း ဘရာဇီး ဘူမိဗေဒဝန်ဆောင်မှု (SGB)က ထုတ်ပြန်ထားသည်။

အမေဇုန်မြစ်နှင့် ဆက်စပ်နေသော ရီယိုနီဂရိုးမြစ်နှင့် မဒီးရမြစ်တွင်လည်း မြစ်ရေကျဆင်းမှုကြောင့် ရေယာဉ်ငယ်များကိုသာ ဖြတ်သန်းခွင့် ပေးနိုင်တော့သည့်အတွက် မြစ်၏ အရေးကြီးသော နေရာများတွင် သောင်တူးခြင်းကို စတင်နေပြီဖြစ်ကြောင်း၊ ယခုအခါ ဘရာဇီးနိုင်ငံ အမေဇုန်မြစ်နှင့် ဆက်စပ်နေသော မြစ်များတွင် မြစ်ရေမျက်နှာပြင် ကျဆင်းနေခြင်းကြောင့် သောင်တူးခြင်း လုပ်ငန်းကိုဆောက်လုပ်ရေးကုမ္ပဏီကြီးများနှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်လျက်ရှိကြောင်း အစိုးရ၏ သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံဌာန (DNIT) ၏ ထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၃ခုနှစ်က မိုးခေါင်ရေရှားပြီးနောက် အမေဇုန်မြစ်ရှိ ဆိပ်ကမ်းတချို့တွင် သင်္ဘောများသွားလာမှုကို တားမြစ်ခံခဲ့ရကြောင်း၊ ယခုနှစ် မြစ်ရေကျဆင်းမှုသည် ပိုမိုဆိုးရွားလာနိုင်သည့် အလားအလာရှိကြောင်း SGB မှ အကြံပေးပညာရှင် ARGUS က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# အာဖရိကတိုက်ရှိ နိုင်ငံများတွင် အပူချိန်မြင့်မားလာခြင်းကြောင့် ကုန်ကျစရိတ်မြင့်တက်မှုနှင့် ရင်ဆိုင်နေရ

**ဂျနီဗာ စက်တင်ဘာ ၃**

အာဖရိကတိုက်ရှိ နိုင်ငံများတွင်အပူချိန်မြင့်မားလာခြင်းကြောင့် ကုန်ကျစရိတ် မြင့်တက်မှုများနှင့် ရင်ဆိုင်နေရကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့(WMO)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အာဖရိကတိုက်ရှိ နိုင်ငံများသည် ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ပိုမိုပြင်းထန်စွာရင်ဆိုင်နေရပြီး အဆိုပါ နိုင်ငံအများအပြားသည် ရာသီဥတုပြင်းထန်မှုကို တိုက်ဖျက်ရန် နိုင်ငံဘတ်ဂျက်စုစုပေါင်း၏ ကိုးရာခိုင်နှုန်းထိ သုံးစွဲနေရသည်ဟု WMOက ထုတ်ပြန်ခဲ့ကြောင်း၊ အခြားသောတိုက်ကြီးများနှင့်နှိုင်းယှဉ်လျှင် အာဖရိကတိုက်သည် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ပိုမိုများပြားကြောင်း၊ ထို့ကြောင့် အာဖရိကတိုက်၏ အပူချိန်သည် ပိုမိုလျင်မြန်စွာ မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ အာဖရိကနိုင်ငံများသည် အပူလှိုင်းများ၊ မိုးသည်းထန်စွာရွာသွန်းမှု၊ ရေကြီးမှု၊ ဆိုင်ကလုန်းမုန်တိုင်းများနှင့် ကာလရှည်မိုးခေါင်မှုတို့ကြောင့် လူအသေအပျောက်များသည်ထိ ဖြစ်လာကာ ပျမ်းမျှ ပြည်တွင်းထုတ်ကုန်စုစုပေါင်း၏ နှစ်ရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းထိ ပျက်စီးဆုံးရှုံးနေကြရကြောင်း WMO ၏ အာဖရိကရာသီဥတုအခြေအနေ ၂၀၂၃ ခုနှစ် အစီရင်ခံစာတွင် ဖော်ပြထားသည်။

အာဖရိကနိုင်ငံပေါင်း ၅၄ နိုင်ငံရှိပြီး မကြာသေးမီနှစ်များအတွင်း ရာသီဥတုလျော့ပါးရေးနှင့် လိုက်လျောညီထွေမှုဆိုင်ရာ စီမံကိန်းများအတွက် နှစ်စဉ်ကမ္ဘာ့ရာသီဥတုဆိုင်ရာ ငွေကြေးပံ့ပိုးမှု ရန်ပုံငွေများသည် နည်းပါးသေးကြောင်း အစိုးရတာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

Ref : Russia Today

Trs : KZ

# ဗြိတိန်၏ မျိုးသုဉ်းလုနီးပါးစာရင်းတွင် ပင်လယ်ငှက်မျိုးစိတ်ငါးမျိုးကို ထပ်မံထည့်သွင်းခဲ့

**လန်ဒန် စက်တင်ဘာ ၃**

ဗြိတိန်နိုင်ငံ၏ မျိုးသုဉ်းလုနီးပါးမျိုးစိတ်စာရင်းတွင် ပင်လယ်ငှက်မျိုးစိတ်ငါးမျိုးကို ထပ်မံထည့်သွင်းခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဇီဝမျိုးစုံမျိုးကွဲ ငှက်မျိုးစိတ်များကို ထိန်းသိမ်းစောင့်ရှောက်ရန် ဆိုသောရည်ရွယ်ချက်ဖြင့် ဗြိတိန်နိုင်ငံသည် ၎င်း၏မျိုးသုဉ်းလုနီးပါး မျိုးစိတ်စာရင်းတွင် ပင်လယ်ငှက်မျိုးစိတ်ငါးမျိုးကို ထပ်မံထည့်သွင်းခဲ့ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံ၏ ကမ်းရိုးတန်းကမ်းပါးများပေါ်တွင် အသိုက်အမြုံများပြုလုပ်နေထိုင်ကျက်စားသော ပင်လယ်ငှက်များသည် ယခုအခါ အခြားသောကုန်းနေသတ္တဝါများ၏ နယ်မြေချဲ့ထွင်မှုများနှင့် ရာသီဥတုဖောက်ပြန်မှုများကြောင့် အစာရေစာရှားပါးမှုများနှင့်ရင်ဆိုင်ရပြီး ကောင်ရေများတဖြည်းဖြည်းကျဆင်းလာကြောင်း သိရသည်။

သားငှက်များကာကွယ်စောင့်ရှောက်ရေးအဖွဲ့အစည်း (RSPB)၏အစီရင်ခံစာတွင် မျိုးသုဉ်းရှားပါးလုနီးပါးအခြေအနေဆိုးကို ဖြေရှင်းရန်အတွက် အစိုးရကိုတောင်းဆိုထားပြီး ပင်လယ်ငှက်များသည် ရာသီဥတုပြောင်းလဲမှု၊ အလွန်အကျွံငါးဖမ်းခြင်းအလေ့အထများ၊ ကမ်းလွန်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဖွံ့ဖြိုးတိုးတက်မှုနှင့် နေထိုင်ရာဒေသများ ဆုံးရှုံးခြင်းများကြောင့်သေကျေပျက်စီးကာ မျိုးသုဉ်းလုနီးပါး အခြေအနေနှင့်ရင်ဆိုင်နေကြရကြောင်း ဖော်ပြထားသည်။

Seabirds Count ၏ ၂၀၂၂ ခုနှစ်က ကောက်ယူထားသော စစ်တမ်းများအရ နှစ်ပေါင်း ၂၀ အတွင်း ဗြိတိန်တွင်ကျက်စားသော ပင်လယ်ငှက် မျိုးစိတ်များသည် ၆၂ ရာခိုင်နှုန်းထိ ကျဆင်းလာကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ကမ္ဘာပေါ်ရှိ ရှားပါးတိရစ္ဆာန်များအကြောင်း အပိုင်း (၅)

ခိုင်ဇင်

ရှားပါးမျိုးစိတ်တွေကို မျိုးသုဉ်းစေရေးအတွက် နိုင်ငံတကာက အစိုးရတွေ၊ ပရဟိတအဖွဲ့တွေနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တရားဝင်အဖွဲ့အစည်းတွေက မျိုးသုဉ်းလုနီးပါး ရှားပါးမျိုးစိတ် ထိန်းသိမ်းစောင့်ရှောက်မှုတွေကို ပြုလုပ်လာကြပါတယ်။ ရှားပါးမျိုးစိတ်ဆိုတာ အလွန်ရှားပါးကာ တွေ့ရခဲတဲ့ တိရစ္ဆာန်မျိုးစိတ်တွေဖြစ်ပြီး အဲဒီတိရစ္ဆာန်တွေဟာ တဖြည်းဖြည်းနဲ့ ရှားပါးကာ ပျောက်ကွယ်လုနီးပါးဖြစ်နေတာကြောင့် မျိုးသုဉ်းလုနီးပါး ခြိမ်းခြောက်ခံ သတ္တဝါစာရင်းထဲမှာ စာရင်းသွင်းပြီး ဥပဒေတွေ၊ စောင့်ကြပ်မှုတွေနဲ့ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေကြရတာဖြစ်ပါတယ်။ ဒါပေမဲ့လဲ တချို့မျိုးစိတ်တွေကတော့ မျိုးသုဉ်းလုနီးပါးစာရင်းထဲကို သွင်းထားပေမဲ့ စောင့်ရှောက်မခံရတဲ့အတွက် မျိုးသုဉ်းပျောက်ကွယ်သွားကြပါတယ်။

**တောင်ပေါ်ဂေါ်ရီးလားမျောက်ဝံ**



ဂေါ်ရီးလားမျောက်ဝံတို့ဟာ အာဖရိကတိုက် အနောက်ပိုင်းရှိ တောနက်ရာဒေသတွေမှာ နေထိုင်ကြပါတယ်။ ဂေါ်ရီးလားတွေဟာ လူတွေနဲ့အတူဆုံး မျောက်ဝံမျိုးစိတ်ဖြစ်ပါတယ်။ မျောက်ဝံမျိုးစိတ်တွေအားလုံးထဲမှာ ဂေါ်ရီးလားမျောက်ဝံတွေဟာ အရွယ်အစားအနေနဲ့ အကြီးဆုံးအကောင်တွေဖြစ်ပါတယ်။ ၎င်းမျောက်ဝံမျိုးစိတ်ဟာ ရှားလည်းအရှားပါးဆုံးဖြစ်ပါတယ်။ ဂေါ်ရီးလားမျောက်ဝံတွေမှာ အမြီးမရှိပါဘူး။ ခြေနှစ်ချောင်း၊ လက်နှစ်ဖက်ရှိပြီး မတ်တတ်ရပ်ပြီး လူလိုဘဲသွားလာလှုပ်ရှားကြပါတယ်။ ကွန်ဂိုနိုင်ငံ၊ ရဝမ်ဒါနိုင်ငံနဲ့ ယူဂန်ဒါနိုင်ငံတို့ရဲ့ တောင်တန်းဒေသတွေပေါ်မှာ နေထိုင်ကျက်စားတဲ့ ဂေါ်ရီးလား မျောက်ဝံမျိုးစိတ်တွေဟာ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၊ နေထိုင်ရာမျိုးရင်းဒေသတွေပျောက်ဆုံးမှုနဲ့ လူသားတို့ရဲ့ အမဲလိုက်မှုတွေကြောင့် ရှားပါးကာ မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်လာပါတယ်။ ဒါကြောင့် ဂေါ်ရီးလားမျောက်ဝံတွေကို မကြာသေးမီက ထိန်းသိမ်းနိုင်ရေးကြိုးပမ်းမှုတွေကြောင့် မျောက်ဝံကောင်ရေအနည်းငယ်တိုးလာခဲ့တယ်လို့ World Wildlife Fund (WWF) ရဲ့စစ်တမ်းတွေအရ သိရပါတယ်။ ၂၀၁၀ ပြည့်နှစ်မှာ ဂေါ်ရီးလားမျောက်ဝံကောင်ရေ ၁၂၄ တိုးလာခဲ့တာကြောင့် အခုလက်ရှိမှာ မျောက်ဝံကောင်ရေဟာ စုစုပေါင်း ၁၀၀၀ ကျော်ထိရှိလာပါတယ်။

**မလေးကျား**



မလေးကျားဟာ ထိုင်းနိုင်ငံ မလေးကျွန်းဆွယ်ရဲ့ တောင်ပိုင်းနဲ့ အလယ်ပိုင်းဒေသတွေမှာ နေထိုင်ကျက်စားတဲ့ ကျားမျိုးစိတ်ဖြစ်ပါတယ်။ ၎င်းကျားတွေက ရာသီဥတုအကျပ်အတည်းနဲ့ အလွန်အကျွံအမဲလိုက်မှုတွေကြောင့် ရှားပါးလာကာ မျိုးသုဉ်းလုနီးပါးခြိမ်းခြောက်ခံ တိရစ္ဆာန်တွေထဲမှာ ပါလာပါတယ်။ မလေးကျားအကောင်ရေဟာ ၂၀၁၄ခုနှစ် ဧပြီလကစပြီး အတော်လေးကျဆင်းလာပါတယ်။ ကျဆင်းလာတဲ့ကျားကောင်ရေ အရေအတွက်ဟာဆိုရင် ခန့်မှန်းခြေအနေနဲ့ အကောင်ရေ ၈၀ ကနေ ၁၂၀ ထိ ကျဆင်းလာခဲ့ပါတယ်။ မလေးကျားကို တောင်ပိုင်း အင်ဒိုချိုင်းနားကျားအဖြစ်လဲ လူသိများပါတယ်။ ထိုင်းနိုင်ငံတောင်ပိုင်းရှိ မလေးကျွန်းဆွယ်တွင် နေထိုင်ကျက်စားတဲ့ အဆိုပါကျားမျိုးစိတ်တွေဟာ အတော်လေးရှားပါးလာပြီး မလေးကျွန်းဆွယ်တစ်နေရာတည်းမှာသာတွေ့ရှိရပြီး ကျားကောင်ရေ ၂၀၀ ခန့်သာ ကျန်ရှိတော့ပါတယ်။ အဲဒီလိုဖြစ်ရတာဟာ အချို့သောဆေးဝါးတွေမှာ ရှေးရိုး အစဉ်အလာအရကျားရိုးတွေကို ဆေးဖော်စပ်ရာမှာအသုံးပြုခဲ့တာကြောင့် ကျားတွေကို အလွန်အကျွံအမဲလိုက်မှုတွေဖြစ်လာပြီး အခုလိုရှားပါးမျိုးသုဉ်းလုနီးပါးဖြစ်လာတာဖြစ်ပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံက မကြာသေးမီက ကျားရဲ့ အစိတ်အပိုင်းတွေအသုံးပြုမှုနဲ့ပက်သက်ပြီး တားမြစ်ချက်တွေ ချမှတ်ခဲ့တာဖြစ်ပါတယ်။ World Wildlife Fund (WWF) ကလဲ ကျားတွေအခုလိုရှားပါးလာတာဟာ တောရိုင်းတိရိစ္ဆာန်ထိန်းသိမ်းရေးအတွက် ကြီးမားတဲ့ဆုတ်ယုတ်မှုဖြစ်ကြောင်း ဆိုထားပါတယ်။ အခုအခါမှာ မလေးကျားတွေကို ထိန်းသိမ်း ကာကွယ်ဖို့အတွက် World Wildlife Fund (WWF) က ကြိုးပမ်းအားထုတ်နေပြီး ရလဒ်ကောင်းတွေရရှိလာဖို့ကိုလဲ မျှော်မှန်းထားတယ်လို့ သိရပါတယ်။

**အာဖရိကတောခွေး**



အာဖရိကတောခွေးဟာ အာဖရိကတိုက်ရဲ့သဲကန္တာရနဲ့ မြက်ခင်းပြင်တွေမှာ ကျက်စားနေထိုင်တဲ့ တောခွေးမျိုးစိတ်ဖြစ်ပါတယ်။ အာဖရိကတောခွေးတွေဟာ ၎င်းတို့အန္တရာယ်ကျရောက်တဲ့အခါ အလွန်လျင်လျင်မြန်မြန်အန္တရာယ်ကို ရှောင်ရှားနိုင်ပြီး သွားလာကျက်စားကြတဲ့တောခွေးမျိုးစိတ်တွေပဲဖြစ်ပါတယ်။ အလွန်လျင်မြန်တဲ့ တောခွေးဖြစ်ပေမဲ့ အလွန်အကျွံအမဲလိုက်ခံရမှုတွေကြောင့် အခုအခါမှာ ကောင်ရေ ၃၀၀၀ ခန့်သာ ကျန်ရှိတော့တယ်လို့ အာဖရိကတောရိုင်းတိရစ္ဆာန်စောင့်ရှောက်သူတွေရဲ့ စစ်တမ်းတွေအရသိရပါတယ်။ မလေးကျားတွေလို အာဖရိတောခွေးမျိုးစိတ်တွေဟာ လူသားတို့ရဲ့ အလွန်အကျွံအမဲလိုက်မှုနဲ့ ရာသီဥတုအကျပ်အတည်းတွေကြောင့် အစာရေစာတွေရှားပါးပြီး နေထိုင်ရာဒေသတွေ ပျောက်ဆုံးမှုတို့နဲ့ ရင်ဆိုင်ရမှုတွေကြောင့် အကောင်ရေတွေကျဆင်းကာ မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိလာပါတယ်။ ဒ့ါပြင် အာဖရိကတောခွေးတွေမှာ ခွေးရူးပြန်ရောဂါလို ပြင်းထန်ရောဂါတွေဖြစ်ပွားမှုတွေကြောင့် သေကျေပျက်စီးမှုတွေဖြစ်ပေါ်ကာ အကောင်ရေတွေတဖြည်းဖြည်းကျဆင်းလာပါတယ်။ မျိုးသုဉ်းလုနီးပါးခြိမ်းခြောက်ခံစာရင်းထဲမှာ ဖော်ပြခဲ့ပြီး နောက်မှာတော့ အာဖရိကတောခွေးတွေကို ကာကွယ်ထိန်းသိမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုတွေ ပြုလုပ်လာတာကိုလဲ တွေ့လာရပါတယ်။

**ခြေချောင်းအနက်ရောင်မြွေပါကတိုးဖြူ**



ခြေချောင်းအနက်ရောင်မြွေပါကတိုးဖြူဟာ အသားစားနို့တိုက်သတ္တဝါဖြစ်ပါတယ်။ ခြေချောင်းအနက်ရောင်မြွေပါကတိုးဖြူဟာ ပိုးကောင်တွေ၊ ခြင်၊ ယင်နဲ့ အင်းဆက်တွေကို စားသုံးကြပါတယ်။ အမေရိကန်နိုင်ငံအခြေစိုက် Fish and Wildlife Service ရဲ့ ၂၀၁၉ ခုနှစ်က ကောက်ယူထားတဲ့ အချက်အလက်တွေအရ ၎င်းမြွေပါကတိုးဖြူတွေဟာ အမေရိကတိုက်မှာ ပေါက်ဖွားနေထိုင်ကျက်စားတဲ့တစ်ခုတည်းသော မြွေပါကတိုးဖြူမျိုးစိတ်ဖြစ်ပါတယ်။ အစာရေစာရှားပါးကာ ရာသီဥတုအပြောင်းအလဲတွေကြောင့် လုံးဝမျိုးသုဉ်းလုနီးပါးထိဖြစ်သွားခဲ့ပြီးနောက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုတွေကြောင့် အခုအခါ အမေရိကန်နိုင်ငံရဲ့ မြောက်ဘက်လွင်ပြင်တွေမှာ ခြေချောင်းအနက်ရောင်မြွေပါကတိုးဖြူတွေ ပြန်လည်နေထိုင်ကျက်စားလာကြတာဖြစ်ပါတယ်။ ခြေချောင်းအနက်ရောင် မြွေပါကတိုးဖြူ အရေအတွက်ကို စစ်တမ်းကောက်ယူကြည့်ရာ အကောင်ရေ ၃၅၀ ဝန်းကျင်သာကျန်တော့တယ်လို့ သိရပါတယ်။ ၎င်းမြွေပါကတိုးဖြူတွေဟာ ၎င်းတို့ရဲ့ မွေးရပ်မြေဖြစ်တဲ့ မြောက်အမေရိကတိုက်မှာသာနေထိုင်ကျက်စားပြီး ရာသီဥတုအကျပ်အတည်းတွေကြောင့် မြွေပါကတိုးဖြူတွေနေထိုင်ရာဒေသရင်းတွေဟာ အလျင်အမြန်ဆုံးရှုံးနေတာဖြစ်ပါတယ်။ ဒါကြောင့် အမေရိကတိုက်အနေနဲ့ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှုတွေ ပြုလုပ်လာတာဖြစ်ပါတယ်။ ခြေချောင်းအနက်ရောင်မြွေပါကတိုးဖြူဟာ အမေရိကတိုက်ရဲ့ သဘာဝအလှတရားတွေကို ပိုမိုလှပလာစေမဲ့ သတ္တဝါလေးတွေပဲဖြစ်ပါတယ်။

**ဆူးတောင်ပြာတူနာငါး**



ဆူးတောင်ပြာတူနာငါးတွေဟာ တူနာငါးမျိုးစိတ်တွေထဲမှာ အရွယ်အစားအကြီးဆုံးတူနာငါးတွေပဲဖြစ်ပါတယ်။ ဆူးတောင်ပြာတူနာငါးတွေဟာ သက်တမ်းအနေနဲ့အနှစ်ပေါင်း ၄၀ ထိ အသက်ရှင် နေထိုင်နိုင်ကြပါတယ်။ ၎င်းတူနာငါးတွေဟာ သမုဒ္ဒရာအောက် ပေ ၃၀၀၀ ထက်နက်တဲ့ ရေပိုင်နက်မှာကျက်စားနေထိုင်ပါတယ်။ ဆူးတောင်ပြာတူနာငါးတွေရဲ့ ခန္ဓာကိုယ်ဖွဲ့စည်းပုံက ရေအောက်တော်ပီဒိုတွေလို ဖွဲ့စည်းတည်ဆောက်ထားတာကြောင့် သမုဒ္ဒရာအနက်ထဲမှာ အရှိန်အဟုန်နဲ့ကူးခတ်သွားလာနိုင်ပါတယ်။ ၎င်းတို့ရဲ့ မျက်လုံးတွေဟာ အနီရောင်ဖြစ်ပါတယ်။ ဆူးတောင်ပြာတူနာငါး မျိုးစိတ်သုံးမျိုးရှိပြီး ၎င်းတို့ကို နေထိုင်ကျက်စားရာပင်လယ်သမုဒ္ဒရာကိုလိုက်ပြီး အမျိုးအစားခွဲခြားထားပါတယ်။ ၎င်းတူနာငါးမျိုးစိတ်တွေကတော့ အတ္တလန္တိတ်ဆူးတောင်ပြာတူနာငါး (အရွယ်အစားအကြီးဆုံးဖြစ်ပြီး မျိုးသုဉ်းပျောက် ကွယ်လုနီးပါးဖြစ်နေ)၊ ပစိဖိတ်တောင်ပိုင်းတွင် ကျက်စားတဲ့ ဆူးတောင်ပြာတူနာငါးနဲ့ မြေထဲပင်လယ်မှာနေထိုင်ကျက်စားတဲ့ဆူးတောင်ပြာတူနာငါးတို့ဖြစ်ပါတယ်။ ဆူးတောင်ပြာတူနာငါးတွေရှားပါးလာရတဲ့ အဓိကအကြောင်းကတော့ အလွန်အကျွံ ငါးဖမ်းတာတွေကြောင့်ဖြစ်ပါတယ်။ ဆူးတောင်ပြာတူနာငါးဟာ အရသာကောင်းမွန်တာမို့လို့ သူ့ကို အာရှတိုက်မှာ ဆူရှီနဲ့ပက်သက်ပြီး အသုံးပြုတာတွေကြောင့် မျိုးသုဉ်းလုနီးပါးအခြေအနေအထိရောက်ခဲ့ပါတယ်။ အခုအခါမှာတော့ ဆူးတောင်ပြာတူနာငါးတွေကို ထိန်းသိမ်းကာကွယ်ဖို့အတွက် စည်းမျဉ်းစည်းကမ်းတွေနဲ့ ကန့်သတ်ပြီး အကန့်အသတ်နဲ့သာဖမ်းဆီးခွင့်ပြုတော့ကြောင်း သိရပါတယ်။

**ကိုးကား**

- The Most Endangered Animals in the World
- The rare animals around the world







## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မင်းစံရပ်ကွက်နေ ဦးသက်ဦးမောင် ၏သား **မောင်ဝသန်ဦး** (၉/မဟမ(နိုင်)၀၃၀၇၉၃) သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးသက်ဦးမောင် (၉/မရတ(နိုင်)၀၅၁၉၄၉)

### ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်နေ မခိုင်မာလာကျော် (ဘ) ဦးဝင်းဦး (၅/ယမပ(နိုင်)၁၂၃၉၈၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-945119) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၉၄၀၉၂၈၅၉၁

## သင့်သွေးဖြင့် အသက်ကယ်ပါ

## အမည်မှန်

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မြန်မာပညာအကယ်ဒမီကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-2 တွင် ပညာသင်ကြားနေသော (ဘ) ဦးပြည့်ဖြိုးလွင် ၏သမီး မယွန်းပြည့်သံသာ ၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မယုလင်းသုန် ဖြစ်ပါကြောင်း။

မယုလင်းသုန်

## မိခင်အမည်မှန်

စဉ့်ကိုင်မြို့နယ်၊ အလက(ခွဲ)ကန်ကြီး၊ Grade-9 တွင် ပညာသင်ကြားနေသော မောင်ညဏ်လင်းထက် ၏မိခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဒေါ်နေနွယ်ဦး ဖြစ်ပါကြောင်း။

ဒေါ်နေနွယ်ဦး (၉/စကတ(နိုင်)၁၂၀၂၁၃)

## ဖခင်အမည်မှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၁၀)၊ အခြေခံပညာမူလတန်းကျောင်း၊ Grade-3(A)တွင် ပညာသင်ကြားနေသော မမြတ်သောဖြူ ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုးမင်းထွန်း ဖြစ်ပါကြောင်း။

ဦးစိုးမင်းထွန်း(၉/ခမစ(နိုင်)၀၂၇၄၅၁)

### ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ နယ်မြေ(၂)၊ ရပ်ကွက်(၇)နေ မောင်ထွန်းအောင် (ဘ) ကြူစီချန် (၁၃/လရန(နိုင်)၁၉၀၃၃၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉- ၇၇၅၃၈၆၆၂၉

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ အထက(စဉ့်ကိုင်)ကျောင်းတွင် ပညာသင်ကြားနေသော Grade-12 (C) မှ မဝင်းပပ နှင့် Grade-7(D) မှ မပြည့်ပြည့် တို့၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဆယ်ယဉ် ဖြစ်ပါကြောင်း။ ဦးဆယ်ယဉ်(၉/စကတ(နိုင်)၀၈၈၆၈၃)

## ဖခင်အမည်မှန်

မန္တလေး၊ အမရပူရမြို့နယ်၊ အထက(၂)၊ Grade-11(A) တွင် ပညာသင်ကြားနေသော မကြယ်စင်ထွန်း ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်ထွန်းလေး ဖြစ်ပါကြောင်း။

ဦးအောင်ထွန်းလေး(၉/အမရ(နိုင်)၁၀၉၁၉၅)




## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ်ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲဖော့အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေးကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည့်မလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသောခြံများအတွင်း စနစ်တကျမွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားထားရန်၊

(၈) တိရစ္ဆာန်များကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

**❖ လက်ရှိ နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို အဘက်ဘက်က ပျက်ယွင်းအောင် လုပ်ဆောင်နေသော အဖျက်လုပ်ငန်းများကို ကာကွယ်လျက်ရှိသည့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်အဖွဲ့အစည်းများ၏ ရှေ့တန်းကျကျ ရဲဝံ့စွန့်စားစွာ တာဝန်ထမ်းဆောင်မှုများသည် သမိုင်းဝင်လုပ်ရပ်များဖြစ်...**

(တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ပြုလုပ်သော အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၁/၂၀၂၄)တွင် ရှင်းလင်းတင်ပြမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန်လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်လာကြသည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော် စက်တင်ဘာ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများကို တောင်ကြီးမြို့ မြို့တော်ခန်းမ၌တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပိုးရယ်အောင်သိန်း၊ ခွန်စံလွင်၊ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့်ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမျိုးသန့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

